မြန်မာ့အလင်း

အတွဲ (၅၃)
အမှတ် (၁၈၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်

၂၀၁၄ ခုနှစ်၊ မတ် ၃၁ ရက်၊ တနင်္လာနေ့။

ပြည်သူ့စွမ်းအားဖြင့် နိုင်ငံတော်ကို တည်ဆောက်အံ့

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီးတို့က သန်းခေါင်စာရင်းမေးခွန်း ၄၁ ချက် ဖြေကြား

နေပြည်တော် မတ် ၃၀

ယနေ့တွင် မြန်မာနိုင်ငံတစ်ဝန်း၌ ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်ပြီး ဧပြီ ၁၀ ရက်အထိ ၁၂ ရက်ကြာ ဆောင်ရွက်သွားမည်ဖြစ်သည်။ သန်းခေါင်စာရင်းရည်ညွှန်းချိန်အဖြစ် မတ် ၂၉ ရက် ညသန်းခေါင်ယံကို သတ်မှတ်ထားပြီး ထိုအချိန်ရှိ နိုင်ငံလူဦးရေနှင့် အိမ်အကြောင်းအရာကို မှတ်တမ်းတင်မည်ဖြစ်သည်။

ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းမိသားစု၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမြင့် ဦးဆောင်၍ နေပြည်တော်ကောင်စီနယ်မြေ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနမှူး ညွှန်ကြားရေးမှူး ဦးချိုထွန်း၊ ဇမ္ဗူသီရိမြို့နယ် ဦးစီးမှူး ဦးမုံဇာခုပ်၊ စာရင်းကောက် ဒေါ်ဟေမာန်မြတ်တို့ ပါဝင်သည့် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့သည် နိုင်ငံတော်သမ္မတအိမ်တော်၌ လာရောက်၍ သန်းခေါင်စာရင်းကောက်ယူခဲ့ကြသည်။

သန်းခေါင်စာရင်းမေးခွန်း ၄၁ ချက်အား သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က မေးမြန်းဖြည့်စွက်ကြရာ နိုင်ငံတော်သမ္မတနှင့် ဇနီးတို့က ဖြေကြားခဲ့ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ■

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်း လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းအား လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က နိုင်ငံတော်သမ္မတအိမ်တော်၌ သန်းခေါင်စာရင်းကောက်ယူစဉ်။ (သတင်းစဉ်)

သံဖြူဇရပ် မီးရထားပြတိုက်ရှိ ရထားစက်ခေါင်းအား ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း ဆောင်ရွက်နေ

သံဖြူဇရပ် မတ် ၂၉

မွန်ပြည်နယ် သံဖြူဇရပ်မြို့ရှိ မီးရထားပြတိုက်ဝင်းတွင် ပြည်တွင်းပြည်ပ ခရီးသွားပြည်သူများအား ပြသထားရှိသော ဒုတိယကမ္ဘာစစ်ကာလအတွင်း ဂျပန်စစ်တပ်က အသုံးပြုခဲ့သည်ဟု ယူဆရသည့် ကျောက်မီးသွေးလောင်စာသုံး ရေနွေးငွေ့စက်ခေါင်း အမှတ် (C-0522) သည် နှစ်ကာလကြာမြင့်လာခဲ့သည့်အတွက် မီးရထား၏ ကိုယ်ထည်အပိုင်း၊ ဖရိန်အစိတ်အပိုင်းအချို့ လဲလှယ်တပ်ဆင်ခြင်း၊ ရေနွေးငွေ့ပိုက်လိုင်းများ ပြန်လည်တပ်ဆင်ခြင်း၊ မွမ်းမံထိန်းသိမ်းခြင်းနှင့် ဆေးသုတ်ခြင်းလုပ်ငန်းများကို မတ် ၂၃ ရက်မှစတင်၍ အင်းစိန်မီးရထားစက်ခေါင်းပြင်စက်ရုံမှ အလုပ်ရုံစိတ်မှူး ဦးစောသာဌေး ဦးစီးအဖွဲ့က ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (ဝဲပုံ)

သံဖြူဇရပ်မြို့ မီးရထားပြတိုက်တည်ရှိသည့်နေရာသည် ဒုတိယကမ္ဘာစစ်ကာလ ဂျပန်တပ်ဖွဲ့များ သံဖြူဇရပ်ဒေသတွင် ခြေကုပ်ယူ၍ မြန်မာ-ထိုင်း မီးရထားလမ်းကို ဗြိတိသျှမဟာမိတ်စစ်သုံ့ပန်းများနှင့် မြန်မာနိုင်ငံအရပ်ရပ်ရှိ ပြည်သူများကို စာမျက်နှာ ၃ ကော်လံ ၂ ✳

ယနေ့ မာတိကာ

နိုင်ငံရေးအတွေ့အကြုံမရှိသည့် ဆလိုဗက်သူဌေး သမ္မတရွေးကောက်ပွဲနိုင် စာမျက်နှာ » ၄

ဥရုရတနာကျောက်စိမ်းတောင်တံတားကြီး ဖားကန့်၌ မကြာမီဖွင့်တော့မည် စာမျက်နှာ » ၁၁

ရီးရဲမက်ဒရစ် ဆက်တိုက်ရှုံးနိမ့်မှု အဆုံးသတ် စာမျက်နှာ » ၁၄

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပြဋ္ဌာန်း စာမျက်နှာ » ၁၅

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

ရိုင်းပင်းကူညီတတ်ပါစေ

ကျွန်ုပ်တို့လူ့ပတ်ဝန်းကျင်တွင် ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ တစ်စုံတစ်ခုသောအကူအညီသည် တစ်ချိန်မဟုတ်တစ်ချိန် လိုအပ်တတ်ပါသည်။ အကူအညီမလိုသူမရှိပါ။ အကြီးအသေး အတိုင်းအဆ ပမာဏသာ ကွာခြားနိုင်ပါသည်။ လူတိုင်းသည် အကူအညီလိုအပ်ပါသည်။ ပုထုဇဉ်တို့သဘာဝ အခက်အခဲ အကျပ်အတည်းလေးများနှင့် ကြုံတွေ့ရတတ်ပါသည်။ ထိုအခါ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်ကူညီလိုက်ခြင်းဖြင့် အဆင်ပြေသွားတတ်ပါသည်။

သို့သော် လူအများစုမှာ အကူအညီပေးရကောင်းမှန်းမသိကြ၍သော်လည်းကောင်း၊ ရိုင်းပင်းကူညီလိုစိတ် မရှိကြ၍သော်လည်းကောင်း အကူအညီမရသူအများပင်ရှိပါသည်။ "ကိုယ့်ထမင်း ကိုယ်စားပြီး ကြီးတော်နွားမကျောင်းနိုင်ဘူး"ဆိုသူသာ များပါသည်။ လောကတွင် မည်သည့်နေရာတွင်မဆို အပြန်အလှန် အကျိုးသက်ရောက်မှုရှိပါသည်။ ကိုယ်က သူများကိုမကူညီတတ်လျှင် သူများကလည်း ကိုယ့်ကို ကူညီလိမ့်မည်မဟုတ်ပါ။ အပြန်အလှန်ရိုင်းပင်းကူညီစိတ် မွေးကြပါမှ အားလုံးအဆင်ပြေနိုင်မည် ဖြစ်ပါသည်။

ပရဟိတစိတ်ဓာတ်သည် ကူညီရိုင်းပင်းရေးစိတ်ဓာတ်ပင်ဖြစ်သည်။ တစ်ပါးသူထံမှ တစ်စုံတစ်ရာ မျှော်လင့်ထားခြင်းမရှိဘဲ ရိုးသားသန့်ရှင်းသောစိတ်ဓာတ်ဖြင့် ကူညီခြင်းပင်ဖြစ်သည်။ လူတိုင်းလူတိုင်း ပရဟိတစိတ်ဓာတ်မွေးမြူလုပ်ကိုင်ကြမည်ဆိုလျှင် ကူညီရိုင်းပင်းရေးစိတ်ဓာတ်မှာလည်း အစဉ်ရှင်သန်နိုးကြားနေရမည်ဖြစ်ပါသည်။

မြန်မာလူမျိုးတို့သည် တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီတတ်သူများဖြစ်ပါသည်။ ကူညီရိုင်းပင်းတတ်သော အလေ့အကျင့်ကောင်းများကို လူတိုင်းကျင့်ကြံသွားနိုင်ကြမည်ဆိုလျှင် အခက်အခဲ အကျပ်အတည်းများကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့ပတ်ဝန်းကျင်တွင်လည်း ကယ်ပါယူပါတစာစာနှင့် အကူအညီတောင်းခံသူများမရှိသော်လည်း အကူအညီလိုအပ်နေသူအများအပြားရှိပါသည်။ ငွေကြေးပစ္စည်း တစ်စုံတစ်ရာလိုအပ်နေသူများရှိပါသည်။ နှုတ်၏ စောင်မခြင်း၊ ကိုယ်၏ စောင်မခြင်းသည်လည်း ကူညီခြင်းတစ်မျိုးဖြစ်ပါသည်။ မိမိတတ်စွမ်းသရွေ့ အကူအညီလိုအပ်နေသူများကို ကူညီပေးလိုက်ခြင်းဖြင့် အဆင်ပြေသွားနိုင်ပါသည်။ အနိမ့်ဆုံး အကူအညီတောင်းခံလာသူတိုင်းကို နှုတ်အားဖြင့်အကူအညီပေးနိုင်ပါသည်။ သို့ပါသော်လည်း အချို့သောသူများမှာ အကူအညီလိုအပ်၍ တောင်းလာသည့်တိုင် မသိ၊ မရှိ၊ မတတ်နိုင်၊ လုပ်မပေးနိုင်ဟူသော စကားလုံးများနှင့်သာ တုံ့ပြန်တတ်ကြသည်မှာ ဝမ်းနည်းဖွယ်ရာပင်ဖြစ်ပါသည်။ လောကတွင် အတုံ့အလှည့်ဟူသော သဘောတရားသည် နေရာတိုင်း၌ ရှိတတ်စမြဲပါ။ မိမိကတစ်ပါးသူကို ကူညီတတ်မှ တစ်ပါးသူများ၏ အကူအညီရတတ်ပါသည်။ သို့ပါ၍ လူတိုင်းလူတိုင်းအပြန်အလှန်ကူညီရေး ရိုင်းပင်းကူညီရေးစိတ်ဓာတ် မွေးကြရမည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

ပရိုင်းမိတ်နှင့် သဘာဝသမိုင်းပြခန်း အဆင့်မီခင်းကျင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၃၀

အမျိုးသားပြတိုက် (နေပြည်တော်)၌ ပြသမည့် ပရိုင်းမိတ်နှင့် သဘာဝ သမိုင်းပြခန်းကို အဆင့်မီခင်းကျင်းနိုင်ရေးအတွက် မတ် ၂၉ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်(ရန်ကုန်)၌ ညှိနှိုင်းအစည်းအဝေး ကျင်းပရာ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူ တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံအမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဝင်ပညာရှင်များဖြစ်ကြသောဦးကျော်ဝင်း၊ ဒေါက်တာကျော်လတ်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ပါမောက္ခချုပ်နှင့် ပြတိုက်ပညာရှင်များ၊ တက္ကသိုလ်များမှ ဘူမိဗေဒပညာရှင်များ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ မြန်မာနိုင်ငံ ဇီဝသုကာပညာရှင်များ အသင်းနှင့် မြန်မာနိုင်ငံ ပန်းချီ/ပန်းပု အစည်းအရုံး(ဗဟို)မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာသူများက အမျိုးသားပြတိုက်(နေပြည်တော်)၌ ပရိုင်းမိတ်နှင့် သဘာဝသမိုင်းပြခန်းကို အဆင့်မီခင်းကျင်းပြသနိုင်ရေးအတွက် ခင်းကျင်းပြသမှုစနစ်များ၊ ပြသမည့်ပစ္စည်းများ၊ မီးအလင်းပေးမှုစနစ်များ၊ ထိန်းသိမ်းမှုစနစ်များ၊ အသုံးပြုမည့် အထောက်အကူပြုပစ္စည်းများ၊ ပြခန်းအတွင်း အရောင်ရွေးချယ်မှုများစသည့်ပြတိုက်နှင့်သက်ဆိုင်သောအချက်များကို ဆွေးနွေးညှိနှိုင်းကြသည်။ **(သတင်းစဉ်)**

လွယ်ဂျယ်မြို့ လွယ်ဟိုးကိုက်တောင်ပေါ်သို့ ဗုဒ္ဓရုပ်ပွားတော်များပင့်ဆောင်

လွယ်ဂျယ် မတ် ၃၀

ကချင်ပြည်နယ် မိုးမောက်မြို့နယ် လွယ်ဂျယ်မြို့နယ်ခွဲရှိ ရှမ်းဘာသာဖြင့် လွယ်ဟိုးကိုက်တောင်(ခေါ်) ကြက်မောက်တောင် ယခုအခါ(ဘုရားကုန်း)ပေါ်တွင် ကိန်းဝပ်စံပယ်တော်မူသည့် ဗုဒ္ဓရုပ်ပွားတော်အဆူ ၂၀ နှင့် ရဟန္တာရုပ်တုတော် ရှစ်ဆူတို့အား မန္တလေးမြို့မှ ပင့်ဆောင်ခဲ့ပြီး မြို့သူမြို့သားများစုပေါင်း၍ ဝန်ချီစက်ကြီးများ အသုံးပြုကာ ယခုလအတွင်း အောင်မြင်စွာဖြင့် တည်ထားကိုးကွယ်နိုင်ခဲ့ကြသည်။ ကြေးဆင်းတုတော်နှင့် ကြေးခေါင်းလောင်းအပါအဝင် ပူဇော်ရသည့်တန်ဖိုးငွေမှာ ကျပ်သိန်း ၈၀ ကုန်ကျခဲ့ပြီး လွယ်ဂျယ်မြို့သူ မြို့သားများ၊ ခရီးသွားပုဂ္ဂိုလ်များ၊ ဝန်ထမ်းများက စုပေါင်းလှူဒါန်းခဲ့ကြခြင်းဖြစ်သည်။

လွယ်ဂျယ်မြို့နယ်ခွဲ သံဃနာယက ဆရာတော်ဦးကောဝိဒ၊ လွယ်ဟိုးကိုက်တောင် ဘဒ္ဒန္တဝါရိန္ဒဆရာတော်နှင့် သံဃာတော်များ အမှူးပြု၍ လူမှုရေး အသင်းအဖွဲ့နှင့် မြို့သူ မြို့သားများ၊ ရှမ်းမျိုးနွယ်စုခေါင်းဆောင် ဦးမောင်လွယ်၊ နယ်မြေခံတပ်ရင်းမှူး၊ မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး၊ ဌာနဆိုင်ရာအရာထမ်းများနှင့် ဝန်ထမ်းများ တက်ရောက်ခဲ့ပြီး ဗုဒ္ဓရုပ်ပွားတော်ပူဇော်ပွဲကြီးကို ဓမ္မတေးသံများ၊ အလှူပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

ရင်ငြိမ်းပန်း

ထင်သာမြင်သာပြုပြင်စရာ

မြို့နယ်ဘောလုံးကွင်း ပြင်ဆင်မွမ်းမံသင့်ပြီ

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဘောလုံးကွင်းသည် ဘောလုံးကွင်း၏ အင်္ဂါရပ်နှင့်အညီ မပြုပြင်နိုင်သေးဘဲ သုံးနှစ်ကျော်ကာလရောက်လာသည့်တိုင် ဇာတ်ပွဲ၊ အငြိမ့်ပွဲ၊ မျက်လှည့်ပွဲ၊ စတိတ်ရှိုးပွဲတို့ မိုးဦးကာလအထိ ကန်ထရိုက်ပေးခွင့်ပြုထားသည်။ တစ်ဖန် ဇာတ်ပွဲများပြီးသည့်တိုင် ဘောလုံးကွင်းအတွင်း ဈေးဆိုင်များ ဆက်လက်ရှိနေပြီး အတာသင်္ကြန်၌ ရန်ကုန်-ညောင်တုန်း ကားလမ်းတွင် ဈေးရောင်းရန် နှစ်စဉ်နားခိုလေ့ရှိကြသည်။ မြို့နယ်ဘောလုံးကွင်းသည် အမှိုက်သရိုက်၊ အညစ်အကြေးများ ဖြင့်ပြည့်ကာ မြို့နယ်မှရွက်ပုန်းသီး အားကစားသမားများကို ယနေ့တိုင် မမွေးထုတ်နိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

မြို့နယ်ဘောလုံးကွင်းရှိ သံဆန်ခါခြံစည်းရိုး၊ အုတ်နံရံဝင်ပေါက်၊ ပွဲကြည့်စင်နှင့် သံပိုက်လုံးဂိုးတိုင်တို့မှာ ကောင်းမွန်စွာကျန်ရှိနေပြီး အနည်းငယ်ပြုပြင်၍ အဝင်မုခ်ဦးကို ဆိုင်းဘုတ်တပ်ဆင်ကာ ချုံနွယ်၊ အမှိုက်နှင့် အညစ်အကြေးများကို ရှင်းလင်း၍ မြို့နယ်ဂုဏ်ဆောင် ဘောလုံးအားကစားကွင်းအဖြစ် ပြန်လည်ပြုပြင် လုပ်ဆောင်သင့်ပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

သန်းထိုက်(လှိုင်သာယာ)

အင်းလျားမြန်မာ Travels & Tours
သင်္ကြန်အထူးအစီအစဉ်
တောင်ကြီး၊အင်းလေး၊ပင်းတယ၊ကလော (April 12,18) (၅ည ၆ရက်) ၁.၇ သိန်း
ပုဂံ၊ပုပ္ပါး၊မန္တလေး၊ပြင်ဦးလွင် (April 12,18) (၅ည ၆ရက်) ၁.၉ သိန်း
ထားဝယ်၊ရှင်ကိုးရှင်၊ကန်ချနာဘူရီ (April 12,18) (၆ည ၇ရက်) ၃.၆ သိန်း
ချောင်းသာ၊ငွေဆောင် အပန်းဖြေခရီးစဉ်များနှင့် အခြားခရီးစဉ်များအားလုံးကို ဈေးနှုန်းချိုသာစွာဖြင့် စီစဉ်ဆောင်ရွက်ပေးနေပါသည်။
93/B, 2nd Floor, Baho Road, Bet Thantadar Street & Tayokekyaung Street, Sanchaung Tsp, Yangon. 01-518142, 01-505338, Hot Line: 09- 422548616

အင်းလျားမြန်မာ Travels & Tours
သင်္ကြန်အထူးအစီအစဉ်
စင်ကာပူ (သီးသန့်) (၃ည ၄ရက်) USD 840
စင်ကာပူ + အင်ဒိုနီးရှား (ဘတ်တန်ကျွန်း) (၃ည ၄ရက်) USD 1000
ကိုရီးယား (ဆိုးလ်၊ ဂျေဂျူး၊ ဘူဆန်၊ ဂရောင်ဂျူး) (၇ည ၈ရက်) USD 1990
ပြည်တွင်း၊ပြည်ပ လေယာဉ်လက်မှတ်များကိုလည်း ဈေးနှုန်းချိုသာစွာဖြင့် အိမ်အရောက်ဝန်ဆောင်မှုပေးနေပါသည်။
93/B, 2nd Floor, Baho Road, Bet Thantadar Street & Tayokekyaung Street, Sanchaung Tsp, Yangon. 01-518142, 01-505338, Hot Line: 09- 422548616

အင်တာနက်ဂျာနယ်
INTERNET journal
အတွဲ (၁၅)၊ အမှတ် (၁၄)
eVillage ဖြစ်မြောက်ရန် ဂျပန်မှ နှစ်နှစ်တာဝန်ယူမည်
"၆ လအတွင်း လေ့လာချက်အပေါ် မူတည်၍ ကျေးရွာပေါင်းမည်သည့် ပမာဏအထိလုပ်ဆောင်မည်ကို သတ်မှတ်မည်ဖြစ်ပြီး JTEC ၏ အစီအစဉ်အရ eVillage စီမံကိန်းကို နီးစပ်ရာ ကျေးရွာများဆီသို့ ဖိုက်ဘာကွန်ရက်ဖြင့်အဆင့်ဆင့်ချိတ်ဆက်မည်ဖြစ်သည်"
Apple iPad အတွက် Office Software ကို Microsoft ဖြန့်ချိ
တည်နေရာကိုအလင်းရောင်ဖြင့်ဖော်ပြပေးမည့် LED ဂေါက်သီး
အစရှိတဲ့ သတင်း၊ ဆောင်းပါးများနှင့် .....
တနင်္လာနေ့တိုင်း ထွက်ရှိပါပြီ
Editor - 09 730 32928 | Marketing - 09 492 14245

ပြည်တွင်းသတင်း

ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၏ မိသားစုများအား သန်းခေါင်စာရင်းကောက်ယူ

ပြည်ထောင်စုလွှတ်တော် နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်မိသားစု၏ လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့က သွားရောက်ကောက်ယူစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၃၀

နိုင်ငံတစ်ဝန်းတွင် ပြည်လုံးကျွတ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်း လုပ်ငန်းများကို ယနေ့တွင် စတင်ကောက်ယူလျက်ရှိရာ နံနက် ၁၁ နာရီတွင် ပြည်ထောင်စုလွှတ်တော်နာယက ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်မိသားစု၏ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို သန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့က ပြည်ထောင်စုလွှတ်တော်နာယက၏ နေအိမ်၌ သွားရောက်ကောက်ယူခဲ့ကြသည်။

သန်းခေါင်စာရင်းအဖွဲ့က သန်းခေါင်စာရင်းဆိုင်ရာ မေးခွန်းများကို မေးမြန်းဖြည့်စွက်ကြရာ ပြည်ထောင်စုလွှတ်တော်နာယကနှင့်ဇနီးတို့က ပြန်လည်ဖြေကြားခဲ့ကြသည်။

ထို့နောက် မွန်းတည့် ၁၂ နာရီတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့်ဇနီးဒေါ်ခင်ပြုံး မိသားစု၏ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များအား သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က သွားရောက်ကောက်ယူပြီး မေးခွန်းများ မေးမြန်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ဇနီးက မေးခွန်းများကို ဖြေကြားပေးခဲ့သည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၏ ဇနီးဒေါ်ခင်ပြုံး သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့၏ မေးမြန်းမှုများကို ဖြေကြားစဉ်။ (သတင်းစဉ်)

■ *ရွှေဖုံးမှ*

မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် ကောက်ကွက်ပေါင်း ၈၀၉၈၅ ကွက်ရှိပြီး မြေပြင်စာရင်းကောက်ယူမည့် စာရင်းစစ်၊ စာရင်းကောက် စုစုပေါင်းအင်အား ၁၁၁၂၅၄ ဦးအား သင်တန်းများပေး၍ စာရင်းကောက်ယူခြင်း လုပ်ငန်းများ စနစ်တကျ ဆောင်ရွက်လျက်ရှိသည်။

သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းတွင် အသုံးပြုရန် သန်းခေါင်စာရင်းမေးခွန်းပုံစံပေါင်း ၁၄၈၃၅၆၀၀ နှင့် လက်စွဲစာစောင်များ၊ လုပ်ငန်းဆိုင်ရာ အထောက်အကူပြုပစ္စည်းများနှင့် စာရွက်စာတမ်းအပြည့်အစုံအား နိုင်ငံတစ်ဝန်းရှိ သက်ဆိုင်ရာဒေသ ရပ်ကွက်၊ ကျေးရွာ ကွပ်ကဲရေးရုံးများတွင် ဖြန့်ဝေထားပြီး သန်းခေါင်စာရင်း မေးခွန်းများကို အိမ်ထောင်စုတစ်စုလျှင် မေးခွန်း ၄၁ ချက်၊ အဖွဲ့အစည်းများတွင် ၁၁ ချက် မေးမြန်းကောက်ယူမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရှေးမြန်မာမင်းများလက်ထက်ကစ၍ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း၊ သာလွန်မင်းတရားလက်ထက်က တစ်ကြိမ်နှင့် ဘိုးတော်ဘုရားလက်ထက်တွင်တစ်ကြိမ် သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။

ထို့နောက် ဗြိတိသျှကိုလိုနီခေတ်၌ ၁၈၇၂ ခုနှစ်နှင့် ၁၈၈၁ ခုနှစ်တို့တွင် အောက်မြန်မာနိုင်ငံမှ စတင်၍ လူဦးရေသန်းခေါင်စာရင်းကို ကောက်ယူခဲ့ပြီး ၁၈၉၁ ခုနှစ်မှ စတင်ကာ ၁၀ နှစ်တစ်ကြိမ် နှစ်စဉ် လူဦးရေ သန်းခေါင်စာရင်းကို ကောက်ယူခဲ့သည်။

လွတ်လပ်ရေးရပြီးနောက် ၁၉၅၃ ခုနှစ်၊ ၁၉၅၄ ခုနှစ်၊ ၁၉၇၃ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ကောက်ယူခဲ့ပြီး ယခုအခါ နှစ်ပေါင်း ၃၀ ကျော်ကြာမှ ထပ်မံကောက်ယူနိုင်ခြင်းဖြစ်သည်။

ယခုအကြိမ် မြန်မာနိုင်ငံ၌ ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းကို ကုလသမဂ္ဂလူဦးရေနှင့် ရန်ပုံငွေအဖွဲ့အပါအဝင် အလှူရှင်နိုင်ငံများက နည်းပညာအကူအညီ၊ ငွေကြေး အကူအညီများပေးအပ်ပြီး ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ **(သတင်းစဉ်)**

❁ *ကျောဖုံးမှ*

တင်ပြချက်နှင့် ပတ်သက်၍ ဒုတိယသမ္မတက လိုအပ်သည်များကို ဖြည့်ဆည်းညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင်ကလေးဆေးရုံကြီးကို လွန်ခဲ့သည့် နှစ်နှစ်ခွဲကျော် ၂၀၁၂ခုနှစ် ဇူလိုင် ၂၅ ရက်က ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အနယ်နယ်အရပ်ရပ်မှ အားကိုးတကြီးနှင့်ရောက်ရှိလာသည့် ကလေးလူနာများကို ပြုစုကုသပေးနိုင်သည့်အတွက် ဆေးရုံကြီးတွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအားလုံးကို ဂုဏ်ယူဝမ်းမြောက်ကြောင်း ဦးစွာပြောကြားလိုပါကြောင်း၊ ဆေးရုံကြီးကို ပြုပြင်ဆောက်လုပ်လှူဒါန်းခဲ့သည့် အလှူရှင်ကိုလည်း များစွာ ကျေးဇူးတင်ရှိပါကြောင်း၊ ဆက်လက်၍ ယခုကဲ့သို့ လှူဒါန်းနိုင်ပါစေဟု ဆန္ဒပြုပါကြောင်း။

ဆေးရုံကြီးကို လှည့်လည်ကြည့်ရှုလေ့လာပြီး တွေ့ရှိရသည်မှာ အဆောက်အအုံနှင့် အထောက်အကူပြုပစ္စည်းများမှာ အသစ်များဖြစ်နေသည့်အတွက် လိုအပ်ချက်အနည်းငယ်သာတွေ့ရှိရကြောင်း၊ သို့သော်လည်း တာဝန်ကျဝန်ထမ်းပိုင်းလိုအပ်မှုရှိနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ တက်ရောက်ဆေးဝါးကုသသည့် လူနာများပြားလာသည့်အတွက် လုံလောက်သည့် ပြုစုကုသမှုပေးနိုင်ရန်အတွက် ဝန်ထမ်းအလုံအလောက်ရှိရန် လိုအပ်ပါကြောင်း။

ပြီးခဲ့သည့် လကုန်ပိုင်းက မွေးရာပါခြေလေးချောင်းပါသည့်ကလေးလူနာကို ခွဲစိတ်ကုသမှုပြုခဲ့သည်ကို သိရှိရပါကြောင်း၊ မကြာခင်မှာလည်း အလားတူ မွေးရာပါခြေလေးချောင်း ကလေးလူနာတစ်ဦးကို ထပ်မံခွဲစိတ်မည်ဟု သိရှိရပါကြောင်း၊ ဆေးရုံများ၏ အဓိကတင်ပြတောင်းဆိုမှုများသည် ဝန်ထမ်းမလုံလောက်မှု၊ မမျှတမှုကိစ္စများပင်ဖြစ်ပါကြောင်း၊ လိုအပ်သည့် ဝန်ထမ်းများ ဖြည့်ဆည်းပေးနိုင်ရန် နိုင်ငံတော်က တာဝန်ယူဆောင်ရွက်ပေးရမည့်အပိုင်း ဖြစ်ပါကြောင်း၊ ကလေးဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများအပါအဝင် ဝန်ထမ်းများအားလုံး ယခုကဲ့သို့ ဆက်လက်ကြိုးစားဆောင်ရွက်သွားစေလိုကြောင်း၊ အဆောက်အအုံသစ်များ ဆောက်မည်ဆိုကလည်း မြေနေရာအနေအထားအရ ရေရှည်ကိုမျှော်ကိုး၍ ထည့်သွင်းစဉ်းစား ဆောင်ရွက်ကြစေလိုကြောင်း၊ လိုအပ်ချက်များကိုလည်း အတတ်နိုင်ဆုံး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် ဗဟိုအမျိုးသမီးဆေးရုံကြီး (မန္တလေး)သို့ ရောက်ရှိကြပြီး သားဖွားမီးယပ်ကုသဆောင်၊ ဆေးသိုလှောင်ခန်း၊ ရောဂါရှာဖွေစိစစ်ရေးဌာန၊ ခွဲစိတ်ခွဲနမူနာလက်ခံဌာန၊ သွေးဘဏ်၊ ခွဲစိတ်မှန်ဌာနတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံ တက်ရောက်ကုသကြသည့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။ ထို့နောက် ဒုတိယသမ္မတသည် သားဖွားသင်တန်းကျောင်းသို့ ရောက်ရှိပြီး သားဖွားသင်တန်းကျောင်း သရုပ်ပြခန်းအတွင်း လှည့်လည်ကြည့်ရှု စစ်ဆေး၍ ဝန်ထမ်းများနှင့် သင်တန်းသားများအား ခန်းမအတွင်း၌ တွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် မန္တလေးအရိုးအထူးကုဆေးရုံကြီးသို့ ရောက်ရှိကာ ဆေးစတို၊ အရိုးကုသဆောင်၊ အထူးကြပ်မတ်ကုသဆောင်၊ အရိုးခွဲစိတ်ခန်းတို့အတွက် လှည့်လည်ကြည့်ရှု စစ်ဆေးပြီး အစည်းအဝေးခန်းမ၌ အထူးကုဆရာဝန်ကြီးများနှင့် ဆရာဝန်များအား တွေ့ဆုံရာ ဆရာဝန်ကြီးများက ဆေးရုံကြီး၏ လိုအပ်ချက်များကို ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာဒေါ်သိန်းသိန်းဌေးနှင့် တာဝန်ရှိသူတို့က ဖြည့်စွက်တင်ပြရာ တင်ပြချက်များအပေါ် ဒုတိယသမ္မတက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ၂၀၁၄ ခုနှစ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူ

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ၌ နှစ်ပေါင်း ၃၀ ကျော်ကြာမှ ပြန်လည်ကောက်ယူသော ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ယနေ့နံနက်ပိုင်းမှစ၍ ဒေသအသီးသီး၌ ကောက်ယူရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌လည်း တစ်ပြိုင်တည်း စာရင်းကောက်ယူကြသည်။

လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရာတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း မြို့နယ် ၄၅ မြို့နယ်ရှိသည့် အနက် လမ်းပန်းဆက်သွယ်မှုခက်ခဲသည့် ရန်ကုန်တောင်ပိုင်းခရိုင် ကိုကိုးကျွန်းမြို့နယ်၏ သန်းခေါင်စာရင်းကောက်ယူမှုကို မတ် ၉ ရက်က အပြီးကောက်ယူခဲ့ပြီးဖြစ်သည်။

ယနေ့တွင် ကျန် ၄၄ မြို့နယ်၌ နံနက် ၇ နာရီမှစတင်၍ သန်းခေါင်စာရင်းကောက်ယူရာ ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် တာဝန်ရှိသူများသည် နံနက် ၇ နာရီ ၄၅ မိနစ်မှစ၍ ဒဂုံမြို့နယ် အလုံလမ်း၊ စမ်းချောင်းမြို့နယ် ဗားကရာလမ်းနှင့် ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက်အတွင်းရှိ နေအိမ်များ၌ သန်းခေါင်စာရင်း ကောက်ယူနေမှုများကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရာတွင် မြို့နယ် ၄၄ မြို့နယ်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် တံတားမြို့နယ်ခွဲအပါအဝင် မြို့နယ်များရှိ လူဦးရေ ၆၈၃၆၀၅၀ ကို အိမ်ထောင်စုကောက်ကွက်ပေါင်း ၁၀၇၅၄ ကွက်တွင် စာရင်းစစ် ၂၆၃၃ ဦး၊ စာရင်းကောက် ၁၁၃၉၁ ဦး၊ အဖွဲ့အစည်းကောက်ကွက်ပေါင်း ၂၅၄ ကွက်တွင် စာရင်းစစ် ၂၆၄ ဦး၊ စာရင်းကောက် ၅၀၇ ဦးနှင့် ကွပ်ကဲရေးရုံး ၁၆၉၈ ရုံး ဖွင့်လှစ်ထားရှိကာ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူလျက်ရှိသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ သန်းခေါင်စာရင်း ကောက်ယူနေမှု များကို ကြည့်ရှု အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံ့တာဝန် ကျေပွန်အောင် ကျသင့်အခွန် မှန်မှန်ဆောင်

✳ *ရွှေဖုံးမှ*

ချွေးတပ်ဆွဲပြီး မီးရထားလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးချခဲ့သဖြင့် လုပ်သားများစွာ၏ အသက်ကို စတေးခဲ့ရသည်။ အဆိုပါ မြန်မာ-ယိုးဒယား သေမင်းတမန် မီးရထားလမ်း စတင်ခဲ့သည့် နေရာတွင် နိုင်ငံတော်မှ ၁၉၉၄ ခုနှစ်တွင် မီးရထားပြတိုက်အဖြစ် ဖော်ဆောင်ခဲ့ပြီး ပြတိုက်အဆောက်အအုံမှာ ထိန်းသိမ်းမှုအားနည်း၍ ပျက်စီးခဲ့ရသည်။ ယခုတည်ရှိနေသော မီးရထားစက်ခေါင်း (C-0522) ကို နိုင်ငံခြားခရီးသွားများမှာ တစ်နှစ်ပတ်လုံး ရောက်ရှိကြည့်ရှု လေ့လာနေကြပြီး အဆိုပါစက်ခေါင်းအနီးတွင် မြန်မာ့မီးရထားဌာနမှ မီးရထားပြတိုက်အသစ်ကို ပြန်လည်ဆောက်လုပ်၍ နိုင်ငံခြားခရီးသွားများကို ဆွဲဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျော်ဝင်း (သံဖြူဇရပ်)

နိုင်ငံတကာသတင်း

တောင်ဆူဒန် စစ်ပြေးဒုက္ခသည် တစ်သန်းကျော်ရှိ လူပေါင်း သုံးသန်းကျော် အငတ်ဘေးဆိုက်နေ

ဂျီနီဗာ မတ် ၃၀

တောင်ဆူဒန်၌ ဖြစ်ပွားနေသော ပဋိပက္ခကြောင့် လူပေါင်း တစ်သန်းကျော် နေအိမ်များကို စွန့်ခွာထွက်ပြေးကြရကြောင်း ကုလသမဂ္ဂက ပြောသည်။

ယင်းတို့အနက် ၈၀၃၂၀၀ ကို နိုင်ငံအတွင်း ပြန်လည်နေရာချထားပေးပြီး လူပေါင်း ၂၅၄၀၀၀ မှာ အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးကြရကြောင်း ကုလသမဂ္ဂကထုတ်ပြန်သော နောက်ဆုံး အစီရင်ခံစာတွင် ဖော်ပြထားသည်။ ယင်းအခြေအနေသည် ပိုမိုဆိုးရွားလာပြီး အကြမ်းဖက်မှုများ ဆက်လက်ဖြစ်ပွားနိုင်ကြောင်း ကုလသမဂ္ဂက သတိပေးထားသည်။

သမ္မတဆဲလ်ဗာကီယာ၏ တပ်များနှင့် ၎င်း၏ ဒုတိယသမ္မတရိခ်မာချာ၏ သစ္စာခံတပ်များအကြား ဒီဇင်ဘာလက တိုက်ပွဲအကြီးအကျယ်ဖြစ်ပွားခဲ့သည်။ နှစ်ဖက်အပစ်အခတ်ရပ်စဲရေးကို ဇန်နဝါရီလက လက်မှတ်ရေးထိုးထားသော်လည်း တိုက်ပွဲများ ဆက်လက်ဖြစ်ပွားခဲ့သည်။

ယင်းပဋိပက္ခကြောင့် အစာရေစာ ပြတ်လပ်မှုများနှင့် ကြုံတွေ့လျက်ရှိရာ လူပေါင်း ၃ ဒသမ ၇ သန်း အငတ်ဘေးဆိုက်မည့်အနေအထားနှင့် ရင်ဆိုင်နေရကြောင်း ကုလသမဂ္ဂလူသားချင်းဆိုင်ရာ ညှိနှိုင်းရေးရုံးအစီရင်ခံစာ၌ ဖော်ပြသည်။

ထိုအတောအတွင်း လူပေါင်း ၄ ဒသမ ၉ သန်းမှာ လူသားချင်းစာနာမှုဆိုင်ရာ အကူအညီများ လိုအပ်နေကြောင်း ကုလသမဂ္ဂကခန့်မှန်းထားသည်။ အစိုးရနှင့် အတိုက်အခံတပ်များအကြား တိုက်ပွဲများ ဆက်လက်ဖြစ်ပွားလျက်ရှိသည်။ အထူးသဖြင့် ဂျွန်ဂလီ၊ ယူနတီနှင့် နိုင်းမြစ်အထက်ပိုင်းဒေသများ၌ ဖြစ်သည်။ ယင်းဒေသများ၌ မြို့ပြများသာမက ကျေးလက်များအထိ အကြမ်းဖက်တိုက်ခိုက်မှုများ ဖြစ်ပွားလျက်ရှိသည်။ **(ဘီဘီစီ)**

စစ်ဘေးရှောင် တောင်ဆူဒန်ပြည်သူများ။

တရုတ်လုံခြုံရေးခေါင်းဆောင်ဟောင်းနှင့် မိသားစုပိုင်ပစ္စည်းများ အာဏာပိုင်တို့က သိမ်းယူ

ပေကျင်း မတ် ၃၀

နှစ်ပေါင်း ၆၀ ကျော်ကြာ တရုတ်နိုင်ငံ၏ အကျင့်ပျက်ခြစားမှုအကြီးဆုံး ဌာနဟု ဟိုးလေးတကျော်နာမည်ကြီးသောဌာနတွင် အလုပ်လုပ်သူ ပြည်တွင်းလုံခြုံရေးဌာနမှ အငြိမ်းစားယူထားသူ ကျိုးယောင်ကန်နှင့် ဆက်နွယ်ပတ်သက်သူများနှင့် ဆွေမျိုးမိသားစုဝင်များထံမှ အနည်းဆုံး အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ ၎င်းတို့ပိုင်ဆိုင်သည့်ပစ္စည်းများကို သိမ်းယူထားလိုက်ပြီဟု တရုတ်နိုင်ငံအာဏာပိုင်များက ပြောကြားခဲ့သည်။

ကျိုးနှင့် ပတ်သက်ရာ ဆွေမျိုးများ၊ နိုင်ငံရေးရာမိတ်ဖက်ပုဂ္ဂိုလ်များ၊ တပည့်ရင်းချာများနှင့် ၎င်း၏လက်အောက်ဝန်ထမ်းများစသည်ဖြင့် လူ ၃၀၀ ထက်မနည်းတို့ကို လွန်ခဲ့သော လေးလတာကာလကတည်းက ထိန်းသိမ်းထားပြီးဖြစ်သည်။

ကျိုးနှင့် ပတ်သက်ရာ ပတ်သက်ကြောင်း လူများကို စုံစမ်းစစ်ဆေးနေမှုများ၏ အခြေအနေနှင့်ပတ်သက်၍ ထုတ်ဖော်ပြောကြားခြင်းမရှိသေးချေ။ ယခု စုံစမ်းစစ်ဆေးမှုသည် မျက်မှောက်ခေတ်တရုတ်နိုင်ငံတွင် မကြုံစဖူး အကျင့်ပျက်ခြစားခြင်း စုံစမ်းစစ်ဆေးမှုဖြစ်စေမည်ဖြစ်သည်။ အကျင့်ပျက်ခြစား၊ အဂတိလိုက်စားမှုကို သမ္မတရှီကျင့်ဖျင်က အမြင့်ဆုံးအဆင့်အဖြစ် အရေးယူနေမှုကိုလည်း သက်သေပြချက်တစ်ခု ဖြစ်လာစေမည်ဖြစ်သည်။

အသက် ၇၁ နှစ်အရွယ်ရှိ ကျိုးကို ပြီးခဲ့သည့်နှစ် စုံစမ်းစစ်ဆေးမှု စတင်ချိန်မှစကာ အာဏာပိုင်များက နေအိမ်တွင် အကျယ်ချုပ်ချထားခဲ့သည်။ ၁၉၄၉ ခုနှစ် ကွန်မြူနစ်ပါတီမှ အာဏာအများဆုံးရယူအပြီးမှစကာ မစ္စတာကျိုးသည် အကျင့်ပျက်မှုစုံစမ်းစစ်ဆေးခံရရာတွင် တရုတ်နိုင်ငံရေးလောက၏ အစောဆုံးပုဂ္ဂိုလ်ဖြစ်သည်။ **(ရိုက်တာ)**

ဂီနီနိုင်ငံ၌ အီဘိုလာဗိုင်းစ်ရပ် ကူးစက်ရာမှ လူ ၇၀ သေဆုံး

ဂီနီ မတ် ၃၀

အီဘိုလာဗိုင်းစ်ရပ်ပိုးကြောင့် ဂီနီနိုင်ငံ၌ အနည်းဆုံး လူ ၇၀ ခန့် သေဆုံးခဲ့ရပြီးဖြစ်ကြောင်း ဂီနီနိုင်ငံ ကျန်းမာရေးတာဝန်ရှိသူတစ်ဦးက အတည်ပြုပြောကြားခဲ့သည်။

ယင်းကဲ့သို့ တရားဝင်ထုတ်ပြန်ကြေညာချက်ကို ပြီးခဲ့သည့် စနေနေ့က ဂီနီမြို့တော် ကိုနာကရီတွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ဂီနီနိုင်ငံ၏ ဝေးလံခေါင်ဖျား အရှေ့တောင်ပိုင်း၌ ရောဂါကူးစက်ခံရသူ အများအပြား ရှာဖွေတွေ့ရှိရသည်ဟု ဆိုသည်။

၂၀၁၄ ခုနှစ်အတွင်း ဇန်နဝါရီလမှ မတ်လအထိ သေဆုံးသူ ၇၀ အပါအဝင် ရောဂါရှင် ၁၁၁ ဦးထိရှိကြောင်း ၆၃ ရာခိုင်နှုန်းတို့မှာ သေလောက်သော ဝေဒနာများရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ဂီနီနိုင်ငံအာဏာပိုင်များက လူဦးရေ နှစ်သန်းခန့် နေထိုင်လျက်ရှိသော မြို့တော်တွင် ရောဂါပျံ့နှံ့မည်ကို စိုးရိမ်ပူပန်လျက်ရှိသည်။ ကိုနာကရီမြို့ရှိ ဒိုနက်ဆေးရုံတွင် မကြာသေးမီကပင် ရောဂါရှိသူ လူနာ ၃၀၀ ခန့်ထိ လက်ခံထားရပြီး ရောဂါသည်များအား သီးသန့်ထားရှိသဖြင့် နောက်ထပ် ရောဂါသည်အရေအတွက် လျော့နည်းလာပြီဟု သိရသည်။

ဆီနီဂေါနိုင်ငံကမူ ၎င်း၏အရှေ့တောင်ပိုင်းရှိ ဂီနီနယ်စပ်ဒေသမှ အီဘိုလာဗိုင်းစ်ရပ်ဝင်ရောက်ပျံ့နှံ့မှု တားဆီးရန် ပြီးခဲ့သည့် စနေနေ့က တရားဝင်ပိတ်ထားခဲ့သည်။

၎င်းအီဘိုလာဗိုင်းစ်ရပ်သည် သွေး၊ ချွေးချင်း ထိစပ်မိရာမှ တိုက်ရိုက်ကူးစက်နိုင်စွမ်းရှိပြီး ရောဂါသည်အလောင်းကို လက်အိတ်မပါဘဲ ကိုင်တွယ်မှုတို့မှလည်း ကူးစက်နိုင်သည်။

(ပရက်စ်တီဗွီ)

တူရကီဝန်ကြီးချုပ် မစ္စတာအာဒိုဂန် နိုင်ငံရေးအကဲစမ်းမှုနှင့်ရင်ဆိုင်နေရ

အစ္စတန်ဘူလ် မတ် ၃၀

တူရကီနိုင်ငံ၌ ကျင်းပလျက်ရှိသော ဒေသဆိုင်ရာရွေးကောက်ပွဲများသည် ဝန်ကြီးချုပ်တေရစ်အာဒိုဂန်၏ အနာဂတ်နိုင်ငံရေးနှင့် ပတ်သက်ပြီး စမ်းသပ်မှုကို ရင်ဆိုင်နေရကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အဆိုပါ ရွေးကောက်ပွဲသည် ပြီးခဲ့သည့် ဇွန်လက ကြီးမားသော ဆန္ဒပြမှုကြီး ဖြစ်ပွားပြီးနောက် ပထမဆုံးအကြိမ်အဖြစ် ကျင်းပခြင်းဖြစ်သည်။ မစ္စတာအာဒိုဂန် အနေဖြင့် ယင်းဒေသဆိုင်ရာ ရွေးကောက်ပွဲများက အာဏာဆက်လက်တည်မြဲရေး အာမခံချက်မပေးနိုင်သော်လည်း ၎င်း၏ တရားမျှတရေးနှင့် ဖွံ့ဖြိုးရေးပါတီ (အေကေပီ)မှာ ထောက်ခံမှုရနေသည်ဟု ဆိုသည်။

တူရကီနိုင်ငံ၌ အွန်လိုင်းပေါက်ကြားမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် ရွေးကောက်ပွဲကျင်းပစဉ် ကာလအတွင်း ယူကျုနှင့် တွစ်တာဝက်ဘ်ဆိုက်များကို ပိတ်ပင်ထားသည်။

လူမှုရေးဝက်ဘ်ဆိုက်များသည် သတင်းမှားများ ပျံ့နှံ့သွားနိုင်ကြောင်း မစ္စတာအာဒိုဂန်က ပြောသည်။ စနေနေ့က အစ္စတန်ဘူလ်မြို့၌ အစိုးရလိုလားသူများနှင့် ဆန့်ကျင်မှုများအကြား အပြိုင်ဆန္ဒပြခဲ့ကြသည်။ **(ဘီဘီစီ)**

> လူမှုရေးဝက်ဘ်ဆိုက်များသည် သတင်းမှားများ ပျံ့နှံ့သွားနိုင်ကြောင်း မစ္စတာအာဒိုဂန်က ပြောသည်

နိုင်ငံရေးအတွေ့အကြုံ မရှိသည့် ဆလိုဗက်သူဌေး သမ္မတရွေးကောက်ပွဲနိုင်

ဆလိုဗက် မတ် ၃၀

ဆလိုဗက်သူဌေးကြီး အန်းဒရက်ကီရှားသည် ယခင်က နိုင်ငံရေးအတွေ့အကြုံမရှိဘဲ သမ္မတရွေးကောက်ပွဲတွင် အနိုင်ရရှိသွားခဲ့သည်။

မစ္စတာကီရှားသည် ပထမဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာတွင် သမ္မတအဖြစ် ရွေးချယ်ခံရခြင်းဖြစ်သည်။

၎င်းသည် လက်ရှိဝန်ကြီးချုပ် ရောဘတ်ဖီကိုအား ဒုတိယကျော့တွင် အနိုင်ရရှိလိုက်ခြင်းဖြစ်သည်။ အစောပိုင်းရွေးကောက်ပွဲ ရလဒ်များအရ မစ္စတာကီရှားသည် ၆၀ ရာခိုင်နှုန်းဖြင့် အနိုင်ရခဲ့သည်ဟု ဆိုသည်။

အဆိုပါ အနိုင်ရရှိမှုကြောင့် မစ္စတာဖီကို၏ သမ္မတနှင့် ပါလီမန်တို့ကို ထိန်းချုပ်ထားခြင်းမှ စွန့်လွှတ်ရတော့မည်ဟု သတင်းထောက်များက ဆိုသည်။ မစ္စတာဖီကိုသည် ၂၀၁၂ ခုနှစ်ကတည်းက ဝန်ကြီးချုပ်ဖြစ်လာခဲ့သူဖြစ်သည်။

"ကျွန်တော်အတွက်တော့ ဒီရွေးကောက်ပွဲက ခံစားမှုအသစ်ပါပဲ" ဟု မစ္စတာကီရှားက ပြောသည်။

(ဘီဘီစီ)

ဗင်နီဇွဲလားနိုင်ငံ ဆူပူအုံကြွမှုအတွင်း သေဆုံးသူ ၃၉ ဦး အထိ မြင့်တက်လာ

ကာရာကတ် မတ် ၃၀

ဗင်နီဇွဲလားနိုင်ငံအတွင်း ဆန္ဒပြလှုပ်ရှားမှုများတွင် နှစ်ဦးထက်မက သေဆုံးခဲ့သည်။ ဆန့်ကျင်ဆန္ဒပြသေဆုံးသူဦးရေမှာ သီတင်းပတ်အနည်းငယ်အတွင်း ၃၉ ဦးအထိ ရှိလာပြီဖြစ်သည်။ စနေနေ့က ဖြစ်ပွားခဲ့သော သီးခြားဆန္ဒပြမှုနှစ်ခုတွင် အမျိုးသားနှစ်ဦး သေဆုံးခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီး ရိုဒရီဂွက်ဇ် ပြောကြားချက်ကို VTV ရုပ်မြင်သံကြားက ထုတ်လွှင့်ပြသခဲ့သည်။

ဆန်ခရစ္စတိုဘဲလ်မြို့အနောက်ပိုင်း၌ လမ်းပိတ်ဆို့မှုများပြုလုပ်ရန်အတွက် ကြော်ငြာဆိုင်းဘုတ်ကိုင်ဆောင်လာသော ဆန့်ကျင်ဆန္ဒပြသူများအတွင်း အသက် ၄၄ နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း ၎င်းက ပြောသည်။

မာရာကိုင်ဘိုမြို့ အနောက်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော အခြားဆန္ဒပြမှုတစ်ခု၌ အသက် ၃၃ နှစ်အရွယ် အမျိုးသားတစ်ဦးသည် ၎င်း၏လက်တွင် ကိုင်ဆောင်ထားသော လက်လုပ်မော်တာ မမျှော်လင့်ဘဲ ပေါက်ကွဲမှုဖြစ်ပွားခြင်းကြောင့် သေဆုံးခဲ့သည်။ နိုင်ငံအတွင်း ရက်သတ္တပတ်များစွာ ဆန့်ကျင်ဆန္ဒပြမှုများ ဖြစ်ပွားခဲ့ပြီးနောက် ဗင်နီဇွဲလားသမ္မတ နီကိုလတ်မာဒူရိုသည် ၎င်းတို့နှင့် ဆွေးနွေးမှုများ ပြုလုပ်ရန် သဘောတူညီခဲ့သည်။

၎င်းကြေညာချက်ကို ဝန်ကြီးများ၊ အစိုးရအရာရှိများ၊ လူ့အခွင့်အရေးအုပ်စုများနှင့် ဆန္ဒပြကျောင်းသားများအကြား နှစ်ရက်ကြာ ဆွေးနွေးမှုပြုလုပ်ပြီးနောက် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ဗင်နီဇွဲလားနိုင်ငံတွင် ဖေဖော်ဝါရီ ၄ ရက်ကတည်းက အစိုးရထောက်ခံသူနှင့် ဆန့်ကျင်သူများအကြား ပြင်းထန်သော ဆန္ဒပြကန့်ကွက်မှုများ ဖြစ်ပေါ်ခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဓမ္မာစရိယစာမေးပွဲ ဆက်လက်ကျင်းပ

နေပြည်တော် မတ် ၃၀

ယနေ့ဓမ္မာစရိယစာမေးပွဲ တတိယနေ့ဆက်လက်ဖြေဆိုရာ စာဖြေသံဃာနှင့် သီလရှင်စာရင်းသွင်း ၁၉၂၅၃ ပါးအနက် ၁၅၈၂၈ ပါး ဖြေဆိုကြသဖြင့် ၈၂ ဒသမ ၂၁ ရာခိုင်နှုန်းဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

❖ *ကျောဖုံးမှ*

မတ် ၃၀ ရက်အထိ ပျောက်ဆုံးလေယာဉ်နှင့် ဆက်နွယ်ပတ်သက်သော အရာဝတ္ထုများ တွေ့ရှိခြင်းမရှိ သေးကြောင်း၊ ထို့ကြောင့် တရုတ်သင်္ဘောများမှာ ၎င်းတို့၏ ရှာဖွေနယ်ပယ်ကို တိုးချဲ့ရမည်ဖြစ်ကြောင်း ဆင်ဟွာသတင်းထောက်များကို ပြောကြားသည်။

ပျောက်ဆုံးလေယာဉ်သည် အရပ်ဘက်ရေဒါနှင့် အဆက်အသွယ်ပြတ်တောက်ပြီးနောက် ခန့်မှန်းထားသည်ထက် ပိုမြန်သည့်နှုန်းဖြင့် ပျံသန်းခဲ့ပုံရပြီး လောင်စာစောပြီးကုန်သွားတဲ့အတွက် ပျံသန်းသည့် အကွာအဝေးတိုသွားသည်ဟု ရေဒါနှင့် ဂြိုဟ်တုအချက်အလက် စိစစ်သုံးသပ်ချက်များ ထွက်ပေါ်ပြီးနောက်တွင် ဩစတြေးလျအာဏာပိုင်များက ရှာဖွေမှုများကို ကီလိုမီတာ ၁၁၀၀သို့ ရွှေ့ပြောင်းခဲ့ကြသည်။ ထိုအတောအတွင်း သံသယဖြစ်ဖွယ် အရာဝတ္ထု များစွာတွေ့ရှိခဲ့ကြသည်။ သို့သော်လည်း ယင်းအရာဝတ္ထုများမှာ ပျောက်ဆုံးလေယာဉ်မှလာသော အရာဝတ္ထုများ ဟုတ်မဟုတ် အတည်ပြုနိုင်ခြင်းမရှိခဲ့ကြပေ။

အမေရိကန်ရေတပ် ကပ္ပတိန်ဖြစ်သူ မတ်ခ်မက်သွေးစ်က လေယာဉ်ဘယ်နေရာမှာ ပျက်ကျခဲ့သလဲဆိုတဲ့ သတင်းမရမချင်းတော့ လေယာဉ်ရှာဖွေရေးလုပ်ငန်းဟာ အခက်အခဲများစွာနဲ့ ကြုံတွေ့နေရမှာဖြစ်ကြောင်း ပတ်သ်မြို့အနီးရှိ စတာလင်ရေတပ်အခြေစိုက်စခန်း၌ သတင်းထောက်များကို ပြောကြားသည်။ ထို့ပြင် မတ်ခ်မက်သွေးစ်က လက်ရှိရှာဖွေရေး နယ်ပယ်ဟာ အိန္ဒိယသမုဒ္ဒရာအရွယ်အစားလောက် နီးပါးရှိနေတဲ့အတွက် ရှာဖွေရေးလုပ်ငန်း နှစ်နှင့်ချီပြီး ကြာသွားမှာဖြစ်ကြောင်း၊ ၂၀၀၉ ခုနှစ်က ဘရာဇီးနိုင်ငံတွင် ပျက်ကျသွားသော ပြင်သစ်လေယာဉ် Air France 447 ကို တွေ့ရှိရန် နှစ်နှစ်ကျော်ရှာဖွေခဲ့ရကြောင်း၊ သို့သော်လည်း ယခုအခြေအနေမှာ ပြင်သစ်လေယာဉ်ရှာဖွေရေးထက်ပိုပြီး သတင်းအချက်များရရှိနေကြောင်း ထပ်လောင်းပြောကြားသည်။

အိန္ဒိယသမုဒ္ဒရာတောင်ပိုင်းရှိ ရှာဖွေရေးလုပ်ငန်းကို ဦးဆောင်ညှိနှိုင်းပေးသော ဩစတြေးလျအာဏာပိုင်များက စုံစမ်းထောက်လှမ်းမှုကို စောင့်ကြည့်လေ့လာသော အဖွဲ့သစ်တစ်ဖွဲ့ကို မိမိတို့ဖွဲ့စည်းထားပြီးဖြစ်သလို လေယာဉ်အပိုင်းအစများတွေ့ရှိပါက လိုက်နာရမည့် သံခင်းတမန်ခင်းဆိုင်ရာ ကျင့်ဝတ်များကိုရှာဖွေရေးတွင် ပါဝင်သည့်နိုင်ငံများသို့ ပေးပို့ထားပြီးဖြစ်ကြောင်း ဆိုသည်။

မလေးရှားအာဏာပိုင်များက ပျောက်ဆုံးလေယာဉ်မှာ တမင်တကာလမ်းကြောင်းလွှဲလိုက်ပုံရကြောင်း ပြောဆိုခဲ့သော်လည်း စုံစမ်းရေးမှူးများကမူ ခရီးသည် ၂၂၇ ဦးနှင့် လေယာဉ်အမှုထမ်း ၁၂ ဦးတို့တွင် လေယာဉ်အပိုင်စီးလိုမှု သို့မဟုတ် ဖောက်ခွဲဖျက်ဆီးလိုမှု သို့မဟုတ် အခြားသော မသမာသည့် စိတ်ခံတတ်များရှိပုံမရဟု ကောက်ချက်ချထားသည်။

ဩစတြေးလျရေကြောင်း လုံခြုံရေးအာဏာပိုင် (AMSA)က တရုတ်၊ ဩစတြေးလျ၊ ဂျပန်၊ တောင်ကိုရီးယား၊ မလေးရှားနှင့် အမေရိကန်ပြည်ထောင်စုမှ လေယာဉ်များ မတ် ၃၀ ရက်က ပင်လယ်ပြင်ရှာဖွေရေး၌ အတူတကွပါဝင်ကြကြောင်း ဆိုသည်။ ပျောက်ဆုံးလေယာဉ်ရှာဖွေရေးတွင် နိုင်ငံများစွာမှ ရှာဖွေရေးသမားများ အင်တိုက်၊ အားတိုက်ရှာဖွေနေကြသည့်တိုင် တချို့သောနိုင်ငံများမှ အမျိုးသားလုံခြုံရေးအရ အရေးကြီးသတင်းအချက်အလက်များကို မျှဝေခြင်းမရှိကြသဖြင့် ဖမ်းယူရရှိသော ပုံရိပ်များစိစစ်ပုံဖော်ရာ၌ အခက်တွေ့ကြရသည်ဟုဆိုသည်။

ပျောက်ဆုံးလေယာဉ်ပေါ်ပါရှိသော တရုတ်ခရီးသည်၏ ဆွေမျိုးသားချင်းတချို့က မတ် ၃၀ ရက်တွင် ပေကျင်းမှ ကွာလာလမ်ပူသို့ ရောက်ရှိလာခဲ့ပြီး ပျောက်ဆုံးလေယာဉ်နှင့် ပတ်သက်သော အချက်အလက်အတိအကျကို ပြောပြရန်မလေးရှားအစိုးရကို ဖိအားပေးတောင်းဆိုခဲ့ကြသည်။ ယင်းတရုတ်ဆွေမျိုးသားချင်းများက လိုလားချက်သုံးချက်ကိုတောင်းဆိုခဲ့ကြသည်။ ထိုလိုလားချက်သုံးချက်မှာ လေယာဉ်ပျောက်နှင့် ပတ်သက်သောအချက်အလက်အားလုံး အချိန်မီထုတ်ပြန်ပေးရန်၊ ပထမသီတင်းပတ်က တိကျသေချာမှုမရှိသောသတင်းထုတ်ပြန်မှုအတွက် မလေးရှားလေကြောင်းလိုင်းနှင့် မလေးရှားအစိုးရတို့မှ ဝန်ချတောင်းပန်ရန်နှင့် ပျောက်ဆုံးလေယာဉ်မှာ အိန္ဒိယသမုဒ္ဒရာတွင်းပျက်ကျသွားသည်ဟု အလျင်စလိုကောက်ချက်ချခဲ့ခြင်းအပေါ် မလေးရှားလေကြောင်းလိုင်းနှင့် မလေးရှားအစိုးရတို့က ဝန်ချတောင်းပန်မှု ပြုလုပ်ရန်တို့ဖြစ်သည်။ **(ရိုက်တာ/ဆင်ဟွာ)**

❋ *ကျောဖုံးမှ*

ပြိုင်ပွဲဝင် အလှမယ်များသည် ဆီးဂိမ်းပိတ်ပွဲ၌ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှုဖြင့် ယှဉ်ပြိုင်မှုများ(၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့သည့်ဘောလုံး၊ ဘော်လီဘော၊ ခြင်းလုံး၊ သေနတ်ပစ်၊ မြားပစ်စသည့် အားကစားနည်းများစွာကို အလှမယ် တစ်ဦးချင်း စင်မြင့်ထက် သရုပ်ပြ ယှဉ်ပြိုင်ခဲ့ကြသည်မှာ ပြီးခဲ့သည့် ဆီးဂိမ်းပြိုင်ပွဲကို အမှတ်တရဖြစ်စေခဲ့သည်။

ဆက်လက်ပြီး ပြိုင်ပွဲဝင် အလှမယ် ၂၃ ဦးတို့သည် ညနေခင်းဝတ်စုံဝတ်ဆင်ကာ တစ်ဦးချင်းစီ ယှဉ်ပြိုင်ခဲ့ကြသည်။ ထိုသို့အဆင့် သုံးဆင့်ဖြင့် ယှဉ်ပြိုင်ခဲ့ကြမှုများကို အကဲဖြတ်ဒိုင်များဖြစ်သည့် ဒေါ်တင်မာမြင့် (ဒုတိယ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း၊ ပုဂံဇုန်)၊ ရုပ်ရှင်သရုပ်ဆောင် အိန္ဒြာကျော်ဇင်၊ ဒေါ်နန်းအိအိဇာ (သရဖူမဂ္ဂဇင်း အယ်ဒီတာချုပ်)၊ ဒေါ်စုစုအောင် (မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အဖွဲ့ဝင်)တို့က အကဲဖြတ်အမှတ်ပေးရွေးချယ်ခဲ့ကြသည်။

ယခုရွေးချယ်ပွဲ၌ Miss 27th SEA Games Myanmar ဆုရအိန္ဒြာသီရိကိုအား ဆုငွေကျပ်သိန်း ၃၀ နှင့် Gift Voucher ချီးမြှင့်ခဲ့သည်။ 1st Runner up ဆုရရှိသူ ချောစုလင်းဖြူသန့်အား ဆုငွေကျပ် ၁၅ သိန်းနှင့် Gift Voucher၊ 2nd Runner up ဆုရရှိသူ မြတ်ကျော့ခိုင်အား ဆုငွေ ကျပ် ၁၀ သိန်းနှင့် Gift Voucher တို့ကို ချီးမြှင့်ခဲ့သည်။ နှစ်သိမ့်ဆုအဖြစ် ဆုငွေကျပ် နှစ်သိန်းနှင့် Gift Voucher ချီးမြှင့်ခဲ့သည်။

ယခုပြိုင်ပွဲကို Myanmar Tourism Services Co., Ltd မှ တာဝန်ယူကျင်းပခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

ကလေးသူငယ်လိင်မှုကျူးလွန်မှုဖြင့် ပြစ်ဒဏ်ကျခံရဖူးသူ ဩစတြေးလျနိုင်ငံသားကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှပြန်လည်စေလွှတ်

နေပြည်တော် မတ် ၃၀

မတ် ၂၆ ရက် မွန်းလွဲ ၁၂ နာရီခွဲက စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်မှ စင်ကာပူလေကြောင်းလိုင်း MI-518 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ လိုက်ပါလာမည့် ဩစတြေးလျနိုင်ငံသား Mr.Seng du LAPHAI သည် ဩစတြေးလျနိုင်ငံတွင် ၂၀၀၀ ပြည့်နှစ်က ကလေးသူငယ်လိင်မှု ကျူးလွန်ခဲ့သဖြင့် ထောင်ဒဏ် လေးနှစ်ကျခံခဲ့ရကြောင်း၊ ၎င်းအား NCOS မှတ်တမ်းတွင် အလယ်အလတ်အဆင့် အန္တရာယ်ရှိသူအဖြစ် သတ်မှတ်ထားသဖြင့် မြန်မာနိုင်ငံသို့ ဝင်ရောက်လာပါက အန္တရာယ်ရှိနိုင်ကြောင်း၊ ရန်ကုန်မြို့ ဩစတြေးလျသံရုံး AFP ရဲဆက်ဆံရေးအရာရှိက မြန်မာနိုင်ငံ ရဲတပ်ဖွဲ့သို့ သတင်းပေးပို့ချက်အရ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် ပြည်ပဆိုက်ရောက်ကောင်တာတွင် လေကြောင်းရဲတပ်ဖွဲ့ခွဲ (ရန်ကုန်)မှ တပ်ဖွဲ့ဝင်များနှင့် လူဝင်မှုကြီးကြပ်ရေးဌာနမှ တာဝန်ရှိသူများပါဝင်သည့် ပူးပေါင်းအဖွဲ့မှ ကြိုတင်စောင့်ဆိုင်းနေခဲ့သည်။

ထို့သို့ စောင့်ဆိုင်းနေစဉ် Mr.Seng du LAPHAI, ဇနီးဖြစ်သူ Mrs. Mon Saing နှင့် သမီးဖြစ်သူ Miss Laphai Tsawmmunja တို့သုံးဦးသည် ညနေ ၃ နာရီ ၄၅ မိနစ်တွင် စင်ကာပူလေကြောင်းလိုင်း MI-518 ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ရောက်ရှိလာရာ ပူးပေါင်းအဖွဲ့မှ တားဆီးခဲ့ပြီး Mrs. Mon Saing နှင့် Miss Laphai Tsawmmunja တို့ နှစ်ဦးကို မြန်မာနိုင်ငံတွင် ဗီဇာဖြင့်နေထိုင်လိုပါက နေထိုင်ခွင့်ပြုကြောင်း၊ ထို့သို့မဟုတ်ဘဲ Mr.Seng du LAPHAI နှင့်အတူ ပြန်လည်လိုက်ပါလိုက လိုက်ပါနိုင်ကြောင်း သဘောဆန္ဒတောင်းခံခဲ့ရာ ပြန်လည်လိုက်ပါလိုကြောင်း ဆန္ဒပြုသဖြင့် ညနေ ၄ နာရီ ၄၅ မိနစ်တွင် Mr.Seng du LAPHAI ပါ သုံးဦးကို Mr-517 လေယာဉ်ခရီးစဉ်ဖြင့် စင်ကာပူနိုင်ငံသို့ ပြန်လည်စေလွှတ်ခဲ့ကြောင်း သတင်းရရှိသည်။ **ကိုရဲ**

ပြည်တွင်းသတင်းနှင့် အားကစား



လီဗာပူး စပါးကိုဂိုးပြတ်အနိုင်ရရှိ ပရီမီယာလိဂ် ဇယားထိပ်ရောက်

လီဗာပူး မတ် ၃၀

အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ် (၃၂) ဖြစ်သည့် လီဗာပူးနှင့်စပါး ပွဲစဉ်ကို ယနေ့ညပိုင်းက ယှဉ်ပြိုင်ကစားရာ လီဗာပူးက ဧည့်သည်စပါးအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့သည်။

လီဗာပူးအတွက် အဖွင့်ဂိုးမှာ စပါးအသင်းမှ ကာဘူးလ်က ၂ မိနစ်တွင် ကိုယ့်ဂိုးကိုယ် သွင်းယူပေးမှုကြောင့် ရရှိခဲ့သည်။ ဒုတိယဂိုးကို လီဗာပူးအတွက် ခြေစွမ်းပြ ဂိုးသွင်းပေးနေသော ဆွာရက်ဇ်က ၂၅ မိနစ်တွင် သွင်းယူပေးခဲ့ပြီး ပထမပိုင်းအပြီး လီဗာပူးက နှစ်ဂိုးပြတ် အနိုင်ရထားသည်။

ဒုတိယပိုင်းတွင် လီဗာပူးကသာဖိကစားခဲ့ပြီး ၅၅ မိနစ်တွင် ကော်တင်ဟိုက တတိယဂိုး သွင်းယူပေးသည်။ လီဗာပူးအတွက် နောက်ဆုံးဂိုးကို ကွင်းလယ်ကစားသမား ဟန်ဒါဆင်က သွင်းယူပေးပြီး ပွဲအပြီးတွင် စပါးကို လေးဂိုးပြတ် အနိုင်ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် လီဗာပူးက ရမှတ် ၇၁ မှတ်ဖြင့် ဇယားထိပ်၌ ဦးဆောင်သွားပြီ ဖြစ်သည်။

ဖူလ်ဟမ်နှင့် အဲဗာတန်တို့ပွဲ တွင် အဲဗာတန်က သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ **သီဟ-ရေးသည်**

လီဗာပူးအသင်းခေါင်းဆောင် စတီဗင်ဂျရတ် ဘောလုံးသယ်ယူမှုကို စပါးအသင်းမှ လိုက်လံဟန့်တားစဉ်။

ဂျာမန်ဘွန်ဒက်စ်လီဂါ အနိုင်/အရှုံး

(၃၀-၃-၂၀၁၄)

ဂလာဘတ်	၃ - ၁	ဟမ်းဘတ်
ဟန်နိုဗာ	၁ - ၂	ဝါဒါဘရီမင်

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

ကျွန်တော်နဲ့ မြင်းနှစ်

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်

တရုတ်ပြက္ခဒိန်အရ ၂၀၁၄ ခုနှစ်ဟာ မြင်းနှစ်ဖြစ်ပါတယ်။

အခုလို မြင်းနှစ်လို့ တင်စားတဲ့ ၂၀၁၄ ခုနှစ်မှာ အောင်မြင်မှုရနိုင်အောင် သုံးသပ်ဆင်ခြင်စရာတွေ အများကြီးရှိတာကို တွေ့နိုင်မှာဖြစ်ပါတယ်။ မြင်းဟာ သွက်လက်လှုပ်ရှားမှု၊ အင်အားအပြည့်အဝရှိမှု၊ လွတ်လပ်ခြင်းကို မြတ်နိုးမှု စတဲ့လက္ခဏာများ ရှိပါတယ်။

မြင်းများဟာ ကိုယ်ပိုင်ဆုံးဖြတ်လိုစိတ်ရှိပြီး ထိန်းချုပ်မှုများပါက တော်လှန်လိုစိတ်ရှိတာကို တွေ့ရပါတယ်။ လွတ်လွတ်လပ်လပ် အရှိန်အဟုန်အပြည့်အဝ အားတွေ၊ အင်တွေသုံးလေ့ရှိပါတယ်။ တစ်ခုသတိပြုရမှာက မြင်းနှစ်မျိုးရှိပါတယ်။ တစ်မျိုးက ပြိုင်မြင်းဖြစ်ပြီး တစ်မျိုးကတော့ လှည်းဆွဲတဲ့ မြင်းဖြစ်ပါတယ်။ ဒီမြင်းနှစ်မျိုးစလုံး အရေးပါပါတယ်။ မြင်းတိုင်းပြိုင်မြင်းတွေဖြစ်ဖို့ မလိုအပ်သလို မြင်းတိုင်းက လှည်းဆွဲနေလို့ မဖြစ်ပါဘူး။

မြင်းနှစ်မှာ မြင်းနဲ့တူအောင် ဘယ်လိုလုပ်ကြမလဲ၊ မြင်းရဲ့သဘာဝဟာ သွက်လက်မှု၊ လျင်မြန်မှုဖြစ်သလို ပြောင်းလဲမှုလည်းဖြစ်ပါတယ်။ အရှိန်အဟုန်ဟာ အရေးကြီးသလို လှုပ်ရှားမှုဟာလည်း ပဓာနကျပါတယ်။

ကျွန်တော်တို့တစ်တွေဟာ မြင်းနှစ်မှာ မြင်းနဲ့တူအောင် ဘယ်လိုလှုပ်ရှားကြမလဲ။ ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာကို ဆွေးနွေးတင်ပြချင်ပါတယ်။

မြင်းလို ကျွန်တော်တို့တစ်တွေ လုပ်ငန်းအသစ်တွေ၊ ဈေးကွက်အသစ်တွေမှာ ဘယ်လိုပါဝင်ကြမှာလဲ။ စီးပွားရေးလုပ်ငန်းတွေမှာ ဘယ်ပုံ၊ ဘယ်နည်းတီထွင်မှုတွေ လုပ်ကြမလဲ။ ကုမ္ပဏီထဲမှာ ကတ်သီးကတ်သပ် မြင်းနဲ့တူတဲ့ ဝန်ထမ်းတွေရဲ့ အားတွေ၊ အင်တွေကို ဘယ်လိုအသုံးချမလဲ။ သူတို့ကို မြင်းတစ်ကောင်လို ဘယ်လိုလွှတ်ပေးမလဲ စတာတွေကို ဖော်ထုတ်ဖို့ လိုအပ်ပါတယ်။

လုပ်ငန်းအဖွဲ့အစည်းတွေမှာရှိတဲ့ မလိုအပ်တဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေကို ဘယ်လိုပြုပြင်ကြမလဲ။ ထုတ်လုပ်တဲ့ ကုန်ပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေကို ဘယ်လိုတိုးတက်ကောင်းမွန်အောင် လုပ်ကြမလဲ။ ဒါတွေဟာ မြင်းနှစ်မှာ စဉ်းစားရမယ့် အချက်အလက်တွေ ဖြစ်ပါတယ်။

> **ဒီနှစ်မှာ မှန်ကန်တဲ့ အဆုံးအဖြတ်တွေ နယ်ပယ်အသီးသီးမှာချမှတ်သွားဖို့ အလွန်လိုအပ်နေပါတယ်။ အခုလိုစဉ်းစားရာမှာ တရုတ်ပြက္ခဒိန်အရ မြင်းနှစ်ဖြစ်ကြောင်း သတိပြုဖို့လိုအပ်မှာ ဖြစ်ပါတယ်။ မြင်းနှစ်မှာ မြန်မာပြည်သူပြည်သားတွေ စိတ်ရောကိုယ်ပါ စိတ်ချမ်းသာနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ လာမယ့် ၁၂ လအတွင်းအောင်မြင်မှုတွေရအောင်တစ်နိုင်ငံလုံးဝိုင်းဝန်းဆောင်ရွက်ဖို့အထူးလိုအပ်မှာ ဖြစ်ပါတယ်။**

လူသားတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၄၀၀၀ ကျော်က မြင်းရိုင်းတွေကို ယဉ်ပါးအောင်လုပ်နိုင်ခဲ့ပြီး သယ်ယူပို့ဆောင်ရာမှာသော်လည်းကောင်း၊ သွားရေးလာရေးအတွက်သော်လည်းကောင်း၊ စစ်ရေးနယ်ပယ်မှာသော်လည်းကောင်း အသုံးချခဲ့ပါတယ်။ ကိန်းဂဏန်းများအရ မြင်းအမျိုးအစားတစ်ရာကျော်လောက်ရှိကြောင်း သိရှိရပါတယ်။ အမျိုးအစားတစ်ခုချင်းဟာ အသုံးချမှု တစ်မျိုးစီအတွက် ဖန်တီးခဲ့ခြင်းဖြစ်ပါတယ်။

မြင်းအများကို ယေဘုယျအားဖြင့် သုံးမျိုးခွဲခြားလို့ရကြောင်း သိရှိရပါတယ်။ ပထမအမျိုးအစားကတော့ "သွေးပူ"တဲ့ မြင်းတွေဖြစ်ပါတယ်။ သွက်လက်ပြီး အမောခံနိုင်ရည်ရှိတဲ့ မြင်းတွေဖြစ်တယ်။ ကိုယ်ခန္ဓာအချိုးအစားလှပပြီး ပေါ့ပါးမှုရှိပါတယ်။ ဒုတိယအမျိုးအစားကတော့ "သွေးအေး"တဲ့ မြင်းအမျိုးအစားဖြစ်ပါတယ်။ ဒီမြင်းတွေဟာ အလုပ်လုပ်တဲ့မြင်းတွေဖြစ်တယ်။ လုံ့လရှိတယ်။ အားရှိတယ်။ ဝန်တွေထမ်းနိုင်တယ်။ အပင်ပန်းခံနိုင်တယ်။ တတိယအမျိုးအစားကတော့ "သွေးပူ"နဲ့ "သွေးအေး"တဲ့ မြင်းနှစ်မျိုးရောစပ်ထားတဲ့ "သွေးနွေး" တဲ့မြင်းတွေဖြစ်ပါတယ်။ "သွေးနွေး" မြင်းတွေဟာ သီးခြားတာဝန်တွေအတွက် မွေးထုတ်ထားခြင်းဖြစ်ပါတယ်။

တင်ပြခဲ့တဲ့ မြင်းအမျိုးအစားသုံးမျိုးနဲ့ သဏ္ဌာန်တူတဲ့ ဝန်ထမ်းတွေ လုပ်ငန်းတိုင်းမှာ ရှိပါတယ်။ စီမံခန့်ခွဲသူများအနေနဲ့ မိမိဝန်ထမ်းတွေအနက် ဘယ်သူတွေဟာ"သွေးပူ"တွေ၊ ဘယ်သူကတော့ "သွေးအေး"တွေ၊ ဘယ်သူတွေက"သွေးနွေး"တွေဆိုတာကို ဆန်းစစ်ဖို့ လိုအပ်မှာဖြစ်ပါတယ်။

အခုလိုဆန်းစစ်ပြီး ဝန်ထမ်းတစ်ခုချင်းရဲ့ သဘောသဘာဝကို အခြေခံပြီး တာဝန်ပေးသွားဖို့ လိုအပ်မှာဖြစ်ပါတယ်။ ဥပမာအားဖြင့် မိမိလုပ်ငန်းမှာ ပြုပြင်ပြောင်းလဲမှုတစ်ရပ်ကို ဆောင်ရွက်ဖို့ အစီအစဉ်ရှိတယ်ဆိုပါစို့။ တစ်လှမ်းချင်းလှမ်း၊ တရွေ့ရွေ့ ရွေ့ရမယ့် ပြုပြင်ပြောင်းလဲမှုမျိုးကို "သွေးအေး"တဲ့ မြင်းနဲ့တူတဲ့ ဝန်ထမ်းတွေကို တာဝန်ပေးသင့်ပါတယ်။ မူလအခြေအနေနဲ့ လုံးဝမတူညီတဲ့ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ဖို့ "သွေးပူ"တဲ့မြင်းနဲ့တူတဲ့ သူတွေကို အာဏာအပ်နှင်းရမှာ ဖြစ်ပါတယ်။ "သွေးနွေး"တဲ့မြင်းနဲ့တူတဲ့ ဝန်ထမ်းတွေကိုတော့ နဂိုအခြေအနေကနေ မသိမသာပြောင်းတဲ့ ပြောင်းလဲမှုမျိုးကို တာဝန်ပေးသင့်ပါတယ်။

မြင်းနှစ်မှာ မွေးတဲ့သူတွေဟာ ချစ်ခင်ရင်းနှီးမှုကို အသားပေးတဲ့သူတွေ၊ အပေါင်းအသင်းကိုမြတ်နိုးတဲ့သူတွေ၊ အပျော်အပါးကို ခုံမင်တဲ့သူတွေဖြစ်ကြပါတယ်။ မြင်းတွေဟာ အစုအဝေး အသိုက်အဝန်းနဲ့ ရှင်သန်တဲ့ သတ္တဝါတွေဖြစ်ပါတယ်။ အချင်းချင်း အပြန်အလှန် ဆက်ဆံကြတယ်။ လှုပ်ရှားကြတယ်။

လုပ်ငန်းအဖွဲ့အစည်းတွေမှာ ဝန်ထမ်းတွေဟာ ကြိုးစားအားထုတ်ပြီး အလုပ်လုပ်ဖို့လိုအပ်သလို တစ်ဖက်ကလည်း အားလပ်တဲ့အချိန်မှာ မိမိဆန္ဒအရ စိတ်ကြိုက်လှုပ်ရှားနိုင်ဖို့လည်း အရေးကြီးလှပါတယ်။ ဝန်ထမ်းတွေရဲ့ ပျော်ရွှင်မှုဟာ အလွန်အရေးပါပါတယ်။ ဒီကိစ္စကို အလေးအနက်ထားပြီး ဆောင်ရွက်ဖို့လည်း စီစဉ်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ကျွန်တော့်အနေနဲ့ ကုမ္ပဏီတွေကို ဝန်ထမ်းများရဲ့ ပျော်ရွှင်မှု၊ လူမှုရေး လှုပ်ရှားမှု၊ အားကစားလှုပ်ရှားမှုစတာတွေ ဦးစားပေးဆောင်ရွက်ပေးဖို့ အစဉ်တိုက်တွန်းခဲ့ပါတယ်။ ဝန်ထမ်းတွေစိတ်ချမ်းသာမှုရှိမှ အလုပ်အပေါ်မှာ စေတနာ အပြည့်အဝအားထည့်နိုင်မှာ ဖြစ်ပါတယ်။

မြင်းသတ္တဝါတွေဟာ လျင်မြန်သွက်လက်မှုရှိပြီး ရင်ဆိုင်ရတဲ့ အန္တရာယ်တွေ၊ လိမ္မာပါးနပ်စွာ ရှောင်ရှားနိုင်ပါတယ်။ မြင်းတွေဟာ အလွန်ထူးခြားတဲ့ ဝိသေသလက္ခဏာတွေရှိတာ တွေ့မြင်ရပါတယ်။ မြင်းတွေဟာ မတ်တတ်ရပ်ရင်း အိပ်နိုင်သလို၊ လှဲပြီးလည်း အိပ်နိုင်တဲ့ သတ္တဝါတွေ ဖြစ်ပါတယ်။ အခုလို ရပ်ရင်း၊ လှဲရင်းအိပ်နိုင်တဲ့ အရည်အချင်းကြောင့် ဘေးအန္တရာယ်က ရှောင်ရှားနိုင်စွမ်းရှိပါတယ်။ မြင်းတွေဟာ အစုအဝေးနဲ့ နေထိုင်နေတဲ့အခါ တချို့ကအိပ်ပြီး တချို့က မအိပ်ဘဲကင်းစောင့်ပေးနေပါတယ်။ မြင်းတွေဟာ မွေးပြီးပြီးချင်း လမ်းလျှောက်နိုင်ရုံသာမက ပြေးနိုင်စွမ်းရှိပါတယ်။

မြင်းတွေမှာရှိတဲ့ မျက်လုံးတွေဟာ မြေပေါ်မှာနေထိုင်တဲ့ နို့တိုက်သတ္တဝါတွေအနက် အရွယ်အစားပမာဏအရ အကြီးဆုံးဖြစ်ကြောင်း တွေ့ရပါတယ်။ ဒါကြောင့် မြင်းတွေဟာ အမြင်ကောင်းရုံမက ဘက်စုံမြင်နိုင်စွမ်းရှိတာကိုလည်း သိရပါတယ်။ ဒါကြောင့်လည်း ကြိုတင်ပြီး ကာကွယ်နိုင်စွမ်းရှိပါတယ်။ အထက်မှာဖော်ပြခဲ့တဲ့ ထူးခြားတဲ့မြင်းတွေရှိတဲ့ အရည်အချင်းတွေ၊ လက္ခဏာတွေကို လူတွေအတုယူသင့်ပါတယ်။

အထူးသဖြင့် လျင်မြန်တဲ့ပြောင်းလဲမှုတွေကို ရင်ဆိုင်နေကြရတဲ့ စီးပွားရေးလုပ်ငန်းတွေ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းတွေမှာ ရှင်သန်တိုးတက်နိုင်စွမ်းရှိဖို့ အထူးလိုအပ်မှာသာဖြစ်ပါတယ်။ ယှဉ်ပြိုင်မှုကို ရင်ဆိုင်တဲ့အခါ မည်သို့တုံ့ပြန်မလဲ၊ ဝန်ထမ်းအသစ်တွေခန့်ထားရာမှာ လုပ်ငန်းရဲ့သဘာဝနဲ့ မြန်မြန်ဆန်ဆန်ရင်းနှီးနိုင်အောင် မည်သို့ဆောင်ရွက်မလဲ။ မိမိလုပ်ငန်းရဲ့ ဈေးကွက်ကို ကျယ်ကျယ်ပြန့်ပြန့် မြင်နိုင်စွမ်းရှိအောင် မည်သို့ဆောင်ရွက်မလဲ။ ကျယ်ကျယ်ပြန့်ပြန့် မြင်နိုင်စွမ်းရှိအောင် မည်သို့ဆောင်ရွက်မလဲ။ နည်းပညာအသစ်တွေကို ကျင့်သုံးရာမှာ မည်သို့စီစဉ်သင့်သလဲ။ ဒီမေးခွန်းတွေရဲ့ အဖြေတွေရှာဖွေရာမှာ မြင်းတွေရဲ့ အရည်အချင်း၊ အရည်အသွေးတွေကို သတိပြုပြီး စီမံဆောင်ရွက်သင့်ပါတယ်။

စာဖတ်သူများအနေနဲ့ မြင်းနှစ်မှာမွေးဖွားခဲ့သည်ဖြစ်စေ၊ အခြားနှစ်တွေမှာ မွေးဖွားခဲ့သည်ဖြစ်စေ၊ ၂၀၁၄ ခုနှစ်မှာ မြင်းလိုကျင့်ကြံနေထိုင်ကြပါစို့လို့ တိုက်တွန်းအပ်ပါတယ်။ ၂၀၁၄ ခုနှစ်ဟာ ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးကြီးတဲ့နှစ် တစ်နှစ်ဖြစ်တယ်။

ဒီနှစ်မှာ မှန်ကန်တဲ့ အဆုံးအဖြတ်တွေ နယ်ပယ်အသီးသီးမှာချမှတ်သွားဖို့ အလွန်လိုအပ်နေပါတယ်။ အခုလိုစဉ်းစားရာမှာ တရုတ်ပြက္ခဒိန်အရ မြင်းနှစ်ဖြစ်ကြောင်း သတိပြုဖို့လိုအပ်မှာ ဖြစ်ပါတယ်။ မြင်းနှစ်မှာ မြန်မာ ပြည်သူပြည်သားတွေ စိတ်ရောကိုယ်ပါ စိတ်ချမ်းသာနိုင်ပါစေလို့ ဆုတောင်းမိပါတယ်။ လာမယ့် ၁၂ လ အတွင်း အောင်မြင်မှုတွေရအောင် တစ်နိုင်ငံလုံး ဝိုင်းဝန်းဆောင်ရွက်ဖို့ အထူးလိုအပ်မှာဖြစ်ပါတယ်။ ။

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူ

တာချီလိတ် မတ် ၃၀

ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူမှုကို တာချီလိတ်ခရိုင်အတွင်းရှိ တာချီလိတ်မြို့နယ် တာလေမြို့နယ်ခွဲ ကျိုင်းလပ်မြို့နယ်ခွဲများအတွင်းရှိ ရပ်ကွက်နှင့်ကျေးရွာများတွင် မတ် ၃၀ ရက်မှ စတင်ဆောင်ရွက်ရာ UNFPA မှ International Observer Mr.Bart de Bruijn နှင့် Independent Observer ဒေါ်သီတာဦးတို့သည် ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ခံမှုအခြေအနေများကို လာရောက်လေ့လာကြည့်ရှုရာ တာချီလိတ်ခရိုင် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးကျော်စွာလွင်၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးနှင့်တာဝန်ရှိသူများက သိရှိလိုသော အချက်အလက်များကို စာရင်းဇယားများ၊ ရုပ်ပုံကားချပ်များ၊ ဓာတ်ပုံများနှင့်တကွ ရှင်းနီးပွင့်လင်းစွာ ဖြေကြားပေးခဲ့ကြကြောင်း သိရသည်။ **မောင်ယဉ်ကျေး**

ဓာတ်အားခ တိုးမြှင့်ရခြင်း၏ရည်ရွယ်ချက် မရမ်းကုန်း၌ ရှင်းလင်းတင်ပြ

ရန်ကုန် မတ် ၃၀

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန လမ်းညွှန်မှုဖြင့်လျှပ်စစ်ဓာတ်အားခ တိုးမြှင့်ကောက်ခံခြင်းနှင့်ပတ်သက်၍ မတ် ၂၄ ရက် ညနေ ၆ နာရီက မရမ်းကုန်းမြို့နယ် (၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားလမ်းရှိ သမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်ရင်ပြင် အောင်ဓမ္မာရုံကြီး၌ မြို့နယ်၊ ရပ်ကွက်နေပြည်သူတို့အား မြို့နယ်လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးမင်းမင်းက ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထိုသို့ပြောကြားရာတွင် "နိုင်ငံတော်အတွင်း ဓာတ်အားခနှုန်းထားများ အမျိုးမျိုးဖြစ်ပေါ်နေရာမှ ဓာတ်အားခနှုန်းထား ကွာဟမှုနည်းပါးလာစေပြီး အခွန်ထမ်းပြည်သူအချင်းချင်း အတူတူ သာတူညီမျှဖြစ်ပေါ်လာစေရန်လည်းကောင်း၊ ဓာတ်အားမရရှိသေးသော အိမ်ထောင်စု ၇၀ ရာခိုင်နှုန်း နေထိုင်သော ဒေသရှိပြည်သူများဓာတ်အားခွဲရုံများတည်ဆောက်ပေးနိုင်စေရန် လည်းကောင်း ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များအနေဖြင့် ယခုထက်ပိုမိုရင်းနှီးမြှုပ်နှံစေရန်လည်းကောင်း ရည်ရွယ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဘဏ္ဍာမှ စိုက်ထုတ်အရှုံးခံ ဖြန့်ဖြူးခြင်းအတွက် ဘဏ္ဍာရေးအခက်အခဲလျော့ကျခြင်း ဓာတ်အားတိုးချဲ့ဖြန့်ဖြူးပေးရန် လိုအပ်သောဒေသများအတွက် ဓာတ်အားပေးစက်ရုံ၊ ဓာတ်အားလိုင်း၊ ဓာတ်အားခွဲရုံများတည်ဆောက်နိုင်ခြင်း၊ အခြားသော ပညာရေး ကျန်းမာရေးစသည့်ကဏ္ဍများတွင် အကျိုးရှိရှိသုံးစွဲနိုင်ခြင်း၊ ဓာတ်အားကို လုံလုံလောက်လောက် ပို့လွှတ်ဖြည့်ဆည်းပေးနိုင်ခြင်းအကျိုးကျေးဇူးများရရှိမည် ဖြစ်ကြောင်း" မြို့နယ်လျှပ်စစ်ဓာတ်အားပေးဝေရေးအဖွဲ့ အုပ်ချုပ်ရေးမှူး ဦးမင်းမင်းက ရှင်းလင်းပြောကြားသည်။ **(ဝ၁၅)**

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့တွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကောက်ယူခြင်းကို မတ် ၃၀ ရက်က ရွာကောက်ရပ်ကွက်အုပ်စု သာယာကုန်း (D) တွင် တာဝန်ကျ စာရင်းကောက်ဆရာမက သန်းခေါင်စာရင်းပါအချက်များကို မေးမြန်းစဉ်။

သူဇာလှိုင် (စက်မှု)

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ဝန်ထမ်းအိမ်ရာရပ်ကွက်များ၌ သန်းခေါင်စာရင်းကောက်ယူမှုကြည့်ရှုအားပေး

နေပြည်တော် မတ် ၃၀

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်း၏ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်၊ ဝန်ထမ်းအိမ်ရာ၊ ရပ်ကွက်များ၌ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ကောက်ယူရေးအစီအစဉ်များကို နေပြည်တော်ကောင်စီ သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီနယ်မြေဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စည်ပင်သာယာရေး ကော်မတီ အိမ်ရာဝင်းအတွင်းရှိ နှစ်ခန်းတွဲလုံးချင်းအိမ်ရာ ကော်မတီဝင် ဦးမင်းမင်းဇော်၏ နေအိမ်သို့လည်းကောင်း၊ တိုက်အမှတ် ဘီ-၂ အခန်း ၀၄ ဦးစောညီညီထွန်း အငယ်တန်းအင်ဂျင်နီယာ -၃ ၏ နေအိမ်ခန်းသို့လည်းကောင်း သွားရောက်၍ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့ စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီနယ်မြေဥက္ကဋ္ဌ ဦးသိန်းညွန့်နှင့် အဖွဲ့ဝင်များ သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့ စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးစဉ်။

(သတင်းစဉ်)

ကြည့်ရှုအားပေး

ဆက်လက်၍ ဇမ္ဗူသီရိမြို့နယ်အတွင်းရှိ ရွှေကြာပင်ရပ်ကွက် ချင်းတွင်း ၁ လမ်း၊ အိမ်အမှတ် (၂၀၈၀) ရှိ ဒေါ်လှချို၏ နေအိမ်သို့ လည်းကောင်း၊ သပြေကုန်းရပ်ကွက် နယ်မြေ-၃ ကံ့ကော်လမ်း အိမ်အမှတ် (၀၄)ရှိ ဦးဌေးဝင်း၏ နေအိမ်သို့လည်းကောင်း သွားရောက်၍ သန်းခေါင်စာရင်းကောက်ယူရေး အဖွဲ့များ၏ စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဇမ္ဗူသီရိမြို့နယ်ဝန်ထမ်းအိမ်ရာ ရပ်ကွက်ကြီး (၉)ရပ်ကွက်အတွင်းရှိ ဝဏ္ဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၅၂၀၄) အခန်း ၀၂ ရှိ ဒေါ်သီသီလွင် ဒု-လ/ထ ညွှန်ကြားရေးမှူး စက္ကူနှင့် အိမ်သုံးပစ္စည်းလုပ်ငန်း၊ တိုက်အမှတ် (၅၂၀၇) အခန်း ၀၂ရှိ ဒေါ်လှလှမြင့် ဒု-လ/ထ ညွှန်ကြားရေးမှူး ဆေးဝါးနှင့် စားသောက်ကုန်လုပ်ငန်း၊ သုခသိဒ္ဓိရပ်ကွက်ရှိ တိုက်အမှတ် (၄၃၇၉) အခန်း ၀၆ ရှိ ဦးအောင်မြင့် ယာဉ်မောင်း စက်မှုလယ်ယာဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဉာဏသိဒ္ဓိရပ်ကွက် တိုက်အမှတ် (၃၃၂၄) အခန်း ၀၃ ရှိ ဦးသန်းလှိုင် လ/ ထ ကွန်ပျူတာ လုပ်ဆောင်ရေးမှူး ဝန်ကြီးရုံး ပြည်ထဲရေးဝန်ကြီးဌာနတို့၏ နေအိမ်ခန်းများသို့ လည်းကောင်း သွားရောက်၍ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့ ကောက်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ထို့မှတစ်ဆင့် နေပြည်တော် သန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌသည် လယ်ဝေးမြို့သို့ ဆက်လက်ထွက်ခွာပြီး အမှတ် (၆)ရပ်ကွက်၊ ရန်ကုန်-မန္တလေးလမ်းရှိ ဒေါ်သီတာမောင်မောင် နေအိမ်သို့လည်းကောင်း၊ အမှတ် (၁) ရပ်ကွက်၊ အိမ်အမှတ် (၂၃၇) ရှိ ဦးလှအောင်၏ နေအိမ်သို့လည်းကောင်း သွားရောက်၍ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့များ၏ စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပျဉ်းမနားမြို့သို့ ရောက်ရှိပြီး ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက် သာယာကုန်း-၂ ရန်ကုန်-မန္တလေးလမ်း အမှတ်၁၂/ ၃၇ ရှိ ဦးမြင့်အောင်၏ နေအိမ်သို့ လည်းကောင်း၊ ပျဉ်းမနားမြို့ ရွာကောက်ရပ်ကွက်၊ ပန်းခင်း-၁ အိမ်အမှတ် (၁၀၈) ရှိ ဦးဝင်းတင်၏ နေအိမ်သို့ လည်းကောင်း ရောက်ရှိပြီး သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့များ၏ စာရင်းကောက်ယူနေမှုများကို ကြည့်ရှုအားပေးသည်။

ကောက်ယူသွားမည်

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်အတွင်း လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းဆိုင်ရာ အချက်အလက်များ ကောက်ယူရေးအတွက် ကောက်ကွက်ပေါင်း ၁၈၇၆ ကွက် သတ်မှတ်၍ အိမ်ထောင်စု ၂၄၃၂၅၅ စုကို စာရင်းစစ်၊ စာရင်းကောက်အင်အား ၂၇၉၆ ဦးဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၏ ပူးပေါင်းကူညီမှုဖြင့် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်မှ စ၍ဧပြီ ၁၀ ရက် နေ့ အထိ ပြီးစီးအောင် ကောက်ယူသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စစ်တွေမြို့ပေါ် သန်းခေါင်စာရင်းကောက်ယူမှု ဒေသခံများပူးပေါင်းပါဝင်

မြန်မာနိုင်ငံတွင် ၁၉၈၃ ခုနှစ် နောက်ပိုင်း ကောက်ယူနိုင်ခြင်းမရှိခဲ့သည့် ပြည်လုံးကျွတ်သန်းခေါင်စာရင်းကို ယခုနှစ် မတ် ၃၀ ရက် နံနက် ၇ နာရီမှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဖြန့်ကြက်ကောက်ယူလျက်ရှိသည်။ ယင်းသို့ကောက်ယူရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ မြန်မာတစ်နိုင်ငံလုံး၌ သန်းခေါင်စာရင်းကောက်ယူရာတွင် နိုင်ငံတကာ စံချိန်စံညွှန်း ၊လူ့အခွင့်အရေး စံနှုန်းများနှင့် ညီညွတ်စေရန် ကုလသမဂ္ဂ လူဦးရေ ရန်ပုံငွေအဖွဲ့ (UNFPA)နှင့် သန်းခေါင်စာရင်းဆိုင်ရာ နိုင်ငံတကာနည်းပညာအကြံပေးအဖွဲ့ (ITAB)တို့၏ အကူအညီများဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပြီး သန်းခေါင်စာရင်း ကောက်ယူမှုရလဒ်များကို အကြိုအဖြစ် ၂၀၁၄ ခုနှစ် ဩဂုတ်လတွင် သိရှိနိုင်မည်ဖြစ်ပြီး နောက်ဆုံးရလဒ်များကို ၂၀၁၅ ခုနှစ် ပထမလေးလပတ်အတွင်း ထုတ်ပြန်သွားနိုင်မည်ဟု လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ တရားဝင်ထုတ်ပြန်ထားသော သတင်းများအရ သိရသည်။ မတ် ၃၀ ရက်မှစတင်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကောက်ယူလျက်ရှိသော သန်းခေါင်စာရင်း လုပ်ငန်းစဉ်အား ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် စစ်တွေမြို့ပေါ်ဒေသခံပြည်သူများ ပါဝင်ဆောင်ရွက်နေမှုအခြေအနေကို မြန်မာ့သတင်းစဉ် (ပြည်တွင်း)က တွေ့ဆုံမေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။

စစ်တွေမြို့ပေါ်တွင် သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့က အိမ်တိုင်ရာရောက် စာရင်းကောက်ယူနေစဉ်။

ဦးသာထွန်းအောင်
စစ်တွေမြို့ ရှုပမြောက်ရပ်ကွက်
ရှုပမြောက်ရပ်ကွက် အထောက်အကူပြုရေးကော်မတီ

"ကျွန်တော်တို့ ရှုပမြောက်ရပ်ကွက်မှာ မွန်းလွဲ ၁ နာရီက စကောက်ပါတယ်။ ရပ်ကွက်သန်းခေါင်စာရင်းကော်မရှင်ရုံးကို ရှုပမြောက်အမက (၃)မှာ ဖွင့်ထားပြီး အဲ့ဒီကျောင်းမှာ တာဝန်ကျတဲ့ဆရာ ဆရာမတွေလည်း သန်း ခေါင်စာရင်းကောက်ယူရာမှာ ပါဝင်ပါတယ်။ သန်းခေါင်စာရင်းကောက်တဲ့နေရာမှာ ဒေသခံတွေလည်းလိုလိုလားလား ဖြေကြပါတယ်။ အရင်က သပိတ်မှောက်တာမျိုးရှိပေမယ့် အခုအချိန်မှာ သပိတ်လှန်လိုက်ပြီဆိုတော့ အကုန်လုံးအဆင်ပြေပါတယ်။ ရခိုင်ပြည်နယ်အစိုးရအနေနဲ့ ပြေပြေလည်လည်ဖြစ်အောင် ဆောင်ရွက်ပေးတယ်ဆိုတော့ ရပ်ကွက်သူရပ်ကွက်သားတွေ လည်းပျော်ကြတာပေါ့။ ရှုပမြောက်ရပ်ကွက်မှာ အိမ်မြေ ၂၀၀ ကျော်ရှိပြီး အားလုံး အေးအေးဆေးဆေးပါပဲ။"

ဒေါ်ဥမ္မာစိုး
မူလတန်းပြဆရာမ
အမက(၃) ရှုပမြောက်ရပ်ကွက်

"သန်းခေါင်စာရင်းကောက်ယူတာအားလုံးအဆင်ပြေပါတယ်။ ချောချောမွေ့မွေ့ပါပဲ။ ရှုပမြောက်ရပ်ကွက်မှာ သန်းခေါင်စာရင်းကောက်ဖို့ အကွက်(၁) နဲ့(၂)သတ်မှတ်ထားပြီး ကျွန်မက အကွက်(၂)ကို ကောက်ဖို့ တာဝန်ယူထားပါတယ်။ ဒီနေ့မှာ

မွန်းလွဲ ၁ နာရီက စကောက်ဖြစ်ပေမယ့် နောက်နေ့တွေမှာ နံနက် ၇ နာရီကတည်းက စကောက်မယ်။ ရပ်ကွက်ကလည်းပံ့ပိုးပေးပါတယ်။ ဒီရပ်ကွက်မှာ ပြီးအောင်ကောက်ယူဖို့ ခုနစ်ရက်၊ ရှစ်ရက်လောက် တော့ကြာမှာပေါ့။"

ကိုခိုင်ကျော်ငြိမ်း
ရှုပမြောက်ရပ်ကွက်

"ကျွန်တော်က ရှုပမြောက်ရပ်ကွက်လမ်းမကြီးတန်းမှာနေတယ်။ သန်းခေါင်စာရင်းလာကောက်တာ ကျွန်တော့်အတွက် အခက်အခဲမရှိပါဘူး။ ကျွန်တော်တို့ကလည်း ရခိုင်သား၊ လာမေးပြီး သန်းခေါင်စာရင်းလာကောက်တဲ့ ဆရာမတွေကိုယ်တိုင်ကလည်း ကိုယ့်တိုင်းရင်းသူတွေပဲဆိုတော့ ဖြေရတာလည်းအခက်အခဲ

မရှိပါဘူး။ အခုဆို ကျွန်တော့်အသက် (၃၁နှစ်)ထဲဝင်နေပြီ။ ဒီသန်းခေါင်စာရင်းကောက်တာ တစ်ခါမှမတွေ့ဖူးဘူး။ ဒါဟာ ကျွန်တော့်အတွက် ပထမဆုံးအကြိမ်ပါ။ ဒီသန်းခေါင်စာရင်းကောက်တဲ့ကိစ္စမှာ နိုင်ငံတော်ကပြောထားတဲ့ တိုင်းပြည်ရဲ့ လူမှုရေး၊ စီးပွားရေး အစစအရာရာ တိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်။ ရခိုင်သူ၊ ရခိုင်သားတွေလည်း သန်းခေါင်စာ ရင်း ကောက်တာနဲ့ပတ်သက်ပြီး လွတ်လပ်မှုရှိတယ်ဆိုတာ သိရလို့ ဝမ်းသာပါတယ်။ သန်းခေါင်စာရင်းကောက်တာကို ကျွန်တော့်အနေနဲ့ ကြိုဆို ထောက်ခံပါတယ်။

ဦးစိန်မောင်
တရားသီးစုရပ်ကွက်

သန်းခေါင်စာရင်းလာ ကောက်မယ်ဆိုတာ သိပါတယ်။ အိမ်ကိုတော့ လာမကောက်သေးဘူး။ လာကောက်ရင် ဖြေပေးမှာပေါ့။ အသက် ၅၀ ရှိပြီ။ သန်းခေါင်စာရင်းကောက်တာ မကြုံဖူးသေးဘူး။"

ဒေါ်သိန်းသန်းစု
မူလတန်းပြဆရာမ

"ကျွန်မက စစ်တွေမှာပဲမွေးတာပါ။ မူလတန်းပြဆရာမပေါ့။ အခုတော့ သန်းခေါင်စာရင်းကောက်ရာထူးကိုရထားတာပေါ့။ သန်းခေါင်စာရင်းကောက်မှာ ဇန်နဝါရီကတည်းက သိတယ်။ သင်တန်းခြောက်ရက်တက်ရတယ်။ ဒေသခံတွေက လိုလိုလားလားလှိုက်လှိုက်လှဲလှဲ ဖြေပေးတယ်။ အခက်အခဲမရှိပါဘူး။ အားလုံးအဆင်ပြေတယ်။ တစ်အိမ်ကို မိနစ် ၃၀လောက် ကောက်ရတယ်။ ၆ နာရီပြန်ဝင်ရမှာဆိုတော့ ငါးအိမ်လောက်ပဲပြီးမှာပေါ့။ လူအင်အားက စာရင်းစစ်တစ်ယောက်၊ စာရင်းကောက်နှစ်ယောက်၊ တာဝန်ခံနဲ့ ရပ်ကွက်စာရေးမအားလုံး ရှစ်ယောက်လောက်ပါပါတယ်။ တာဝန်ရှိသူတွေက နေရာထိုင်ခင်းနဲ့ လုံခြုံမှုအတွက် တာဝန်ယူပေးထားတယ်။ အခက်အခဲမရှိပါဘူး။"

ဒေါ်အေးမြသိန်း
စစ်တွေမြို့ တရားသီးစုရပ်ကွက်

"မဖြေချင်တဲ့ မေးခွန်းမရှိပါဘူး။ အားလုံးအဆင်ပြေတယ်။ မြန်မာတစ်ပြည်လုံး သန်းခေါင်စာရင်းကောက်တာဆိုတော့ ဒေသခံတွေအားလုံး ဖွံ့ဖြိုးတိုးတက်ဖို့လူဦးရေစာရင်းအတိအကျရအောင် ကောက်တယ်လို့ထင်ပါတယ်။ လွန်ခဲ့တဲ့နှစ် ၃၀ ကျော်လောက်က ဒီမှာပဲ တစ်ခါကောက်ဖူးပါတယ်။ အဲဒီတုန်းကတော့ ကြုံဖူးတယ်။ အသက် ၄၉ နှစ်ရှိပါပြီ။"

သန်းခေါင်စာရင်း ကောက်ယူခြင်းသည် သတ်မှတ်ချိန်တစ်ခုအတွင်း နိုင်ငံတစ်နိုင်ငံလုံးလွှမ်းခြုံ၍ လျှပ်တစ်ပြက်ဓာတ်ပုံရိုက်ယူခြင်းပင်ဖြစ်သည်။ သန်းခေါင်စာရင်းကောက်ယူမှုကို ခံယူခြင်းအားဖြင့် မိမိနိုင်ငံ၏ လူဦးရေ၊ နေထိုင်မှုအခြေအနေများ၊ ကျား/မ အသက်အပိုင်းအခြားအလိုက် လူဦးရေနှင့် အခြေခံဝန်ဆောင်မှုများ၏ လက်လှမ်းမီရရှိနိုင်မှုတို့ကို သိရှိမည်ဖြစ်သည်။ ယခုကောက်ယူသော သန်းခေါင်စာရင်းသည် ယခင်ကကောက်ယူခွင့်မရသည့် 'ဝ'ဒေသကဲ့သို့ ဒေသများတွင်ပါ ကောက်ယူခွင့်ရမည်ဖြစ်၍ ၁၉၈၃ ခုနှစ်တွင် ကောက်ယူခဲ့သော သန်းခေါင်စာရင်းထက် ပိုမိုထိရောက်အောင်မြင်နိုင်မည်ဖြစ်သည်။

ရဲခေါင်ညွန့်

ပြည်တွင်းသတင်း

နိုင်ငံတော်၏ အနာဂတ်၊ လူထု၏ မျှော်လင့်ချက်များကို ပုံဖော်ပေးနိုင်ရန် သန်းခေါင်စာရင်းကြီးတွင် လူတိုင်းအကောက်ခံပြီး မှန်မှန်ကန်ကန်ဖြေကြားပေး

နေပြည်တော် မတ် ၂၀

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ စစ်တွေမြို့သို့ ရောက်ရှိကြသည်။

ယင်းနောက် စစ်တွေမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ဒုတိယသမ္မတအား ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်က ရခိုင်ပြည်နယ်အတွင်း လတ်တလော ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ဖြစ်ရပ်များအပေါ် ထိန်းသိမ်းဆောင်ရွက်ခဲ့မှုနှင့် လုံခြုံရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက ရခိုင်ပြည်နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူရေးဆိုင်ရာ ကိစ္စများမှ နိုင်ငံခြားသားများ အဆင်ပြေလုံခြုံစွာ နေထိုင်နိုင်ရေးကိစ္စရပ်များကိုလည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး လှမင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းတို့က ပြည်နယ်အတွင်း နယ်မြေအေးချမ်းလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌ ဦးထိန်လင်းက ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် သန်းခေါင်စာရင်းကောက်ယူမှု လုပ်ငန်းစဉ်များတွင် လွှတ်တော်ကိုယ်စားလှယ်များ ရပ်များအပေါ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်လုပ်ဆောင်သွားမည့် အစီအမံများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မောင်မောင်အုန်းက ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံတကာအဖွဲ့အစည်း ပါဝင်ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း စစ်တွေမြို့နယ် ဘာဆာရာကျေးရွာတွင် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း စစ်တွေမြို့နယ်တွင် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားရာတွင် နိုင်ငံတော်၏ လက်ရှိနှင့် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် တိကျမှန်ကန်သော လူဦးရေဆိုင်ရာ ကိန်းဂဏန်းများရရှိရန် လိုအပ်ချက်အရ သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းစဉ်ကြီးကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ လွန်ခဲ့သော သုံးနှစ်ခန့်က စတင်စီမံပြင်ဆင်ပြီး ကမ္ဘာ့ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့နှင့် နီးကပ်စွာ ပူးပေါင်းကြိုးပမ်းခဲ့ကြပါကြောင်း၊ သန်းခေါင်စာရင်းဆိုသည်မှာ လူဦးရေ စုစုပေါင်း အရေအတွက်မျှကိုသာ ဖော်ထုတ်ရရှိနိုင်ခြင်းမဟုတ်ဘဲ နိုင်ငံ့လူဦးရေတည်ရှိမှု၊ ၊ မျိုးနွယ်စုပါဝင်ဖွဲ့စည်းမှုတို့ကိုပါ ဖော်ညွှန်းနိုင်ပါကြောင်း၊ နိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို ထိရောက်စွာ ကာကွယ်မြှင့်တင်ရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သော အချက်အလက်ပေါင်းများစွာကို သန်းခေါင်စာရင်းမှ ရရှိနိုင်မည်ဖြစ်ရာ နိုင်ငံတော်၏အနာဂတ်၊ လူထု၏ မျှော်လင့်ချက်များကို ပုံဖော်ပေးနိုင်ရန် ယခုဆောင်ရွက်မည့် သန်းခေါင်စာရင်းကြီးတွင် လူတိုင်း အကောက်ခံပြီး မှန်မှန်ကန်ကန် ဖြေကြားပေးကြရန် လိုပါကြောင်း။

သန်းခေါင်စာရင်းကောက်ယူခြင်း လုပ်ငန်းစဉ်ကြီးအပေါ် မရိုးမဖြောင့်သော သဘောဖြင့် အခွင့်ကောင်းယူ အမြတ်ထုတ်ရန် ကြိုးပမ်းမှုများကိုလည်း သတိကြီးစွာဖြင့် စောင့်ကြည့်ကာကွယ်သွားရမှာဖြစ်ပါကြောင်း။

အဆင့်ဆင့်သော သန်းခေါင်စာရင်းကော်မတီများက မြေပြင်အရောက်ကွင်းဆင်းထိတွေ့ပြီး အသေးစိတ်လိုအပ်ချက်များ ဖြည့်ဆည်းပေးကာ လုပ်ငန်းအချိန်အဟုန် မြှင့်တင်ပေးကြရန်ဖြစ်ကြောင်း၊ အနှောင့်အယှက် အခက်အခဲများကိုလည်း အချင်းချင်း နားလည်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့် ကျော်လွှားသွားရန်ဖြစ်ကြောင်း၊ နိုင်ငံတော်၏ အမျိုးသားရေး လုပ်ငန်းတာဝန်အဖြစ်ခံယူပြီး လူတိုင်းပါဝင်ရန် လိုအပ်ပါကြောင်း၊ လုပ်ငန်းစဉ် နှောင့်နှေးရပ်တန့်မှုမရှိဘဲ ပြီးပြည့်စုံအောင်မြင်သည်အထိ လူတိုင်းကိုယ်စီ ပါဝင်ကြရန် ဖြစ်ပါကြောင်း၊ လုံခြုံတည်ငြိမ်အေးချမ်းစွာဖြင့် စည်းကမ်းရှိရှိ စနစ်တကျ လုပ်ဆောင်နိုင်ရေးအတွက် တာဝန်ရှိအဖွဲ့အစည်းအသီးသီးမှ လက်တွဲပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းဖြင့် မှာကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် စစ်တွေမြို့ ကျည်းပင်ကြီးရပ်ကွက် ရွှေသာလမ်းနှင့် ဘာဆာရာကျေးရွာရှိ ပြည်သူများအား သန်းခေါင်စာရင်းကောက်ယူနေမှုအခြေအနေများကို သွားရောက်ကြည့်ရှုပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးခဲ့သည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းစတင်

နေပြည်တော် မတ် ၂၀

ရန်ကုန် အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်အတွင်း ကောက်ကွက်ပေါင်း ၅၄ ခု၊ အိမ်ထောင်စုပေါင်း ၆၄၅၈ စု၊ လူဦးရေခန့်မှန်း သုံးသောင်းကျော်ခန့် (၁၁)ရပ်ကွက်ရှိရာ စာရင်းစစ်/စာရင်းကောက် ၇၃ ဦးက ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ ထိုသို့စာရင်းကောက်မှု ပထမနေ့တွင် မြို့နယ်သန်းခေါင်စာရင်းကော်မတီဝင်များ၊ ရပ်ကွက်သန်းခေါင်စာရင်း ကော်မတီဝင်များက လိုက်လံကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးလျက်ရှိသည်။

မြို့နယ်အတွင်းစာရင်းကောက်အဖွဲ့များက နံနက် ၇ နာရီမှ ညနေ ၅ နာရီအထိ နေ့စဉ်ကောက်ယူသွားမည်ဖြစ်သည်။

လသာ

အလားတူ လသာမြို့နယ် အမှတ် (၇) ရပ်ကွက် မဟာဗန္ဓုလလမ်း တိုက်အမှတ်(၆၀၁-၆၀၃)တွင် လသာမြို့နယ် သန်းခေါင်စာရင်းအဖွဲ့ဝင်များ၊ စာရင်းစစ်၊ စာရင်းကောက်ဆရာမများက မတ် ၃၀ ရက် နံနက် ၇ နာရီမှ စတင်၍ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း စတင်ကောက်ယူနေကြောင်း သိရသည်။

မြိတ်

ထို့အတူ ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းကို မြိတ်ခရိုင်မြိတ်မြို့၌ သန်းခေါင်စာရင်း ကောက်ယူရေးကော်မတီများက ကြီးကြပ်ကာစာရင်းကောက် စာရင်းစစ်များဖြင့် စတင်ဆောင်ရွက်လျက်ရှိသည်။

ယနေ့တွင် မြိတ်မြို့နယ်အတွင်း စာရင်းကောက်၊ စာရင်းစစ်များဖြင့် အဖွဲ့အစည်းမေးခွန်းပုံစံ (၁၁)ချက်ဖြင့် ဟိုတယ်ငါးလုံး၊ တည်းခိုခန်း ၃၀၊ ပြည်သူ့ဆေးရုံနှင့် မိခင်နှင့်ကလေးဆေးရုံ၊ ပုဂ္ဂလိကဆေးရုံ သုံးရုံနှင့် မြိတ်တက္ကသိုလ်တို့တွင် သန်းခေါင်စာရင်း ကောက်ယူရေး လုပ်ငန်းကို စတင်ဆောင်ရွက်လျက်ရှိသည်။ အိမ်ထောင်စုများတွင် စာရင်းကောက်ယူခြင်းကို မတ် ၃၀ ရက်မှဧပြီ ၁၀ ရက်အတွင်း နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်သည်။

ကျောက်မဲ

ရှမ်းပြည်နယ် ကျောက်မဲမြို့တွင် ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မတ် ၂၉ ရက် ည ၁၀ နာရီမှ စတင်ပြီးမြို့အတွင်းရှိ တည်းခိုခန်းများ၊ ကားဂိတ်များ၊ အိမ်ခြေမဲ့များနှင့် ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသူများကို မြေပြင်ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် မတ် ၃၀ ရက် နံနက် ၆ နာရီတွင် ရပ်ကွက်/ကျေးရွာများအလိုက် ဆက်လက်ကွင်းဆင်းဆောင်ရွက်လျက်ရှိသည်။

ရပ်ကွက်နှင့် ကျေးရွာများအလိုက် မြေပြင်ကွင်းဆင်းပြီးသန်းခေါင်စာရင်းကောက်ယူရာတွင် စာရင်းစစ်၊ စာရင်းကောက်များက တစ်အိမ်တက်ဆင်း စာရင်းကောက်ယူခြင်း၊ စာရင်းကောက်ယူပြီးသော အိမ်များကို အမှတ်အသားထားရှိခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်းနှင့် နေ့စဉ်နံနက် ၇ နာရီမှ ညနေ ၆ နာရီအထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် သန်းခေါင်စာရင်း စတင်ကောက်ယူခြင်းလုပ်ငန်းကို မတ် ၃၀ ရက်နံနက် ၇ နာရီမှစတင်ပြီး ညနေ ၆ နာရီအထိ စစ်ကိုင်းတိုင်းဒေသကြီးတစ်ခုလုံးတွင် တစ်ပြိုင်နက်တည်း စတင်ကောက်ယူလျက်ရှိသည်။

နံနက် ၇ နာရီမှစတင်ပြီး လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူခြင်းလုပ်ငန်းကို ရပ်ကွက်/ကျေးရွာတာဝန်ရှိသူများနှင့် ပူးပေါင်းပြီး အိမ်တိုင်ရာရောက် စာရင်းစစ်၊ စာရင်းကောက်အဖွဲ့များက လိုက်လံကွင်းဆင်းပြီး ကောက်ယူလျက်ရှိရာ ဒေသခံပြည်သူများကလည်း မေးခွန်းများကို တိကျမှန်ကန်စွာ ဖြေကြားလျက်ရှိသည်။

လှိုင်ကော်

ကယားပြည်နယ် လွိုင်ကော်မြို့၌ မတ် ၂၉ ရက် နံနက် ၇ နာရီမှ စတင်ပြီး လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းများ စတင်ကောက်ယူလျက်ရှိရာ မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အသီးသီးမှ ကောက်ကွက်များဖြစ်သည့် ဘုန်းတော်ကြီးကျောင်းများ၊ ခရစ်ယာန်ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများ၊ ဘော်ဒါဆောင်များ၊ လူငယ်ပရဟိတကျောင်းများ၊ ဘိုးဘွားရိပ်သာများ၊ ဗလီကျောင်းများတွင် စုဖွဲ့နေထိုင်ကြသည့် လူဦးရေစာရင်းကို ပထမဦးစွာ သွားရောက်ကောက်ယူခဲ့ကြသည်။

တောင်ကြီး

၂၀၁၄ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုလုပ်ငန်းကို ရှမ်းပြည်နယ် တောင်ကြီးမြို့တွင် မတ် ၃၀ ရက် နံနက် ၈ နာရီမှစတင်၍ စာရင်းကောက်ဆရာမများက တစ်အိမ်တက်ဆင်းကောက်ယူလျက်ရှိပြီး တောင်ကြီးမြို့ မြို့ပေါ်ရပ်ကွက် ၂၂ ရပ်ကွက်တွင် ကောက်ယူခဲ့ကာ တောင်ကြီး ဟိုတယ် ဝန်ထမ်းအိမ်ရာတို့တွင် ဆက်လက်ကောက်ယူခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ရပ်ကွက်များရှိ နေအိမ်များ၌ မိသားစုဝင်များအား သန်းခေါင်စာရင်းကောက်ယူရေးအဖွဲ့မှ လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူကြစဉ်။ (သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းဆောင်ရွက်

နေပြည်တော် မတ် ၂၀

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ဇေယျာသီရိမြို့နယ် ရပ်ကွက် (၄)ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၁၃ အုပ်စုတို့၌ ယနေ့နံနက် ၇ နာရီမှစတင်၍ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို မြို့နယ်နှင့် ရပ်ကွက်/ကျေးရွာအုပ်စု သန်းခေါင်စာရင်းကော်မတီများ၊ လူမှုရေးအဖွဲ့အစည်းများ၊ အထောက်အကူပြုအဖွဲ့အစည်းများပူးပေါင်း၍ ဆောင်ရွက်လျက်ရှိရာ ကောက်ကွက် ၂၀၈ ကွက်၊ စာရင်းကောက် ၂၁၆ ဦး၊ စာရင်းစစ် ၆၅ ဦးတို့ဖြစ်ပြီး နေပြည်တော်ကောင်စီဝင် ဒေါက်တာပိုင်စိုး ကွင်းဆင်းလာရောက်၍ ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

နှစ်ကူးအတာသင်္ကြန်ကာလအတွင်းပြေးဆွဲရန် ဆန္ဒပြုကြသည့် မြို့တွင်းအဝေးပြေးယာဉ်လိုင်းများစာရင်းအား မထသ(ဗဟို)က ထုတ်ပြန်

ရန်ကုန် မတ် ၂၀

မထသ(ဗဟို)စီမံမှုအောက်ရှိ အများပြည်သူ အသုံးပြုစီးနင်းနေကြသော ယာဉ်လိုင်းများအနက် မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း ပြေးဆွဲရန်ဆန္ဒပြုကြသည့် မြို့တွင်း၊ အဝေးပြေးယာဉ်လိုင်းများစာရင်းကို လမ်းအသုံးပြုကြသူများသိရှိစေရေးအတွက် မထသ(ဗဟို)က ထုတ်ပြန်လိုက်ပြီဖြစ်သည်။

အဆိုပါ နှစ်သစ်ကူးသင်္ကြန်ကာလအတွင်း မြို့တွင်းပြေးဆွဲမည့် ယာဉ်လိုင်းစာရင်းများအရ မြောက်ပိုင်းခရိုင်မှ ယာဉ်လိုင်းပေါင်းကိုးလိုင်းဖြင့် ၁၇၁ စီး၊ အရှေ့ပိုင်းခရိုင်မှ ယာဉ်လိုင်းပေါင်း ၁၀ လိုင်းဖြင့် ၁၆၅ စီး၊ မထသ(ရကတ)မှ ယာဉ်လိုင်းပေါင်း ၂၇ လိုင်းဖြင့် ၄၈၈ စီး၊ သန်မြန်သူမှယာဉ်လိုင်းပေါင်း ၁၅ လိုင်းဖြင့် ၃၀၆ စီး၊ တောင်ပိုင်းခရိုင်မှ ယာဉ်လိုင်းပေါင်း ကိုးလိုင်းဖြင့် ၅၇ စီး၊ ကန္ဒရဝတီမှယာဉ်လိုင်းပေါင်းသုံးလိုင်းဖြင့် ၁၇ စီး၊ ရွှေမြင်းပျံမှ ယာဉ်လိုင်းတစ်လိုင်းဖြင့် ရှစ်စီး၊ အနောက်ပိုင်းခရိုင်မှယာဉ်လိုင်းပေါင်း ၃၉ လိုင်းဖြင့် ၄၁၆ စီးတို့ဖြစ်ကြောင်းသိရပြီး ယာဉ်လိုင်းအရေအတွက် ၁၁၃ လိုင်းမှ ယာဉ်အစီးရေ ၁၆၂၈ စီးဖြင့် အများပြည်သူ အဆင်ပြေစေရေးအတွက် မြို့တွင်းပြေးဆွဲပေးမည်လည်းဖြစ်သည်။ ထို့အပြင် အဝေးပြေးယာဉ်လိုင်းမှ ယာဉ်လိုင်းများဖြစ်သော စည်းစိမ်ရှင်၊ မန်းရာဇာ၊ မန္တလာမင်းယာဉ်လိုင်းတို့မှ ရန်ကုန်-မန္တလေးခရီးစဉ်နှင့် ရန်ကုန်-နေပြည်တော်-မန္တလေး-ပြင်ဦးလွင်ခရီးစဉ်များအရ ယာဉ်အစီးရေသုံးစီးကိုလည်း ပိတ်ရက်မရှိပြေးဆွဲပေးမည်လည်း သိရသည်။

မထသ(ဗဟို)က ဥက္ကဋ္ဌဦးလှအောင်က "သင်္ကြန်ကာလအတွင်း မထသအနေနဲ့ အများပြည်သူအဆင်ပြေစေဖို့အတွက် ပြေးဆွဲနိုင်တဲ့ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများနှင့် ပေါင်းစပ်စီစဉ်ပြီးပြုလုပ်ပေးပါတယ်။ ဒီလိုပြေးဆွဲတဲ့အပိုင်းမှာလည်း ယာဉ်လုပ်သားတွေအနေနဲ့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာကြရမှာဖြစ်ပါတယ်။ ပြီးတော့ သင်္ကြန်ကာလအတွင်း ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် လိုက်နာဆောင်ရွက်ကြစေလိုပါတယ်။ ယာဉ်စီးခပိုမိုကောက်ခံတာတို့၊ မချေမငံဆက်ဆံတာတို့တော့ မဖြစ်စေချင်ပါဘူး။ ဒီအချက်တွေကိုယာဉ်လုပ်သားများက ဝိုင်းဝန်းစောင့်ထိန်းကြစေလိုပါတယ်" ဟု ပြောကြားခဲ့သည်။

မြန်မာ့ရိုးရာနှစ်သစ်ကူးအတာသင်္ကြန်ကာလအတွင်း အများပြည်သူပျော်ရွှင်စွာကုသိုလ်ကောင်းမှုများ ပြုလုပ်နေကြခြင်းကြောင့် ယာဉ်လုပ်သားများကလည်း သတ်မှတ်ယာဉ်စီးခကောက်ခံခြင်းဖြင့် ကုသိုလ်ယူသင့်ကြောင်းနှင့် လက်ရှိမထသ(ဗဟို)စီမံမှုအောက်တွင် ယာဉ်လိုင်းပေါင်း ၃၅၁ လိုင်းမှ ယာဉ်အစီးရေ စုစုပေါင်း ၆၅၇၉စီး ပြေးဆွဲပေးနေကြောင်း မထသ(ဗဟို)မှ စာရင်းများအရသိရသည်။

စိုးဝင်း(SP)

မတ် ၃၀ ရက်က ဗဟန်းမြို့နယ် ရွှေတောင်ကြား(၂)ရပ်ကွက် နှင်းဆီကုန်း ဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၁၉၁ ဦးအား ရန်ကုန်အနောက်ပိုင်းခရိုင် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဗဟန်းမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းသိန်း၊ မြို့နယ်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဦးစီးအရာရှိ ဦးရဲစိုးမြင့်၊ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ ဒေါ်မြတ်စုခိုင်၊ ရပ်ကွက်သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး ဒုတိယလဝကမှူး ဒေါ်မာမာစိုး၊ စာရင်းစစ်/စာရင်းကောက် ဆရာ ဆရာမများနှင့်အတူ အဖွဲ့အစည်းမေးခွန်းပုံစံ ၁၁ ချက်ဖြင့် စာရင်းကောက်ယူခဲ့စဉ်။ (သတင်းစဉ်)

အဘိုးအဘွားများနှင့်လူနာများအား သန်းခေါင်စာရင်းကောက်

ရန်ကုန် မတ် ၃၀

ယနေ့နံနက် ၇ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွား ၁၉၁ ဦးအား ရန်ကုန်အနောက်ပိုင်းခရိုင် သန်းခေါင်စာရင်းကော်မတီအတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်၊ ဗဟန်းမြို့နယ် သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်ထွန်းသိန်းနှင့် တာဝန်ရှိသူများသည် စာရင်းစစ်၊ စာရင်းကောက် ဆရာ ဆရာမများနှင့်အတူ သန်းခေါင်စာရင်းကောက်ယူခဲ့ကြသည်။

ရန်ကုန်ဆေးရုံကြီး

အလားတူ လသာမြို့နယ်ရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာအမျိုးသား ၇၇၄ ဦး၊ အမျိုးသမီး ၅၆၄ ဦး စုစုပေါင်း ၁၃၃၈ ဦးတို့အား စာရင်းစစ်၊ စာရင်းကောက်များက စာရင်းကောက်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မတ် ၃၀ ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ် အမှတ် (၉) ရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာအမျိုးသား ၇၇၄ ဦး၊ အမျိုးသမီး ၅၆၄ ဦး စုစုပေါင်း ၁၃၃၈ ဦးတို့ကို လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအဖွဲ့အစည်းမေးခွန်း ၁၁ ချက်ဖြင့် စာရင်းကောက်ယူခဲ့စဉ်။ (သတင်းစဉ်)

တံခွန်စိုက်ရေကူးပြိုင်ပွဲကျင်းပမည်

ရန်ကုန် မတ် ၃၀

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၄ ခုနှစ် မြန်မာနိုင်ငံလုံးဆိုင်ရာ သက်တမ်းအလိုက် တံခွန်စိုက်ရေကူးပြိုင်ပွဲကို မေ ၂၄ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ အဆိုပါ ရေကူးပြိုင်ပွဲတွင် ၁၀ နှစ်အောက်၊ ၁၁ နှစ်မှ ၁၂ နှစ်၊ ၁၃ နှစ်မှ ၁၄ နှစ်၊ ၁၅ နှစ်မှ ၁၇ နှစ်၊ ၁၈ နှစ်နှင့်အထက် ပြိုင်ပွဲများ ပါဝင်မည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့် မျိုးဆက်သစ်များ၏ မွေးသက္ကရာဇ်များကို ယခင်ကျင်းပခဲ့သော ပြိုင်ပွဲများတွင် စာရင်းသွင်းထားသော မွေးသက္ကရာဇ်များနှင့် ပြန်လည်စစ်ဆေးအတည်ပြုသွားမည်ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်မည့်သူများသည် မေ ၁၄ ရက် နောက်ဆုံးထား၍ မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ် အုပ်ချုပ်ရေးမှူးရုံးခန်းတွင် အမည်စာရင်း ပေးသွင်းရမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲနှင့်စပ်လျဉ်း၍ ဖုန်း ၀၁-၃၇၈၅၅၀၊ ၀၉-၄၂၀၀၂၉၁၂၆ (တွဲဖက်အတွင်းရေးမှူး)၊ ၀၉- ၄၄၈၀၀၅၂၉၁ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း သိရသည်။

ဦးကျော်တင့်(မြန်မာ့အလင်း)

၂၀၁၄ ခုနှစ် နွေရာသီအခြေခံစာတတ်မြောက်ရေးသင်တန်းဖွင့်

တောင်ကြီး မတ် ၃၀

ရှမ်းပြည်နယ် တောင်ကြီးမြို့ တက္ကသိုလ်တွင် ၂၀၁၄ ခုနှစ် နွေရာသီ အခြေခံစာတတ်မြောက်ရေးသင်တန်းဖွင့်လှစ်ခြင်းကို မတ် ၂၉ ရက်နံနက် ၉ နာရီခွဲက တောင်ကြီးတက္ကသိုလ် စာသင်ဆောင်ခန်းမ၌ ကျင်းပသည်။

အစီအစဉ်အရ တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမူမူမြင့်က အမှာစကားပြောကြား၍လည်းကောင်း၊ ပြည်နယ်ပညာရေးညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးချစ်ဆွေက သင်တန်းဖွင့်လှစ်ရခြင်းကို လည်းကောင်း၊ မြန်မာစာသင်ပြနည်းကို ဒေါ်မိုင်နယ်လီကောက သရုပ်ပြသင်ကြားပေး၍ လည်းကောင်း၊ သင်္ချာသင်ပြနည်းကို ဒေါ်ဝင်းမော်မော်က သရုပ်ပြသင်ကြားပေး၍လည်းကောင်း အသီးသီးရှင်းလင်းသင်ကြားပေးခဲ့ကြောင်း သိရှိရသည်။

အခမ်းအနားသို့ ပြည်နယ်ပညာရေးမှူး ညွှန်ကြားရေးမှူးရုံးမှ ညွှန်ကြားရေးမှူး တောင်ကြီးတက္ကသိုလ် ပါမောက္ခချုပ်ဌာနရှိ ပါမောက္ခများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ် ပြန်/ဆက်)

ပြည်တွင်းသတင်း

လှုပ်လှုပ်ရှားရှားဖြစ်လာသည့် ရန်ကုန်သင်္ကြန်အကြိုမြင်ကွင်း

သတင်း-မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မတ် ၂၀

နှစ်သစ်ကူးသင်္ကြန်ပွဲတော်ကား ရောက်ရှိတော့မည်။ သင်္ကြန်တေးများလည်းဟိုမှသည်မှ ပျံ့လွင့်နေပြီး သင်္ကြန်ပွဲတော်အတွက် အတွေးကိုယ်စီဖြင့် လူတိုင်းပြင်ဆင်နေကြပြီဖြစ်ရာ အရွယ်စုံမျှော်လင့်ရသော သင်္ကြန်၊ ပျော်ရွှင်ရသော သင်္ကြန်ပွဲတော်ကာလပင်။

နှစ်သစ်ကူး သင်္ကြန်ပွဲတော်အတွင်း ရေကစားကြမည့်ကလေးငယ်များအတွက် ရေကစားနိုင်သည့် အရုပ်မျိုးစုံ၊ ဖလားမျိုးစုံနှင့် ရေကာမျက်မှန်မျိုးစုံတို့မှာ ရန်ကုန်မြို့ရှိ မင်္ဂလာဈေး၊ သိမ်ကြီးဈေးနှင့် တာမွေဈေးတို့အပါအဝင် မြို့နယ်အသီးသီးရှိ ဈေးဆိုင်များတွင် နေရာယူလာကြပြီးဖြစ်သည်။

ရောင်းစုံပလတ်စတစ် ရေပြွတ်များ၊ ရေကစားနိုင်သည့် ပလတ်စတစ်သေနတ်လေးများ၊ ဦးခေါင်းစွပ်နှင့် မျက်မှန်တွဲလျက် ပြုလုပ်ထားသည့် ရေပက်ခံ ပလတ်စတစ်ပစ္စည်းများကို အမျိုးစုံတွေ့ရသည်။ အစိမ်းရောင်၊ အနီရောင်၊ အဝါရောင်နှင့် ရောင်စုံစပ်ထားသော ရေကစားပလတ်စတစ်ကစားစရာများကား ကလေးငယ်များကို ဆွဲဆောင်နေပြီဖြစ်သည်။ ဈေးကမသေးလှ၊ ပလတ်စတစ် ရေကစားသေနတ်တစ်လက်လျှင် အရွယ်အစားနှင့် ဒီဇိုင်းအလိုက် ငွေကျပ် ၅၀၀ မှ ၁၅၀၀ အထိ ရှိနေသည်။

"အခုအချိန်မှာတော့ ကလေးတွေက လျှာထိုးခေါင်းစွပ်ပါတဲ့ ပလတ်စတစ် ရေကာမျက်မှန်လေးတွေအဝယ်များကြတယ်။ ပလတ်စတစ်ရေပုံးအသေးတွေလည်း အဝယ်လိုက်တယ်။ ရေများများထည့်ပြီး ပက်နိုင်တဲ့ ရေပြွတ်အကြီးစားတွေလည်း ကလေးတွေနှစ်သက်ကြတယ်" ဟု မင်္ဂလာဈေးမှ သင်္ကြန်ရေကစားစရာပစ္စည်းများရောင်းချသူ ဒေါ်မိုးမိုးကပြောသည်။

ရန်ကုန်မြို့၌ သင်္ကြန်ကာလ နွှဲပျော်ရန်အတွက် သင်္ကြန်မဏ္ဍပ်များ ဆောက်လုပ်နေမှုကို တွေ့ရစဉ်။

တစ်ဖန်ရေပက်ခံ ထွက်လည်ကြမည့် လူငယ်များအတွက် ဂျင်းဘောင်းဘီနှင့်ဂျင်းအင်္ကျီများလည်း အဝယ်လိုက်လျက်ရှိသည်။ ရေပက်ခံထွက်မည့် လူငယ်များအတွက် အကြမ်းခံနေကာမျက်မှန်နှင့် ဦးထုပ်များလည်း ဝယ်ယူမှုရှိနေကြရာ တန်ဖိုးသင့်တင့်သော ဂျင်းဘောင်းဘီနှင့် အင်္ကျီများ ရောင်းအားကောင်းလျက်ရှိသည်။

"ဂျင်းဘောင်းဘီနဲ့ အင်္ကျီတွေ ရောင်းရပါတယ်။ ဒီလကုန်လစာ ထုတ်ရက်ဆိုရင် ပိုရောင်းရမှာပါ။ တစ်နေ့ကို ငွေကျပ် တစ်သိန်းဝန်းကျင် ရောင်းရပါတယ်။ ပြီးခဲ့တဲ့ သင်္ကြန်အကြိုကာလတွေမှာ ရောင်းရသလောက်ရောင်းနေရပါတယ်" ဟု လှည်းတန်းဈေးမှ ဂျင်းဘောင်းဘီများ ရောင်းချသူဦးလှစိုးက ပြောသည်။

သင်္ကြန်ပွဲတော်ကာလဖြစ်သည့် သင်္ကြန်အကြိုနေ့(ဧပြီ ၁၃ ရက်)မှ သင်္ကြန်အတက်နေ့ (ဧပြီ ၁၆ ရက်) အထိ သင်္ကြန်ရေပက်ခံကားများကို ကြိုတင်ငှားရမ်းမှုများ ရှိနေပြီဖြစ်သည်။ လွတ်လပ်စွာရေပက်ခံနိုင်သည့် ဂျစ်ကားများကို ဦးစားပေးငှားရမ်းမှုများရှိနေရာ ဈေးနှုန်းမှာတစ်ရက်လျှင် ငွေကျပ်တစ်သိန်းနှစ်သောင်းခန့် ဝန်းကျင်ရှိနေသည်။

"ပစ်ကပ်နဲ့ ဂျစ်ကားတွေတော့ အငှားများတယ်။ အခုကျွန်တော်နဲ့ သိတဲ့ ကားတွေကတော့ ငှားပြီးကုန်ပြီ။ တစ်ရက်ကို ငွေကျပ်တစ်သိန်း နှစ်သောင်းခန့်ရှိနေတယ်။ ကားကောင်းရင် တစ်သိန်းခွဲအထိရှိတယ်လို့လည်း ကြားတယ်။ ကျွန်တော်က ဂျစ်ကားရှိတော့ တစ်နေ့ငွေကျပ်တစ်သိန်းနဲ့အငှားလိုက်ဖို့ သဘောထူထားပြီးပါပြီ"ဟု သင်္ကြန်ရေပက်ခံကားအငှားလိုက်သူ ရေကျော်မှကိုစိုးမောင်ကပြောသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း အားလပ်ရက်များ၌ တရားစခန်းဝင်ကြမည့်သူများအတွက်လည်း စာရင်းများပေးသွင်းနေကြသည်။ အချို့နာမည်ကြီး တရားစခန်းများတွင် သတ်မှတ်လူဦးရေ ပြည့်နေပြီဟုဆိုသည်။

ရန်ကုန်မြို့၌ ရှော့ပင်းမောများ၊ အရောင်းဆိုင်ကြီးများတွင် လည်း သင်္ကြန်ပွဲတော်ကာလအတွင်း အထူးဈေးနှုန်းများဖြင့် ရောင်းချနေကြပြီဖြစ်သည်။ သင်္ကြန်ကာလ ခရီးထွက်ကြမည့်သူများအတွက် ခရီးသွားလုပ်ငန်းများက အထူးမော်တော်ယာဉ်ကြီးဖြင့် အထူးခရီးစဉ်များ ပြေးဆွဲကြရန် စီစဉ်နေကြပြီဖြစ်သည်။

(မြန်မာ့အလင်း)

သင်္ကြန်အသုံးအဆောင်ပစ္စည်းများ ရောင်းချသည့်ဆိုင်တစ်ခု၏ ခင်းကျင်းထားမှုကို တွေ့ရစဉ်။

နေပြည်တော်တွင် နှစ်သစ်အကြို အရောင်းမြှင့်တင်

သတင်းနှင့်ဓာတ်ပုံ
ဇူလိုင်မိုး

နေပြည်တော် မတ် ၂၀

မြန်မာ့ရိုးရာနှစ်သစ်ကူး အတာသင်္ကြန်ပွဲတော်ကြီးမှာ မကြာမီအချိန်ကာလအတွင်း ရောက်ရှိလာတော့မည်ဖြစ်သည်။ အတာသင်္ကြန်ပွဲတော်ကြီး နီးကပ်လာသည်နှင့်အမျှ ဒေသခံပြည်သူများနှင့် ခရီးသွားဧည့်သည်များအား ဆွဲဆောင်မှုအဖြစ် ရေကစားမဏ္ဍပ်များ၊ ဖျော်ဖြေရေးမဏ္ဍပ်များကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေး စသည့်မြို့ကြီးများနှင့် အတူ မြို့ရွာဒေသများတွင် ဆောက်လုပ်နေပြီဖြစ်သည်။ နှစ်သစ်အကြိုကာလ ရောက်ပြီဖြစ်သည့်အတွက် အရောင်းစင်တာများ၊ ကုန်တိုက်ကြီးများတွင်လည်း သင်္ကြန်အရောင်းမြှင့်တင်ရေး အစီအစဉ်များဖြင့် လှုပ်ရှားသက်ဝင်နေပြီဖြစ်သည်။

နေပြည်တော်ရှိ Ocean Super Market တွင်လည်း မြန်မာ့ရိုးရာ အတာသင်္ကြန် အထိမ်းအမှတ်ဖြစ်သည့် ပိတောက်ပန်းများ၊ ငွေဖလားနှင့် သပြေခက်များ၊ မြန်မာ့ရိုးရာကျေးလက်ဒေသ အတာသင်္ကြန် ယဉ်ကျေးမှုအထိမ်းအမှတ် အလှဆင်ယင်မှုများနှင့် ဝယ်ယူအားပေးသော ပြည်သူများကို စိတ်ဝင်စားဖွယ်ရာ အရောင်းမြှင့်တင်မှုအစီအစဉ်များ ပြုလုပ်လျက်ရှိသည်။ **(ယာပုံ)**

နှစ်သစ်အကြိုကာလ ဈေးကွက်မြှင့်တင်ရေး ဆောင်ရွက်မှုတစ်ခုအဖြစ် Ocean Super Market တွင် ငွေကျပ်ခြောက်သောင်းဖိုး ဝယ်ယူအားပေးသော မိဘပြည်သူတိုင်းအား နှစ်သစ်ကူးအတာသင်္ကြန် အကြိုလက်ဆောင်အဖြစ် ရွှေငါးကျပ်သားဆု ငါးဆုအပါအဝင် ငွေကျပ် နှစ်သိန်းတန် City Gift Card ကတ်ပေါင်း တစ်ရာရရှိမည့် Lucky Draw အစီအစဉ်များကို မတ်လ ၁၂ ရက်မှစ၍ ဧပြီလ ၁၂ ရက်နေ့အထိ ကံစမ်းမဲများ ဖောက်ပေးသွားမည်ဖြစ်သည်။ လူသုံးကုန်ပစ္စည်းများကိုလည်း ယခင်ဈေးထက်လျှော့ချ၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ရောင်းချပေး

ဆက်လက်၍ ဧပြီလ ပထမပတ်မှစ၍ နာမည်ကြီး အဆိုတော်များ၊ ရှိုးပွဲများ၊ ပျော်ပွဲရွှင်ပွဲများဖြင့်လည်း သင်္ကြန်အရောင်းမြှင့်တင်ရေး ဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အလားတူ နေပြည်တော်၌ ဖွင့်လှစ်ထားသော လူသုံးကုန်ပစ္စည်းဆိုင်များနှင့် ရုံးလုပ်ငန်းသုံးပစ္စည်း အရောင်းဆိုင်များတွင်လည်း ဈေးနှုန်းများကို ယခင်ဈေးထက် လျှော့ချ၍ ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

မိတ်ဆုံညစာစားပွဲဖိတ်ကြားလွှာ

၁၉၉၇ခုနှစ်မှ ၂၀၀၁ခုနှစ်အတွင်း စကခ(၁၃)ဘုတ်ပြင်းတပ်နယ် စစ်ဘက်၊ နယ်ဘက် မိတ်ဆွေသူငယ်ချင်းများတွေ့ဆုံ မိတ်ဆုံစားပွဲကို အောက်ပါအစီအစဉ်အတိုင်း ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

နေရာ - **M 3 Food Center (Golden Hall)**
- **(ဗဟန်းအားကစားဝင်းအတွင်း၊ တော်လှန်ရေးပန်းခြံရှေ့)**

နေ့ရက် - **၁၂-၄-၂၀၁၄ရက်(စနေနေ့)**
အချိန် - **၁၈း၀၀နာရီမှ ၂၂း၀၀နာရီအထိ**
ဆက်သွယ်ရန် - **ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း) ဖုန်း-၀၉-၅၁၃၇၀၂၅**
- **ဗိုလ်မှူးကြီးတင်အောင်(ငြိမ်း) ဖုန်း-၀၉-၅၀၀၁၆၅၆**
- **ဒေါက်တာတင်ထွန်း ဖုန်း-၀၉-၄၂၁၁၆၈၇၉၇**

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြောက်ပိုင်းခရိုင်၊ ထန်းတပင်မြို့နယ်၊ တူးချောင်းရပ်ကွက်၊ ကွင်းအမှတ် ၃၇၀-A၊ ဦးပိုင်အမှတ်(က/၄/ဓ)၊ ဧရိယာ ၂ ဒသမ ၅၈ ဧကအနက်မှ မခွဲမစိတ်ရသေးသော အဆိုပါမြေကွက်ကြီးအတွင်းရှိ အကွက်အမှတ် ၇၉၊ ဧရိယာ ၁ ဒသမ ၁၀ ဧကရှိသောမြေကွက်နှင့် ယင်းမြေကွက်ဖြင့် ဆက်နွယ်ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံးတို့အား ဦးခင်မောင်လွင် ၁၂/ထတပ(နိုင်)၀၄၁၈၄၂၏ကိုယ်စား တရားဝင်အမည်ပေါက်ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုလာသူ ဒေါ်စန်းစန်းယဉ် ၁၂/ထတပ(နိုင်)၀၄၁၇၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ညှိနှိုင်းသဘောတူညီချက်အရ စရန်ငွေပေးချေပြီးဖြစ်ပါ၍ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်ဝင်း (စဉ်-၆၀၈၂) B.A, H.G.P, C.B.L, D.B.L, D.M.L
ဥပဒေအကျိုးဆောင်
အမှတ် ၁၀/၁၂၊ ပထမထပ် (အေ-၅)၊ ၃၅ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၉-၅၀၇၀၆၇၇၊ ၀၉-၇၃၂၀၇၅၂၅

ဂုဏ်ယူဝမ်းမြောက်ခြင်း

၂၀၁၄ခုနှစ် မတ် ၂၆ ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ Strand Hotel တွင် ကျင်းပသော မြန်မာနိုင်ငံဓာတ်ပုံအသင်း၏ နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဓာတ်ပုံပြိုင်ပွဲ၊ ဓာတ်ပုံပွဲတော်နှင့် ဆုချီးမြှင့်ပွဲအခမ်းအနားတွင် ဓာတ်ပုံဆု ခုနစ်ဆုရရှိခြင်း၊ ၂၀၁၃ခုနှစ်အတွက် အကောင်းဆုံးဓာတ်ပုံပညာရှင်ဆုရရှိခြင်းနှင့် မတ် ၃၀ ရက်တွင် မြန်မာနိုင်ငံဓာတ်ပုံအသင်း နှစ်ပတ်လည်ညီလာခံကချီးမြှင့်သည့် မြန်မာ့အမြင့်ဆုံးဓာတ်ပုံပညာဆိုင်ရာဘွဲ့(P.MPS)အား ချီးမြှင့်ခံရသည့် **ထားဝယ်ဇာတိဖွား ဓာတ်ပုံပညာရှင် ဦးပြည်စိုးထွန်း(ပန်းချီ)** အား လှိုက်လှဲစွာဝမ်းမြောက်ဂုဏ်ယူမိပါသည်။

နောက်အနာဂတ်တွင်လည်း ဓာတ်ပုံပညာဆိုင်ရာ ပြည်တွင်းပြည်ပဆုများ ဆက်လက်ဆွတ်ခူးရရှိ၍ ဓာတ်ပုံပညာဖြင့် နိုင်ငံ့အကျိုး၊ အများအကျိုး သယ်ပိုးထမ်းရွက်နိုင်ပြီး ဓာတ်ပုံပညာရပ်များပြန့်ပွားစေရေး ဆတက်ထမ်းပိုးတိုး၍ ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါသည်။ **တနင်္သာရီရေတပ်စခန်းဌာနချုပ်**
အရာရှိ၊ စစ်သည်များ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈/ဝေဘာဂီ၊ မြေကွက်အမှတ် ၂၉၅၊ အကျယ်အဝန်းပေ(၆၅×၇၀)ရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးမြင့်စိုး ၉/မထလ(နိုင်)၀၅၉၃၁၂ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက ဤကြေညာချက်ပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်လှလှလွင် (စဉ်-၅၇၇၃)	**ဦးအောင်ကျော်ကျော်မြတ် (စဉ်-၂၇၀၀၉)**	**ဒေါ်ယုယုနိုင် (စဉ်-၄၁၄၀)**
ဒေါ်လွင်မာ (စဉ်-၈၉၀၉)	**ဦးထွန်းထွန်းနိုင် (စဉ်-၃၅၃၄)**	**ဒေါ်သဇင်အေး (စဉ်-၄၁၄၅၉)**
တရားလွှတ်တော်ရှေ့နေများ	**ဒေါ်သန္တာမော် (စဉ်-၃၉၂၄၂)**	**ဒေါ်ဆုမွန်ထက် (စဉ်-၄၁၆၀၁)**
အမှတ် ၅၅(ဒုတိယထပ်)၊	**ဒေါ်လှဲ့လှဲ့ဝင်း (စဉ်-၃၉၈၈၀)**	**ဒေါ်ရည်မွန်ထက် (စဉ်-၄၃၀၆၂)**
အခန်း ၇၊ မဟာဗန္ဓုလပန်းခြံလမ်း၊	**အထက်တန်းရှေ့နေများ**	
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့		
ဖုန်း-၂၅၃၃၈၂၊ ၀၉-၅၁၂၇၁၄၄၊ ၀၉-၇၃၀၀၁၅၂၈		

မိတ္ထီလာ မဟာသင်္ကြန်ပွဲတော် စည်ကားမည်

မိတ္ထီလာ မတ် ၂၀

မိတ္ထီလာတွင် ဗဟိုရေကစားမဏ္ဍပ်တည်ဆောက်၍ မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်ကို စည်စည်ကားကားဖြင့် ကျင်းပဆင်နွှဲနိုင်ရန် စီစဉ်လျက်ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဗဟိုမဏ္ဍပ်တွင် ရေကစားခြင်းနှင့် ကပြသီဆိုဖျော်ဖြေခြင်းများကို နေ့ပိုင်းအစီအစဉ်များဖြင့်သာ ကျင်းပသွားမည်ဖြစ်ပြီး မဟာသင်္ကြန်ပွဲတော်ကျင်းပ ဆင်နွှဲပြီးနောက် နှစ်ဆန်းတစ်ရက်နေ့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သည့် သင်္ကြီးပူဇော်ပွဲနှင့် ဇီဝိတဒါန ငါးလွှတ်ပွဲများကိုလည်း ကျင်းပသွားမည်ဖြစ်သည်။ **ချမ်းသာ(မိတ္ထီလာ)**

ဥရုရတနာကျောက်စိမ်းတောင်တံတားကြီး ဖားကန့်၌ မကြာမီဖွင့်တော့မည်

သတင်းဆောင်းပါး-မြတ်သူမင်း(ဥက္ကံ)
ဓာတ်ပုံ-(နိုင်)မိုးမင်းစံ-နောင်နောင်

ဖားကန့်မြို့ ဥရုရတနာကျောက်စိမ်းတောင် တံတားကြီးကို မကြာမီဖွင့်လှစ်တော့မည်ဖြစ်သည်။

အဆိုပါတံတားကြီးသည် ကချင်ပြည်နယ် မိုးညှင်းခရိုင် ဥရုချောင်း၏ တစ်ဖက်တစ်ချက်စီရှိ မြို့မရပ်ကွက်နှင့် မရှိကထောင်ရပ်ကွက်ကို ပေါင်းကူးဆက်သွယ်ပေးထားသည်။

ဖားကန့်မြို့နယ်၏ ကျောက်စိမ်းထွက်ရှိရာ ဒေသများဖြစ်သော နမ့်မွဖြစ်၊ မော်စီစာ၊ လုံးခင်း၊ မဖွပ်ယန်၊ ဆန်ခါ၊ ကံဆီး(ဝဲ/ယာ)စသည့် ကျေးရွာများနှင့် ဆိပ်မူ၊ နမ့်မော်၊ ကသိုဏ်းတောင်၊ တာမခန်၊ ဟောင်ပါး၊ ဆယ်ဇင်း၊ ဝေ့ခါ၊ မဂါးပင်၊ မော်ဂလုံ စသော မော်ရွာလုပ်ကွက်များသို့ သွားရာလမ်းပေါ်တွင် ဖောက်လုပ်ထားသဖြင့် အဓိကကျသည့် တံတားကြီးတစ်စင်းဟု ဆိုရမည်ဖြစ်သည်။

အရှည်ပေ ၄၀၀၊ အကျယ် ၃၃ ပေ ရှိပြီး ယာဉ်တစ်စီးချင်း ခံနိုင်ဝန် တန် ၆၀ (နှစ်လမ်းသွား) သံမဏိသံပေါင် ကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ ကမ်းကပ်ခုံနှစ်ခုနှင့် ရေလယ်တိုင်တစ်တိုင် အပါအဝင် တိုင်သုံးတိုင်သာ အသုံးပြုကာ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားစီမံကိန်း အထူးအဖွဲ့ (၁၅)က တာဝန်ယူပြီး ဥရုချောင်း၏ မိုးရာသီ ရေကြီးချိန် ရေမျက်နှာပြင် အခြေအနေမှအစ အထူးပြုလေ့လာ၍ အလျှုရှင်၏ ဆန္ဒအရ ခိုင်ခံ့ကြီးမားသည့် သံပေါင်ကွန်ကရစ်တံတားကြီးတစ်စင်းကို ရွေးချယ်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ယခု တံတားသစ်ကြီးနှင့် ယှဉ်လျက်နေရာတွင် ကျောက်စိမ်းတောင် ကျောက်မျက်ကုမ္ပဏီမှ ၁၉၉၅ ခုနှစ်က ဆောက်လုပ်လှူဒါန်းခဲ့သည့် ၁၃ တန်ခံနိုင်ဝန်ရှိပြီး (တစ်လမ်းသွား) ဘေလီသံတံတားတစ်စင်း တည်ရှိသည်။ အလားတူ လိုအပ်လျက်ရှိသော လုံးခင်း-ဆန်ခါရွာသွား ကားလမ်းမပေါ်ရှိ တံတားအရှည် ၄၄ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၅ ပေရှိ နမားယန်းချောင်းကူးတံတားကို ၂၀၁၀ ပြည့်နှစ်က တည်ဆောက်လှူဒါန်းခဲ့သေးသည်။

ယခုအခါ ဥရုရတနာကျောက်စိမ်းတောင်တံတားအပါအဝင် ချဉ်းကပ်လမ်းစီမံကိန်းများ အားလုံးလိုလို ပြီးစီးနေပြီဖြစ်၍ ဒေသတစ်ခုလုံး၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးများ ဖွံ့ဖြိုးစည်ပင်လာပြီး အုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းများ မြန်ဆန်စွာ ဆက်လက်ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။ တံတားကြီး၏ကုန်ကျစရိတ်များမှာ ယနေ့အထိ ကျပ်သိန်းပေါင်း ၄၃၀၀၀ ကျော်ခန့် ကုန်ကျပြီဖြစ်သည်။

အဆိုပါ ဥရုရတနာကျောက်စိမ်းတောင်တံတားသစ်ကြီးသည် စီမံကိန်းဝင်တံတား အမျိုးအစားဖြစ်ပြီး အလှူရှင် ဦးစိန်ဝင်း-ဒေါ်ခင်သန်းကြည်၊ ဒါရိုက်တာ ဦးကျော်ဝင်းတို့၏ သုံးစင်းမြောက် လှူဒါန်းသည့်တံတားဖြစ်သည်။ များမကြာမီကာလအတွင်း ဖွင့်လှစ်တော့မည်ဖြစ်၍ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ပြီး ခရီးသွားပြည်သူများ သွားလမ်းသာ၍ လာလမ်းဖြောင့်ဖြူးလာမည် ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

ဥရုရတနာ ကျောက်စိမ်းတောင်တံတားကြီး။

မျက်စိကုသသူများ အထူးများပြားလျက်ရှိ

ကျုံပျော် မတ် ၃၀

ပုသိမ်ခရိုင် ကျုံပျော်မြို့နယ် ဇရာမင်းခန်းမနှင့် မြို့နယ်ပြည်သူ့ဆေးရုံတို့တွင် မတ် ၂၃ ရက်မှ မတ် ၂၇ ရက်အထိ ငါးရက်တိုင် စက္ခုပါလမျက်စိ အလင်းအလှူအဖွဲ့၏ အခမဲ့ကုသပေးမှုပွဲတွင် လာရောက်ပြသကြသော မျက်စိဝေဒနာရှင်များအထူးများပြားလျက်ရှိကြောင်းသိရသည်။ အဆိုပါ မျက်စိကုသမှုကုန်ကျစရိတ်များကို အမျိုးသားလွှတ်တော်၊ ကယ်ဆယ်ရေးနှင့်ဒုက္ခသည်များကူညီစောင့်ရှောက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေက ဦးဆောင်လှူဒါန်းခြင်းဖြစ်ပြီး စက္ခုပါလအဖွဲ့ခေါင်းဆောင် မျက်စိအထူးကုဆရာဝန်ကြီးဒေါက်တာအေးထွန်းနှင့်မျက်စိဆရာဝန်ကိုးဦးတို့က စမ်းသပ်ခွဲစိတ်မှုများကို ဆောင်ရွက်ပေးခဲ့ကြသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြည်တွင်းသတင်းနှင့်ဖော်ကြော်ငြာ

အမြို့မြို့ အနယ်နယ်တွင် သန်းခေါင်စာရင်းကောက်ယူမှုစတင်

ဥတ္တရသီရိ မတ် ၃၀

ဥတ္တရသီရိမြို့နယ်အတွင်း သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းကို မတ် ၃၀ ရက် နံနက်ပိုင်းမှစတင်၍ ဆောင်ရွက် သည်။

ဥတ္တရသီရိမြို့နယ်တွင် ကောက်ကွက်ပေါင်း ၁၃၃ ကွက်ရှိပြီး သတ်မှတ်ရက်အတွင်း သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူသွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားပြီးဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ထွေ/အုပ်)**

မိတ္ထီလာ

မိတ္ထီလာတွင် သန်းခေါင်စာရင်း ကောက်ယူရေးလုပ်ငန်းများကို မတ် ၃၀ ရက် နံနက်က စတင်ဆောင်ရွက်သည်။

မိတ္ထီလာတွင် ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာပေါင်း ၃၇၉ ရွာရှိပြီး အဆိုပါရပ်ကွက်ကျေးရွာများရှိ သန်းခေါင်စာရင်းကောက်ယူမည့် လူဦးရေ ၃၂၆၃၅၃ ဦးကို ကောက်ကွက် ၅၁၄ ကွက်၊ စာရင်းကောက် စာရင်းစစ် ၇၀၆ ဦးဖြင့် လူဦးရေနှင့် အိမ်အကြောင်းအရာများ ကောက်ယူသွားမည်ဖြစ်ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

ပခုက္ကူ

မတ် ၃၀ ရက် နံနက်ပိုင်းက ပခုက္ကူမြို့ မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာနေအိမ်များသို့ စာရင်းကောက်အဖွဲ့များ သွားရောက်ကောက်ယူလျက်ရှိသည်။

စာရင်းကောက်ယူရာတွင် တာဝန်ကျစာရင်းကောက်အဖွဲ့များက မိမိတို့သတ်မှတ်စာရင်းကောက်ကွက်များရှိနေအိမ်များတွင် ရည်ညွှန်းချိန်ရှိအမှန်တကယ်နေထိုင်သူများပါလိုက်လံကာတစ်အိမ်တက်ဆင်းကောက်ယူလျက်ရှိသကဲ့သို့ ဘုတာရုံ၊ ကားဂိတ်များ၊ ခရီးသွားပြည်သူများပါမကျန်တစ်ဆက်တည်း ကောက်ယူလျက်ရှိသည်။ **(၁၀၂)**

သန်လျင်

၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို မတ် ၃၀ ရက် နံနက် ၇ နာရီတွင် သန်လျင်မြို့ရှိ ရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှ ကောက်ကွက်ပေါင်း ၂၆၅ ကွက်တို့၌ တစ်ပြိုင်တည်း စတင်ကောက်ယူလျက်ရှိသည်။ **သန်းဝင်း(သန်လျင်)**

သရက်

သရက်ခရိုင်အတွင်း မြို့နယ်များတွင် ၂၀၁၄ ခုနှစ် မတ် ၃၀ ရက်တွင် စတင်ကောက်ယူမည့် ပြည်လုံးကျွတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းကို မတ် ၃၀ ရက် နံနက် ၇ နာရီက စတင်ဆောင်ရွက်ခဲ့ရှိသည်။ သရက်ခရိုင်အတွင်းရှိ အောင်လံ၊ မင်းတုန်း၊ မင်းလှ၊ ကံမ၊ ဆင်ပေါင်ဝဲမြို့နယ်များတွင်လည်း အလားတူဆောင်ရွက်လျက်ရှိသည်။ **(ခရိုင် ပြန်/ဆက်)**

AYA Bank
ဧရာဝတီဘဏ်
Your Trusted Partner
WORLD FINANCE BANKING AWARDS 2013
THE GLOBAL COMPACT WE SUPPORT

(၆၃) ခုဘဏ်မြောက်ဖြစ်သော
ရန်ကုန်ဘဏ်ခွဲ(၁၇) စမ်းချောင်း

(၆၄) ခုဘဏ်မြောက်ဖြစ်သော
ရန်ကုန်ဘဏ်ခွဲ(၁၈) ယောမင်းကြီး ကို

(၃၁. ၃ .၂၀၁၄)ရက်နေ့တွင်
အောင်မြင်စွာဖွင့်လှစ်ပြီးဖြစ်ကြောင်း...

ရန်ကုန်ဘဏ်ခွဲ (၁၇) စမ်းချောင်း
အမှတ်(၁၂၉)၊ မြေညီထပ်၊ ဗားကရာလမ်းနင် ရွှေပြည်အေးလမ်းထောင့်၊
ရွှေပြည်အေးရိပ်မွန်အိမ်ရာ၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ ၂၃၀၄၇၆၈ ~ ၇၂
ဖက်(စ်) - ၀၁ ၂၃၀၄၇၇၅ ~ ၇၆

ရန်ကုန်ဘဏ်ခွဲ (၁၈) ယောမင်းကြီး
အမှတ်(၅၂)၊ အခန်း (စီ)၊ မြေညီထပ်၊ ယောမင်းကြီးလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၁ ၂၅၅၇၅၈ ~ ၆၂
ဖက်(စ်) - ၀၁ ၂၅၅၇၆၈ ~ ၆၉

www.ayabank.com
ရန်ကုန် (ရုံးချုပ်) - အမှတ်(၁) ဘုရင့်နောင်လမ်းမကြီး (ရွာမကွေ့အနီး) လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၀၁ ၅၀၀၁၂၃၊ ၅၃၁၀၆၇ - ၉၊ ၅၃၁၀၇၈ - ၉၊ ဖက်(စ်) - ၀၁ ၅၃၀၉၆၈၊ ၅၂၇၇၉၇

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်လုံးကျွတ်သန်းခေါင်စာရင်း နိုင်ငံတစ်ဝန်းစတင်ကောက်ယူ

၃၀ - ၃ - ၂၀၁၄

ပဲခူး

ပဲခူးတိုင်းဒေသကြီး ၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကို မတ် ၃၀ ရက် နံနက်မှစ၍ ပဲခူးတိုင်းဒေသကြီး ၂၈ မြို့နယ်တွင် စတင်ကောက်ယူရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် မြို့ပေါ် (၃၁)ရပ်ကွက်နှင့် မြို့နယ်အတွင်းရှိ ကျေးရွာများတွင် သန်းခေါင်စာရင်း ကောက်ယူမှုကို လှည့်လည်ကြည့်ရှုကြသည်။

ပဲခူးတိုင်းဒေသကြီးအနေနှင့် ကောက်ကွက်ပေါင်း ၇၉၄၃ကွက်၊ စာရင်းစစ်/စာရင်းကောက်သူ ၁၁၃၄၁ ဦးနှင့်သန်းခေါင်စာရင်းကောက်ယူလျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

ဆင်ပေါင်ဝဲမြို့နယ်

သရက်ခရိုင် ဆင်ပေါင်ဝဲမြို့နယ်တွင် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးအတွက် မြို့နယ်ကွပ်ကဲရေးရုံးနှင့် ရပ်ကွက်/ကျေးရွာအုပ်စု ကွပ်ကဲရေးရုံး ၄၉ရုံး ဖွင့်လှစ်၍ ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ကောက်ကွက် ၁၉၅ ကွက်နှင့် အဖွဲ့အစည်းကောက်ကွက် ၁၁ ကွက်တွင် စာရင်းစစ် ၆၂ ဦး၊ စာရင်းကောက် ၂၀၆ ဦးဖြင့် ဆောင်ရွက်သွားမည်ဖြစ်သည်။ **(မြို့နယ် ပြန်/ဆက်)**

ဇေယျာသီရိမြို့နယ်

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေး ကျေးရွာအုပ်စု ရင်ခွဲပင်ကျေးရွာတွင် ယနေ့နံနက် ၇ နာရီမှစတင်၍ သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့က တစ်အိမ်ချင်းလိုက်လံ၍ သန်းခေါင်စာရင်း ကောက်ယူလျက်ရှိသည်။သန်းခေါင်စာရင်း ကောက်ယူရေးအဖွဲ့ ကောက်ကွက်(၄)တွင် လက်ထောက်လဝကမှူး ဦးဥက္ကာကျော်၊ အင်းသာ အထကကျောင်းမှဆရာမ ဒေါ်အေးမာခိုင်နှင့် ရာအိမ်မှူးကိုမြင့်မောင်၊ မီးသတ်တပ်ကြပ်ကြီးကိုတိုးအောင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များမှ ကျေးရွာရှိ အိမ်ခြေ ၁၃၂ အိမ်ကို သန်းခေါင်စာရင်းမေးခွန်း ၄၁ ချက်ကို အတိအကျမေးမြန်းကာ သန်းခေါင်စာရင်းကို ဧပြီ ၁၀ ရက်အထိ ကောက်ယူသွားမည်ဟုသိရသည်။ **မြင့်သန်း(အောက်ဆီဂျင်)**

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၃၀-၃-၂၀၁၄

ရွှေဈေးနှုန်း(အောင်သမာဓိ)

ရန်ကုန်	၁၆ပဲရည်	တစ်ကျပ်သား	၆၆၃၅၀၀
ရန်ကုန်	၁၅ပဲရည်	တစ်ကျပ်သား	၆၂၄၅၀၀
မန္တလေး	၁၆ပဲရည်	တစ်ကျပ်သား	၆၆၂၀၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	ကျပ်၈၁၄
ဒီဇယ်	တစ်လီတာ	ကျပ်၉၅၀
အောက်တိန်း၉၂	တစ်လီတာ	ကျပ်၉၅၀
အောက်တိန်း၉၅	တစ်လီတာ	ကျပ်၁၀၅၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ်၉၄၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးနိုင်များ)

၁။	ငါးကြင်း	တစ်ပိဿာ	ကျပ် ၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	ကျပ် ၂၈၀၀-၃၂၀၀
၃။	ငါးရံ့	တစ်ပိဿာ	ကျပ် ၆၀၀၀-၇၅၀၀
၄။	ငါးဖယ်	တစ်ပိဿာ	ကျပ် ၇၀၀၀-၁၂၀၀၀
၅။	ပုစွန်(ကျော့)	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	ကျပ် ၁၁၀၀၀-၂၅၀၀၀
၇။	ငါးသလောက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၉၈၀၀
၈။	ကြက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၁၂၀၀၀
၉။	ဝက်	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၀။	အမဲ	တစ်ပိဿာ	ကျပ် ၆၀၀၀-၈၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	ကျပ် ၁၂၀၀၀-၁၅၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်မြှုငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	ကျပ် ၉၅၇-၉၆၅
ဥရောပ	တစ်ယူရို	ကျပ် ၁၃၃၂-၁၃၃၉
စင်ကာပူ	တစ်ဒေါ်လာ	ကျပ် ၇၇၅-၇၈၀
ထိုင်း	တစ်ဘတ်	ကျပ် ၃၁၅-၃၁၉၅
အိန္ဒိယ	တစ်ရူပီး	ကျပ် ၁၅၆-၁၅၈
တရုတ်	တစ်ယွမ်	ကျပ် ၁၅၇-၁၆၂
မလေးရှား	တစ်ရင်းဂစ်	ကျပ် ၂၉၉-၃၀၄

ခင်ရတနာ စုစည်းသည်။

လောင်းလုံး

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် လောင်းလုံးမြို့နယ် ၂၀၁၄ ခုနှစ် ပြည်လုံးကျွတ်လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းစတင်ကောက်ယူခြင်းအခမ်းအနားဖွင့်ပွဲကို စုပေါင်းရုံးဝင်း အမှတ်(၂)မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးရှေ့တွင် ယနေ့နံနက် ၆ နာရီခွဲကကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ တက်ရောက်ကြပြီး မြို့ပေါ်စာရင်းကောက်ကွက်များ၌ စာရင်းကောက်များ ကောက်ယူနေမှုအပေါ် ကြည့်ရှုခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပုဗ္ဗသီရိမြို့နယ်၌ သန်းခေါင်စာရင်းကောက်ယူမှု ဆောင်ရွက်

နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်တွင် မြို့ပေါ်ရပ်ကွက် ၁၇ ခုနှင့် ကျေးရွာအုပ်စု ၁၈ ခုတို့၌ မတ် ၃၀ ရက် နံနက်မှစတင်၍ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများ တစ်ပြိုင်နက်တည်းဆောင်ရွက်လျက်ရှိရာ ဘဲကုန်းကျေးရွာအုပ်စုရှိ ဘဲကုန်း(တောင်ရွာ)၊ ဘဲကုန်း(မြောက်ရွာ)နှင့် ဥသျှစ်ကုန်းကျေးရွာတို့၌ သန်းခေါင်စာရင်းကောက်ယူနေမှု အခြေအနေများကို နေပြည်တော်ကောင်စီဝင် ဦးသန်းဌေး၊ ပုဗ္ဗသီရိမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်ကျော်လွင်နှင့် မြို့နယ်ပညာရေးမှူး ဦးလှသောင်တို့က လိုက်လံကြည့်ရှုအားပေးကြောင်းသိရသည်။ **မင်းမင်းလတ်(ရုပ်ဗေဒ)**

ရန်ကုန်

၂၀၁၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူမှုကို မတ် ၃၀ ရက်မှ ဧပြီလ ၁၀ ရက်အထိ မြန်မာပြည်တစ်ပြည်လုံးအတိုင်းအတာဖြင့် ပြုလုပ်နေရာ ရန်ကုန်တိုင်းဒေသကြီးလမ်းမတော်မြို့နယ်အမှတ် (၅)ရပ်ကွက်တွင် မတ် ၃၀ ရက်မှ အစပြု၍ ကောက်ကွက်ရှစ်ကွက်ခွဲခြားကောက်ခံနေကြောင်း သိရသည်။

အဆိုပါ ရပ်ကွက်တွင် အဆောက်အအုံပေါင် ၃၀၀၊ ဝန်းကျင် အိမ်ထောင်စု ၉၀၀ ဝန်းကျင်၊ လူဦးရေ ၃၅၀၀ ဝန်းကျင်ရှိပြီး စမ်းသပ်သန်းခေါင်စာရင်းကောက်ယူမှုတွင် ပါဝင်ခဲ့သော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်နှစ်မြို့နယ်အတွင်းပါဝင်သော ရပ်ကွက်ဖြစ်သည်ဟု ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ သိရသည်။ **ခင်ဆိုင်**

မင်္ဂလာတောင်ညွန့်မြို့နယ်

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ်တွင် မတ် ၃၀ ရက် နံနက် ၇ နာရီမှစတင်၍ ရပ်ကွက်ပေါင်း ၂၀ ၌ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများကို တစ်ပြိုင်နက်တည်း အင်တိုက်အားတိုက် လုပ်ဆောင်နေကြပြီဖြစ်သည်။ မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း အိမ်ထောင်စုများအား သန်းခေါင်စာရင်းကောက်ကွက် ၂၀၅ ခု သတ်မှတ်ထားပြီး စာရင်းစစ်ဝန်ထမ်း ၂၁၈ ဦး စာရင်းကောက် ၄၆ ဦး စုစုပေါင်း ၂၆၄ ဦးဖြင့် စတင်ကောက်ယူနေပြီဖြစ်သည်။

အောင်သန်း(မင်္ဂလာတောင်ညွန့်)

မြစ်ငယ်မြို့နယ်

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် မြစ်ငယ်မြို့တွင် ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရာတွင် သန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌနှင့် မြစ်ငယ်မြို့မရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်၊ ကောက်ကွက် ၁၃ ကွက်၊ ကွပ်ကဲရေးရုံး သုံးရုံး၊ စာရင်းစစ်သုံးဦး၊ စာရင်းကောက် ၁၄ ဦး၊ သန်းခေါင်စာရင်းကော်မတီ ကိုးဦး၊ စေတနာရှင်လုပ်အားပေး ၆၅ ဦးတို့က ပြည်လုံးကျွတ်သန်းခေါင်စာရင်း ကောက်ယူရေးကို ဆောင်ရွက်ခဲ့ကြသည်။ **မောင်မောင်စိုး (မြစ်ငယ်)**

ပြည်သူ့အကျိုး ဖော်ဆောင်ဖို့ အခွန်မှန်စွာ ပေးဆောင်စို့

ဆရာဒွေး အင်္ဂလိပ်စာသင်တန်း
သဒ္ဒါ နှင့် အရေးသီးသန့်
တစ်နိုင်ငံလုံးမှာ မူလတီထွင် သင်ကြားသော အမှန်တကယ်တွေးတတ်၊ လက်တန်းရေးတတ်စေတဲ့ သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/ဒုတွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ (၅)လ တက်ရုံနှင့် လုံးဝရေးတတ်မည်။ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ ဧပြီလ (၁/၅)ရက်နေ့ (ပ/ဒု)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 0950 47516

ကန့်ကွက်နိုင်ပါကြောင်း
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၀)၊ မြေကွက်အမှတ်(၄၁၄)၊ မြေကွက်တည်နေရာအမှတ် (၄၁၄)၊ (၅၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဦးတင်အေး CA-၀၄၁၁၄၉ အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးတင်အေးကွယ်လွန်သဖြင့် ဒေါ်သန်းသန်းမြင့် ၁၂/ဗတထ(နိုင်)၀၀၇၁၇၁က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာနှင့် သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

သွေးသည် အသက်

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံ ငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

ပျောက်ဆုံးကြောင်း
ကျွန်တော်စိုးထွန်းအောင် ၁၂/ဥကတ(နိုင်)၁၆၄၉၃၉၏ နိုင်ငံကူးလက်မှတ်သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၃၁၂၆၉၈၂၅

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာချက်
ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ အမှတ် (၇) ရပ်ကွက်၊ ဦးဝိစ္စာလမ်း၊ တိုက်အမှတ် (၂၅)၊ ၆-လွှာ၊ အခန်းအမှတ် (၅၀၂)၊ အကျယ်အဝန်း (၁၆. ၅ပေ×၆၀ ပေ) အကျယ်ရှိ တိုက်ခန်းအား လက်ဝယ်ပိုင်ဆိုင်သူ ဒေါ်ချိုချို ၁၂/လမတ (နိုင်) ၀၁၂၈၈၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင် ဝယ်ယူရန်အတွက် ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရံငွေ ပေးချေပြီး ဖြစ်ပါသည်။ ပိုင်ဆိုင်ခွင့်အရ ကန့်ကွက်လိုပါက ဤကြေညာချက်ပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံသို့ ပိုင်ဆိုင်မှု စာချုပ်စာတမ်း အထောက်အထားမူရင်းများဖြင့် လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးစီးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ
ဦးမြအောင် (အောင်ကြီး)
တရားလွှတ်တော်ရှေ့နေ (စဉ်-၃၉၀၃)
အမှတ် (၁၆၃)၊ ၄-လွှာ၊ ၃၈-လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၅၀၅၁၂၄၆

GUSTO INSTITUTE
School of Computing & Software Engineering
edexcel Approved Centre No.93683
* ယနေ့ ၂၁ ရာစုမှာ အလုပ်အကိုင် အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင် ဖြစ်လိုပါသလား ?
* နိုင်ငံတကာ တက္ကသိုလ်ကြီးများမှ B.Sc (Hons:) Computing ဘွဲ့ကို ပြည်တွင်း၌ အချိန်တိုအတွင်း စရိတ်သက်သာစွာဖြင့် ရယူလိုပါသလား ?
International Diploma/Degree Programs
- HND Diploma in Computing (UK)
- B.Sc. (Hons) Computing (UK)
တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးထားသူတိုင်း HND Foundation/April Intake အတွက်ကျောင်းအပ်နှံနိုင်ပါပြီ။
Admission Office : #289 (A), Pyay Road, Sanchaung Tsp, Yangon
PH: 09-86 28806, 09- 4500 56104, 09- 730 31 302

မြေကွက်နှင့်အဆောက်အအုံငှားရမ်းခြင်း သက်တမ်းပြီးဆုံးကြောင်း အများသိစေရန်ကြေညာချက်
ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ မဇ္ဈုလမ်း၊ အမှတ် (၂၂)နေ ဒေါ်သရဖီ ၁၂/ဒဂတ(နိုင်)၀၀၅၃၇၁၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။
ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ် (၂၉/အေ)ဟုခေါ်တွင်သောမြေကွက်နှင့် အဆောက်အအုံကို ငှားရမ်းပြီး OKURA ကားဆားဗစ်စင်တာကို ဖွင့်လှစ်ထားသည့် ဦးညီညီဟန် ၁၃/ကလန(နိုင်)၀၅၅၀၈၁နှင့် အဆိုပါမြေနှင့်အဆောက်အအုံပိုင်ရှင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေတို့သည် မြေကွက်နှင့်အဆောက်အအုံငှားရမ်းခြင်း သက်တမ်းကုန်ဆုံး ရပ်စဲပြီးဖြစ်ပါ၍ ငှားရမ်းခြင်းလုပ်ငန်းလည်း ရပ်သိမ်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ထို့ကြောင့် ၄င်းမြေကွက်နှင့် အဆောက်အအုံတည်ရာတွင် ဦးညီညီဟန်သည် မည်သည့်လုပ်ငန်းမျှ ဆောင်ရွက်ခြင်းမရှိတော့ကြောင်း မြေကွက်နှင့်အဆောက်အအုံပိုင်ရှင် ဒေါ်သရဖီ၏ ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မိမိလှိုင် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၅၃၅၄)
တိုက် (၈)၊ အခန်း (၇) (မြေညီထပ်)၊ ဂျိုးဖြူလမ်း၊ စံပြဖဆပလရပ်ကွက်၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၂၁၉၇၇

ဓားဖြင့်ထိုးပြီး ဝိုင်းဝန်းရိုက်နှက်ကြသူများကို အရေးယူ

ရန်ကုန် မတ် ၂၀

ပွဲကြည့်ပြီး ပြန်လာသူများအား ဓားဖြင့်ထိုးပြီး ဝိုင်းဝန်းရိုက်နှက်ကြသူများကို အရေးယူလိုက်သောဖြစ်စဉ် မတ် ၂၈ ရက် ညပိုင်းက သောင်ကြီးနယ်မြေအတွင်း ဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၈ ရက် ည ၁၁ နာရီက ကွမ်းခြံကုန်းမြို့နယ်နေသူများဖြစ်သည့် ရှိုင်းကိုဦးနှင့် အစ်ကိုဝမ်းကွဲတော်စပ်သူ ဖြိုးအောင်တို့ သူငယ်ချင်းငါးဦးသည် လှိုင်သာယာမြို့နယ် အတွင်းပဒံကျေးရွာ၌ ပွဲကြည့်ပြီး ပြန်လာကြစဉ် သမကုန်းကားဂိတ်အနီးအရောက် ရဲလွင်ဦး(ခ)မုန်တိုင်းပါ ခြောက်ဦးတို့က ၄င်းတို့အား "စောစောက ငါတို့ကို လုပ်သွားတာလား" ဟု ပြောဆိုပြီး ရဲလွင်ဦး(ခ) မုန်တိုင်းက ဓားဖြင့်ထိုးကာ ကျန်သူများက ဝိုင်းဝန်းထိုးကြိတ်ရိုက်နှက်ခဲ့ကြသဖြင့် ရှိုင်းကိုဦးတွင် ဒဏ်ရာများရရှိခဲ့ပြီး ဖြိုးအောင်တွင် ယာမျက်လုံးအထက်ထိုးသွင်းဒဏ်ရာတစ်ချက်၊ ယာမျက်လုံးဖူရောင်ဒဏ်ရာများရရှိခဲ့ကာ လှိုင်သာယာဆေးရုံမှတစ်ဆင့် ရန်ကုန်ဆေးရုံကြီးသို့ အတွင်းလူနာ (မစိုးရိမ်ရ)အဖြစ် တင်ပို့ကုသခဲ့ရကြောင်း သိရသည်။

ထိုသို့ကျူးလွန်သူများကို သောင်ကြီးနယ်မြေရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူများဖြစ်ကြသည့် ရဲလွင်ဦး(ခ)မုန်တိုင်း၊ ဇာနည်(ခ)ဖြိုးစည်သူ၊ အရိုး(ခ)ကိုထက်၊ ဖိုးလပြည့်၊ ဇော်ဝင်းဦး၊ မြတ်နိုးပိုင်တို့ခြောက်ဦးကို ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

ယာဉ်တိုက်မိသဖြင့် စည်ပင်သန့်ရှင်းရေးဝန်ထမ်း သေဆုံး

ရန်ကုန် မတ် ၂၀

လှိုင်မြို့နယ်အတွင်း မတ် ၂၉ ရက် နံနက်အစောပိုင်းက လမ်းဖြတ်ကူးသူ စည်ပင်သန့်ရှင်းရေးနေ့စားဝန်ထမ်းတစ်ဦး ယာဉ်တိုက်ခံရသဖြင့် သေဆုံးသွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၉ ရက် နံနက် ၂ နာရီက လှိုင်မြို့နယ် အင်းစိန်လမ်းအတိုင်း သမိုင်းဘက်မှ လှည်းတန်းဘက်သို့ ယာဉ်မောင်း(စုံစမ်းဆဲ) မောင်းနှင်လာသော ယာဉ်အမှတ် အမျိုးအစား(စုံစမ်းဆဲ)ယာဉ်သည် သံလမ်းမှတ်တိုင်အနီးအရောက် လမ်းဖြတ်ကူးသူကို ဝင်ရောက်တိုက်မိခဲ့သဖြင့် ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ကြောင်း၊ ယင်းကဲ့သို့ ယာဉ်မဆင်မခြင်မောင်းနှင်ပြီး ထွက်ပြေးသူ ယာဉ်မောင်း(စုံစမ်းဆဲ)အပေါ် လှိုင်မြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

စိုးဝင်း(SP)

အရှိန်လွန်ဝါးတင်ကား ချောင်းအတွင်းထိုးကျတိမ်းမှောက်

ရေတာရှည် မတ် ၂၀

မတ် ၂၉ ရက် နံနက် ၇ နာရီ ၄၅ မိနစ်က ရေတာရှည်မြို့ မြောက်ဘက် သုံးမိုင်ခန့်အကွာ ရန်ကုန်-မန္တလေးကားလမ်း အနောက်ဘက်ခြမ်းရှိ ပေ ၂၀ ခန့် နက်သည့် ဝါးတင်ယာဉ်တစ်စီး အရှိန်လွန်ကာ ရေမြောင်းထဲသို့ ထိုးကျတိမ်းမှောက်သွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ရန်ကုန်ဘက်မှ မန္တလေးဘက်သို့ ဦးဝင်းရွှေ (၅၅ နှစ်)အမှတ်(၁)ရပ်ကွက် ရေတာရှည်မြို့နေသူ မောင်းနှင်ပြီး ရည်မွန်ကျော် (၁၈ နှစ်) ကရင်ချောင်းကျေးရွာ တောင်ငူမြို့နယ်၊ ကျော်နိုင်လင်း(၂၇ နှစ်)၊ ပိန္နဲပင်ကျေးရွာ၊ ရေတာရှည်မြို့နယ်၊ ကျော်လင်းအောင် (၂၃ နှစ်) အင်ဒိုင်းကျေးရွာ ရေတာရှည်မြို့နယ်နေသူတို့ လိုက်ပါလာသော ၁က/--- ဟီးနိုးခေါင်းတို ခြောက်ဘီးယာဉ်သည် မိုင်တိုင်အမှတ် (၁၉၄/၄)နှင့် (၁၉၄/ ၅) အကြားတွင် အရှိန်မထိန်းနိုင်ဘဲ ကားလမ်းအနောက်ဘက်ရှိ ချောင်းထဲထိုးကျတိမ်းမှောက်သွားခဲ့သည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခြင်းမရှိကြောင်း၊ ယာဉ်တိမ်းမှောက်မှုကို ရေတာရှည်မြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဖြိုးလွင်အောင်(ဆွာ)

စလင်းမြို့နယ်တွင် နှစ်လုံးထိုးလောင်းကစားသူ ဖမ်းဆီးရမိ

စလင်း မတ် ၂၀

မကွေးတိုင်းဒေသကြီး စလင်းမြို့တွင် နှစ်လုံးထီရောင်းချသူတစ်ဦးကို ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ မင်းဘူးခရိုင် မူခင်းနှင့် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ ဒုရဲအုပ်မျိုးဇော်ဝင်းနှင့်အဖွဲ့သည် စလင်းရဲတပ်ဖွဲ့မှ ဒုရဲအုပ် တင်မျိုးကျော်တို့အဖွဲ့နှင့် ပူးပေါင်း၍ သတင်းအရ စလင်းမြို့ မြေမိရပ်နေ ဒေါ်ဝင်းမာ(၄၅နှစ်)၏ ဈေးဆိုင်ကို ဝင်ရောက်ရှာဖွေရာ နှစ်လုံးထီ ရောင်းရငွေကျပ် ၈၇၀၀ နှင့် လောင်းကစား ဆက်စပ်ပစ္စည်းများကို တွေ့ရှိ၍ ဒုရဲအုပ်မျိုးဝင်းဇော်က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

စစ်ကြည်(စလင်း)

တောင်ပေါ်ကျေးရွာများရှိ တိုင်းရင်းသားများအား မူးယစ်ဆေးဝါးအသိပညာပေး ဟောပြော

နမ့်ခမ်း မတ် ၂၀

နမ့်ခမ်းမြို့နယ် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ မူးယစ်ဆေးဝါးပပျောက်ရေး ပညာပေးဟောပြောပွဲကို နမ့်ခမ်းမြို့နယ် မာန်အောင်ကျေးရွာ မဟာမုနိဘုရားကြီး ကျောင်းဝင်းအတွင်း၌ မတ် ၂၃ ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်အေးက ရဲလုပ်ငန်းဆိုင်ရာများ ပြောကြားရှင်းလင်းဟောပြောသည်။

ဟောပြောပွဲ အခမ်းအနားသို့ ဌာနဆိုင်ရာများ၊ ကျေးရွာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေး အဖွဲ့ဝင်များ၊ တအာင်း(ပလောင်)တိုင်းရင်းသားများတက်ရောက်ကြပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ နမ့်ခမ်းရဲစခန်းမှူး ဒုရဲမှူးခင်မောင်ညီ၊ မူးယစ်တပ်ဖွဲ့စု-၂၂ (မူဆယ်)မှ ရဲအုပ်စိုးအောင်၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၁၇)၊ ဒုရဲအုပ်သန်းနိုင်ဦး၊ ကျန်းမာရေးမှူး အဆင့်(၁) ဦးအောင်ကျော်တို့က အသိပညာပေးဟောပြောခဲ့ကြသည်။

(၀၁၇)

နိုင်ငံတကာအားကစား

ချယ်လ်ဆီးနဲ့ ရီးရဲမက်ဒရစ်တို့ရဲ့ ပွဲတွေဖြစ်မလား

မိုးမြင့်လင်းလက်

ချန်ပီယံလိဂ်ကွာတားဖိုင်နယ်ပွဲစဉ်တွေကို ဧပြီ ၃ ရက်မှာ ဆက်လက်ကစားတဲ့အခါ ပီအက်စ်ဂျီနဲ့ချယ်လ်ဆီး၊ ရီးရဲမက်ဒရစ်နဲ့ဒေါ့မွန်တို့ပွဲစဉ်တွေက ပရိသတ်တွေကို ရသစုံပေးစွမ်းကြဦးမှာဖြစ်ပါတယ်။ ပြိုင်ပွဲအရပ်ရပ်မှာ အကောင်းဆုံးခြေစွမ်းပြသနေတဲ့ အသင်းတွေဖြစ်တာမို့ အခုကွာတားဖိုင်နယ်မှာ ဘယ်အသင်းတွေ လက်ပြန္မတ်ဆက်ကျန်ရစ်မလဲဆိုတာ စိတ်ရောင်စုံခံစားမှုတွေနဲ့အတူ အားပေးကြရဦးမှာဖြစ်ပါတယ်။

ပီအက်စ်ဂျီနှင့် ချယ်လ်ဆီး

ဒီနှစ်သင်းရဲ့နောက်ဆုံးအကြိမ်တွေ့ဆုံမှုက တစ်ဂိုးစီသရေပွဲဖြစ်ခဲ့တာမို့ အခုပွဲက ပြတ်သားတဲ့ရလဒ်ရအောင်ပုံဖော်ကြမယ့်ပွဲပါပဲ။ ပီအက်စ်ဂျီဟာ ဒီနှစ်ချန်ပီယံလိဂ်မှာ ရှုံးပွဲမရှိသေးတဲ့အသင်းဖြစ်ပြီး ဥရောပပွဲစဉ်တွေရဲ့ အိမ်ကွင်း ၂၈ ပွဲမှာ ရှုံးပွဲမရှိသေးတဲ့ မှတ်တမ်းလည်း တင်ထားနိုင်တဲ့အသင်း ဖြစ်ပါတယ်။ ပီအက်စ်ဂျီရဲ့ ချန်ပီယံလိဂ်သမိုင်းမှတ်တမ်းကိုကြည့်ရင်တော့ နောက်ဆုံးအဆင့်ဗိုလ်လုပွဲကို တစ်ကြိမ်တစ်ခါမှ မတက်ရောက်ခဲ့ဖူးပေမယ့် ပြိုင်ဘက်အသင်းတွေကို အလဲထိုးနိုင်တဲ့ ခြေစွမ်းရှိနေပါတယ်။ ပီအက်စ်ဂျီရဲ့နောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်ငါးပွဲရဲ့ ရလဒ်ကိုကြည့်ရင် နိုင်ပွဲတွေချည်း ဆက်တိုက်ရယူထားတဲ့ မှတ်တမ်းကောင်း ရှိနေပါတယ်။ ချယ်လ်ဆီးတို့က ချန်ပီယံလိဂ်အစဉ်အလာကောင်းတဲ့ နည်းပြနဲ့ကစားသမားတွေ ပိုင်ဆိုင်ထားပါတယ်။ ချယ်လ်ဆီးဟာ ဒီနှစ်ချန်ပီယံလိဂ်အုပ်စုပွဲစဉ်မှာ ဘေဆယ်ကိုနှစ်ပွဲစလုံးရှုံးခဲ့တာမို့ ဒီပွဲမှာသတိထားပြီး ကစားရမှာဖြစ်ပါတယ်။

ချယ်လ်ဆီးရဲ့ နောက်ဆုံးကစားခဲ့တဲ့ ခြောက်ပွဲရလဒ်ကို ကြည့်ရင် ဗီလာနဲ့ ခရစ္စတယ်ပဲလေ့စ်ကိုတစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးပြီး ကျန်လေးပွဲအနိုင်ရရှိထားပါတယ်။ ချယ်လ်ဆီးဟာ ပြင်သစ်မြေမှာ ပီအက်စ်ဂျီကို အနိုင်ယူဖို့ ဆိုတာခက်ခဲပါလိမ့်မယ်။

ရီးရဲမက်ဒရစ်နှင့် ဒေါ့မွန်

ပြီးခဲ့တဲ့ ၂၀၁၃ ခုနှစ်က ရီးရဲမက်ဒရစ်ကွင်းမှာ ဒေါ့မွန်ကိုနှစ်ဂိုးပြတ်နဲ့ အနိုင်ယူခဲ့တဲ့ရီးရဲမက်ဒရစ်ဟာ အခုပွဲမှာလည်း ဂိုးပြတ်အနိုင်ယူဖို့ ကြိုးစားပါလိမ့်မယ်။

ဒေါ့မွန်ဟာ ခြေစွမ်းမာကျောတဲ့အသင်း ဖြစ်ပေမယ့် အဝေးကွင်းမှာ ရလဒ်ကောင်းအောင် ရုန်းကန်နေရတဲ့ အနေအထားရှိနေပါတယ်။ ဂျာမန်ကလပ်တွေနဲ့ အိမ်ကွင်းမှာ ကစားတိုင်း ရီးရဲမက်ဒရစ်တို့ နိုင်ပွဲရတာများတာမို့ အခုပွဲမှာ အစဉ်အလာကောင်းကို ဆက်ထိန်းဖို့ ကြိုးစားပါလိမ့်မယ်။ ။

ဆိုနီအိုးပင်း ဆီရီနာဝီလျံဆွတ်ခူး

အမေရိကန်နိုင်ငံ မီယာမီ၌ ကျင်းပသော ဆိုနီအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် ဆီရီနာဝီလျံက တရုတ်တင်းနစ်မယ် လီနာကို နိုင်ပြီး ခုနစ်ကြိမ်မြောက် ဖလားဆွတ်ခူးသွားခဲ့သည်။ အသက် ၃၂ နှစ်ရှိ ဆီရီနာဝီလျံက ၇-၅၊ ၆-၁ ဖြင့် နိုင်ခဲ့သည်။ ကမ္ဘာ့အဆင့် (၁) ဆီရီနာဝီလျံသည် ယခင်နှစ်က အဆိုပါဖလားကို ဆွတ်ခူးခဲ့ပြီး တစ်ဖန် ပြန်လည်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းဖလားမှာ ယခုနှစ်ရာသီတွင် သူမအတွက်ဒုတိယမြောက် ဆုဖလားဖြစ်သည်။ ကမ္ဘာ့နံပါတ် (၂) တရုတ်တင်းနစ်မယ် လီနာသည် ခြောက်နှစ်အတွင်း တစ်ပွဲမျှ အနိုင်မရသေးပေ။ စုစုပေါင်း ၁၂ ပွဲတွင် ၁၁ ပွဲ ရှုံးနိမ့်ခဲ့သည်။ ဝီလျံသည် အသက် ၁၆ နှစ်အရွယ်ကတည်းက မီယာမီပြိုင်ပွဲကို ဝင်ရောက် ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်သည်။

ချယ်လ်ဆီးဖလား မရနိုင်ဟု နည်းပြမော်ရင်ဟို ပြော

ချယ်လ်ဆီးအသင်းသည် ခရစ္စတယ်ပဲလေ့စ်ကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီးနောက် ဖလားမရနိုင်တော့ကြောင်း နည်းပြမော်ရင်ဟိုက ပြောကြားလိုက်သည်။ ချယ်လ်ဆီးအသင်းသည် ဇယားထိပ်ဆုံး၌ရှိနေသော်လည်း လီဗာပူးထက် တစ်မှတ်သာ အသာရထားသည်။ အာဆင်နယ်ကို တစ်ဖက်တစ်ဂိုးစီ သရေကစားခဲ့သော မန်စီးတီးထက်နှစ်မှတ်သာ ချယ်လ်ဆီးကသာသည်။ ချယ်လ်ဆီးအသင်းသည် ၂၀၀၉-၂၀၁၀ ခုနှစ်နောက်ပိုင်း ပထမဆုံးသော ဖလားဆွတ်ခူးနိုင်ခြေရှိနေဆဲဖြစ်သည်။ သို့သော်လည်း ပဲလေ့စ်ကို ရှုံးပြီးနောက် မဖြစ်နိုင်တော့ကြောင်း မော်ရင်ဟိုက ပြောသည်။ ခရစ္စတယ်ပဲလေ့စ်၏ ယင်းအနိုင်ရမှုမှာ နောက်ဆုံးခြောက်ပွဲတွင် ပထမဆုံးအနိုင်ရခဲ့ခြင်းဖြစ်သည်။

ရီးရဲမက်ဒရစ် ဆက်တိုက်ရှုံးနိမ့်မှု အဆုံးသတ်

စပိန်လာလီဂါတွင် ရီးရဲမက်ဒရစ်က ဗယ်လက်ကာနိုအသင်းကိုငါးဂိုးပြတ်ဖြင့် အနိုင်ရလိုက်သည်။ ယင်းပွဲတွင် ဝေလတိုက်စစ်မှူး ဂါရက်ဘေးလ်က နှစ်ဂိုးသွင်းယူပေးခဲ့သည်။ ရီးရဲမက်ဒရစ်တို့ ယင်းအနိုင်ပွဲသည် နှစ်ပွဲ ဆက်တိုက်ရှုံးနိမ့်မှုကို အဆုံးသတ်သွားစေခဲ့သည်။ အဖွင့်ဂိုးကို စီရိုနယ်ဒိုက သွင်းယူပေးခဲ့သည်။ ယင်းဂိုးမှာ စီရိုနယ်ဒို၏ ယခုနှစ်ရာသီအတွင်း သွင်းယူခဲ့သည့် ၄၄ ဂိုးမြောက်ဖြစ်သည်။ ညာနောက်တန်းမှ ပူကာဗာဂျယ်က ဒုတိယ အနိုင်ဂိုးသွင်းယူသည်။ မော်ရာတာက ပဉ္စမမြောက်ဂိုးသွင်းသည်။ ပြိုင်ဘက် ဘာစီလိုနာနှင့်အက်သလက်တီကိုတို့လည်း အသီးသီးအနိုင်ရလိုက်၍ စပိန်လာလီဂါတွင် ဖလားရရှိရေး မျှော်မှန်းချက် ပိုမိုပြင်းထန်လာသည်။

မန်ယူနှင့်ကစားမည့် ချန်ပီယံလိဂ်ပွဲ ဘိုင်ယန်မြူးနစ်မှ တီယာဂိုလွဲချော်နိုင်

ဘွန်ဒက်စ်လီဂါချန်ပီယံ ဘိုင်ယန်မြူးနစ်အသင်းသည် ကွင်းလယ်ကစားသမားတီယာဂိုမပါဘဲ မန်ယူနှင့်ချန်ပီယံလိဂ်ကစားရမည်ဖြစ်သည်။ ၎င်းသည် ဟော့ဖန်ဟိမ်းနှင့်ကစားသည့်ပွဲ၌ ဒဏ်ရာရခဲ့သဖြင့် နှစ်လကြာအနားယူရဖွယ်ရှိသည်။ တီယာဂိုသည် မန်ယူနှင့်ကစားမည့်ချန်ပီယံလိဂ်ကွာတားနှင့် ဆီမီးပွဲများလွဲချော်နိုင်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် မတ် ၂၅ ရက်က ဘွန်ဒက်စ်လီဂါဖလားဆွတ်ခူးနိုင်ခဲ့သည်။ ဂွါဒီယိုလာ၏ ဘိုင်ယန်မြူးနစ်အသင်းသည် ၁၉ ပွဲ ဆက်တိုက်အနိုင်ရလိုက်သဖြင့် ဘွန်ဒက်စ်လီဂါဖလားကို ရာသီမကုန်မီခုနစ်ပွဲ အလို ဖလားဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

ကောင်းမြတ်သူ - စုစည်းသည်

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပြဋ္ဌာန်း

၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ

(၂၀၁၄ ခုနှစ်၊ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၁၈ ။)

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၃ ရက်

(၂၀၁၄ ခုနှစ်၊ မတ်လ ၂၈ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

အပိုင်း ၁

အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။ (က) ဤဥပဒေ ကို ၂၀၁၄ ခုနှစ်၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံး ဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် အတွက် ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အကျိုးသက်ရောက် စေရမည်။

အပိုင်း ၂

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ပြည်ထောင်စု လွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ

အခန်း(၁)

ရငွေများနှင့်သုံးငွေများ

၂။ နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ သည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသောရငွေများကို ပြည်ထောင်စု ၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရား လွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင် စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင် ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့် ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား(၁)နှင့်(၃)တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ပ အကူအညီရငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ ပိုမိုရရှိသောငွေများဖြင့် ဆက်နွှယ်ထားသည့် လုပ်ငန်းအသုံး စရိတ်များကြောင့် ဇယား(၂) နှင့် (၄)တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်ထောင်စု အစိုးရ အဖွဲ့က စိစစ်သုံးသပ်၍ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပုဒ်မ ၁၁ တွင် သတ်မှတ်ထားသည့် ငွေထက် မပိုစေရ။ ထိုသို့ ပြည်ပမှ အကူအညီရငွေ၊ ချေးယူရငွေများကြောင့် နိုင်ငံတော်၏ဘဏ္ဍာမှ ကျပ်ငွေဖြင့် ကျခံသုံးစွဲရမည့် အသုံးစရိတ်များအတွက် ပြုပြင်ပြီးခန့်မှန်း ခြေစာရင်း တင်ပြချိန်ထက်ကျော်လွန်ပါက ပုဒ်မ ၂၃ ပါ ပြဋ္ဌာန်း ချက်များနှင့်အညီ သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲနိုင်သည်။

၄။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရား လွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေရသော ရငွေများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၄-၂၀၁၅ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင် ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင်ထည့်သွင်းဖော်ပြရမည်။

(ခ) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရား လွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စု ဝန်ကြီးဌာနများနှင့်ဦးစီးဌာနများသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍လည်းကောင်း ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်း ခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်း များကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ ပိုမိုသုံးစွဲရန် ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြု ချက် ရယူရမည်။

၅။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့က လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင် ထိခိုက်မှုအကျိုးခံစားခွင့်ရန်ပုံငွေတို့ဖြင့် ရပ်တည်၍၊ ထို ရန်ပုံငွေတို့မှ အကျိုးခံစားခွင့်များပေးရာတွင် လုံလောက်မှု မရှိ၍ တောင်းခံ လာပါက ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ ထည့်ဝင်ခြင်း၊ ထောက်ပံ့ခြင်းနှင့် လိုအပ်သည့်ချေးငွေများ ထုတ်ချေးခြင်း၊လူမှုဖူလုံရေးအိမ်ရာစီမံကိန်းအတွက် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ လိုအပ်သလို ထောက်ပံ့ပေးခြင်းတို့ကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

၆။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ဘဏ္ဍာရေးကော်မရှင်နှင့် ညှိနှိုင်းရရှိသည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၏ အရအသုံး ခန့်မှန်းခြေ ငွေစာရင်းများအရ လိုအပ်သည့်ငွေကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေမှ သင့်တင့်လျောက်ပတ်စွာ ဖြည့်ဆည်းပေးခြင်း၊ အထူးကိစ္စတစ်ရပ်အနေဖြင့် ထောက်ပံ့ခြင်း၊ လိုအပ်သည့် ချေးငွေများ ထုတ်ချေးခြင်းတို့ကို ပြည်ထောင်စု လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။

အခန်း(၂)

ငွေချေးယူခြင်း

၇။ ပြည်ထောင်စုအစိုးရအဖွဲ့သည် လုပ်ငန်းစီမံချက်များအတွက် ဖြစ်စေ၊ ပြည်ထောင်စု၏ရသုံးခန့်မှန်းခြေငွေစာရင်းပါ အသုံးစရိတ်အတွက်ဖြစ်စေ ပြည်ထောင်စုက တာဝန်ယူသည့် ငွေချေးစာချုပ်များ သို့မဟုတ် အာမခံစာချုပ် များ ထုတ်ပေးခြင်းဖြင့်လည်းကောင်း၊ အခြားနည်းလမ်းဖြင့်လည်းကောင်း ပြည်တွင်းမှဖြစ်စေ၊ ပြည်ပမှဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏အတည်ပြု ချက်ဖြင့် ငွေချေးယူနိုင်သည်။ ထိုသို့ချေးငွေရယူသည့်အခါ သင့်သည်ထင်မြင် သည့် အတိုးနှုန်းများသတ်မှတ်၍ ပေးနိုင်သည်။ ပြန်ဆပ်ရန်၊ ပြန်ရွေးရန် သို့မဟုတ် အခြားနည်း စီမံရန် စည်းကမ်းချက်များကိုလည်း ပြုလုပ်နိုင်သည်။

၈။ ယခင် ဘဏ္ဍာရေးနှစ်အတွင်းက လိုအပ်ငွေများ ဖြည့်တင်းရန် အာမခံစာချုပ်များ ရောင်းချခြင်းဖြင့် ရယူခဲ့သည့် ချေးငွေများနှင့်စပ်လျဉ်း၍ အချိန်ကျရောက် သောအခါ ပေးဆပ်ခြင်းကို အာမခံစာချုပ်အသစ်များဖြင့် လဲလှယ်နိုင်သည်။

၉။ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်ထောင်စုအစိုးရဌာနတစ်ခုခုအား ပြည်ပမှ ငွေချေးယူခွင့်ပြုနိုင်သည်။ ပြည်ပမှရရှိသော ချေးငွေများကို နိုင်ငံတော် နှင့် အကျိုးတူ ဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်း ချက်များ သတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၁၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ဤအခန်း(၂)ပါ ကိစ္စရပ်များ အားလုံး ကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသည် ဤအခန်း (၂) အရ ငွေချေးယူသောကိစ္စများအတွက် နိုင်ငံတော်ကိုယ်စား အာမခံချက် ပေးနိုင်သည်။

၁၁။ ၂၀၁၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၂) အရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ် ချေးယူလက်ခံရရှိသည့်ငွေ စုစုပေါင်းသည် ကျပ်သန်းပေါင်း သုံးဆယ့်ခြောက်သိန်းထက်မပိုစေရ။

အခန်း(၃)

ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေပြင်ပမှဆောင်ရွက်သော ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

၁၂။ လူမှုဖူလုံရေးအဖွဲ့သည် မိမိတို့၏လူမှုဖူလုံရေးရန်ပုံငွေနှင့် အလုပ်တွင်ထိခိုက်မှု အကျိုးခံစားခွင့်ရန်ပုံငွေတို့အပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာ ငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၃။ (က) လူမှုဖူလုံရေးအဖွဲ့၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၅)နှင့် (၆)တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထား သည့်ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကိုစီမံခန့်ခွဲ ခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်း ထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ် အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၁၄။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၅)နှင့်(၆) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း၊ ကိစ္စ တစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်း ဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် လူမှုဖူလုံရေးအဖွဲ့အား လုပ်ငန်းလုပ် ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက် ခွင့်ပြုနိုင်သည်။

အပိုင်း ၃

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ

အခန်း(၁)

ရငွေများနှင့်သုံးငွေများ

၁၅။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများ အလိုက်ကုန်ပစ္စည်းထုတ်လုပ်မှု၊ဆောင်ရွက်မှုနှင့်ကုန်သွယ်မှုလုပ်ငန်း များအတွက် လိုအပ်သည့် သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်း ပစ္စည်းများဝယ်ယူခြင်း အသုံးစရိတ်၊ ဝင်ငွေခွန်နှင့် နိုင်ငံတော်သို့ ထည့်ဝင်ငွေတို့ကို ဘဏ္ဍာရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းသုံးရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံးရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံ ငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော်ငွေရေး ကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင် ဘဏ်များမှ ငွေချေးယူသုံးစွဲနိုင်သည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၅ (က) တွင် ပါရှိသည့် သာမန်အသုံးစရိတ်များမှအပ အခြားသာမန်အသုံးစရိတ်၊ ပြည်ပသို့ ကြွေးမြီပြန်လည်ပေးဆပ်ရန် အသုံးစရိတ်နှင့် ငွေလုံးငွေရင်း အသုံးစရိတ်များကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၁၆။ နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်း ပြုစုရန်အလို့ငှာ ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၇။ (က) ဇယား(၇)နှင့်(၈)တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများ သည် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇) နှင့် (၈) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ် ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက် ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

အခန်း(၂)

နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့်ပတ်သက်၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၈။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် စီးပွားရေးဆန်ဆန်ဆောင်ရွက်ရမည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်း များ၏လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား(၇)တွင် ဖော်ပြ ထားသောရငွေများ တိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်း ကောင်း၊ ဤဥပဒေ၏ ဇယား (၈) အရ ခွင့်ပြုထားသော အဖွဲ့အစည်း တစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်း တစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော် လည်းကောင်း စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေ များနှင့်သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု လွှတ်တော်သို့ တင်ပြသော ၂၀၁၄ -၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန် နောက်ပိုင်းမှဖြစ်ပေါ်လာသော ပြောင်းလဲ ခြင်းများကို အမှန်စာရင်းများတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

စာမျက်နှာ ၁၆ သို့

ဥပဒေ

စာမျက်နှာ ၁၅ မှ

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ သော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတင်ပြချိန် နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ငွေများပြောင်းလဲချင်းကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ၂၀၁၄ -၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်း ပြုနိုင်သည်။

(င) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံးရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင်ဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

(ဆ) ပုဒ်မခွဲ(စ)ပါ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းဆိုသည့် စကားရပ်တွင် မြန်မာနိုင်ငံတော် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသော နိုင်ငံပိုင် ဘဏ်များနှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများ မပါဝင်စေရ။

(ဇ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပုဒ်မခွဲ(စ)ပါ လုပ်ပိုင်ခွင့်များကို ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအား အပ်နှင်းနိုင်သည်။

အခန်း(၃)
နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၉။ (က) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏ လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

(ခ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား(၇) တွင် ဖော်ပြထားသော ရငွေများ တိုးခြင်း၊ လျှော့ခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၈) အရ ခွင့်ပြုထားသောအဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့်ကြွေးမြီသုံးငွေများတွင် ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲနိုင်သည်။

(ဂ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အစိုးရဌာနအဖွဲ့အစည်းတစ်ခုခုမှ အခြားဌာနအဖွဲ့အစည်းတစ်ခုခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍ သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြပြီး ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ဃ) နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၈ ပုဒ်မခွဲ(စ) အရ ငွေချေးယူလိုလျှင် ပြည်ထောင်စုအစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

အခန်း (၄)
ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

၂၀။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား သတ်မှတ်ပေးရမည်။ ထိုသို့သတ်မှတ်ပေးခြင်းကို အနီးစပ်ဆုံးကျင်းပသည့် ပြည်ထောင်စုလွှတ်တော်သို့ အကျိုးအကြောင်း ဖော်ပြချက်နှင့်အတူ အစီရင်ခံရမည်။

(ခ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သည့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်ဆောင်ရွက်ကြရမည်။

(ဂ) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန်အလို့ငှာ နိုင်ငံတော်၏ ရသုံးခန့်မှန်းခြေငွေစာရင်းတွင် ဖော်ပြရမည်။

၂၁။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သောနိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၉)နှင့် (၁၀)တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ ဆောင်ရွက်ရမည်။

(ဃ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်း ပြင်ပမှဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် သတ်မှတ်ပေးရမည်။

၂၂။ (က) ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၉) နှင့်(၁၀)တို့တွင် ဖော်ပြထားသော ရငွေများနှင့် သုံးငွေများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ဖြင့် ပြောင်းလဲပေးနိုင်သည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့် ငွေများကို မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ သတ်မှတ်ချက်များနှင့်အညီ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

အပိုင်း ၄
သီးသန့်ရန်ပုံငွေ

၂၃။ (က) နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စု တရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ဦးစီးဌာနများ၊ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များသည် ဇယား(၄)စာတိုင်(၄) တွင် ဖော်ပြထားသော သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို အောက်ပါစည်းကမ်းချက်များနှင့်အညီသာလျှင် ဆောင်ရွက်ခွင့်ရှိသည်-

(၁) ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊

(၂) ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း၊

(၃) တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်းကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း။

(ခ) သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်။

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံးကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်။

အပိုင်း ၅
တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ

၂၄။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့၏ ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။

၂၅။ (က) တပ်မြို့စည်ပင် သာယာရေးအဖွဲ့များ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၁)နှင့်(၁၂) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအားအပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၂၆။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင်ဇယား (၁၁)နှင့်(၁၂) တို့တွင် ဖော်ပြထားသော ငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ငွေများပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း၊ ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် တပ်မြို့စည်ပင်သာယာရေးအဖွဲ့များအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန် သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့်ပြုနိုင်သည်။

၂၇။ တပ်မြို့စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

အပိုင်း ၆
နေပြည်တော်ကောင်စီ

၂၈။ နေပြည်တော်ကောင်စီသည် ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေအစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၂၉။ (က) နေပြည်တော်ကောင်စီ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား(၁၃)တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့်ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) သုံးငွေများကိုစီမံခန့်ခွဲရာတွင်ဤဥပဒေပါပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ ၊အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၀။ ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်ကောင်စီ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား(၁၃)တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသော ၂၀၁၄-၂၀၁၅ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

အပိုင်း ၇
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

၃၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိ၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိ၏ဘဏ္ဍာငွေအစီအစဉ်ဖြင့် ဆောင်ရွက်ရာတွင် ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက် ရယူရမည်။

၃၂။ (က) နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁၄) နှင့် (၁၅) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ခ) ပုဒ်မခွဲ(က)ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

၃၃။ (က) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၁၄) နှင့်(၁၅) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်။ ထိုသို့ငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်သို့တင်ပြသော ၂၀၁၄-၂၀၁၅ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်။

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီအား လုပ်ငန်းလုပ်ကိုင်ရန်သော်လည်းကောင်း၊ ရင်းနှီးမြှုပ်နှံရန်သော်လည်းကောင်း လိုအပ်သည့်ငွေကို ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့်ဖြစ်စေ ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခွင့် ပြုနိုင်သည်။

၃၄။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် မိမိနှင့် သက်ဆိုင်သော တည်ဆဲဥပဒေများ၊နည်းဥပဒေများ၊စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

ဥပဒေ

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား(၁)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ											
			အခွန်အကောက်	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ထောက်ပံ့ငွေရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပအကူအညီရငွေ	ချေးငွေ: ထုတ်ချေးငွေအတွက်ပြန်ရငွေ	ချေးယူရငွေ	အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ	စုဆောင်းငွေမှရငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
၁	နိုင်ငံတော်သမ္မတ	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ												
၂	ပြည်ထောင်စုအစိုးရအဖွဲ့	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ			၁၀.၀၀၀			၀.၂၅၀						၁၀.၂၅၀
၃	ပြည်ထောင်စုလွှတ်တော်	ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကကတာဝန်ပေးသူ			၂.၀၀၀									၂.၀၀၀
၄	ပြည်သူ့လွှတ်တော်	ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ												
၅	အမျိုးသားလွှတ်တော်	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ												
၆	ပြည်ထောင်စုတရားလွှတ်တော်ချုပ်	ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ			၁၀၀.၀၀၀									၁၀၀.၀၀၀
၇	နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး	နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ			၀.၀၀၅									၀.၀၀၅
၈	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ												
၉	ပြည်ထောင်စုရှေ့နေချုပ်	ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်ကတာဝန်ပေးသူ			၁၀.၆၉၀									၁၀.၆၉၀
၁၀	ပြည်ထောင်စုစာရင်းစစ်ချုပ်	ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ			၅၆.၅၁၃			၀.၀၀၃			၉၈၀.၀၀၀			၁၀၃၆.၅၁၆
၁၁	ပြည်ထောင်စုရာထူးဝန်အဖွဲ့	ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ			၁၉.၁၃၀									၁၉.၁၃၀
	ပေါင်း				၁၉၈.၃၃၈			၀.၂၅၃			၉၈၀.၀၀၀			၁၁၇၈.၅၉၁

နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုအစိုးရအဖွဲ့၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၊ ပြည်ထောင်စုရှေ့နေချုပ်၊ ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် ပြည်ထောင်စုရာထူးဝန်အဖွဲ့

ဇယား (၂)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ								
			သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ချေးငွေ: ထုတ်ချေးငွေ	ချေးယူရငွေအတွက်ပေးဆပ်ငွေ	အဖွဲ့အစည်းများတွင်ရင်းနှီးငွေ	စုဆောင်းငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	နိုင်ငံတော်သမ္မတ	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ	၁၄၅၅၅.၉၂၅		၇၄၇.၈၇၁	၁၉၂၃၂.၃၉၄					၃၄၅၃၆.၁၉၀
၂	ပြည်ထောင်စုအစိုးရအဖွဲ့	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ	၁၄၈၆.၄၆၆			၇၈.၄၂၅					၁၅၆၄.၈၉၁
၃	ပြည်ထောင်စုလွှတ်တော်	ပြည်ထောင်စုလွှတ်တော်နာယက သို့မဟုတ် ပြည်ထောင်စုလွှတ်တော်နာယကကတာဝန်ပေးသူ	၁၆၅၉.၈၅၉			၃၃၃၄.၅၂၇					၄၉၉၄.၃၈၆
၄	ပြည်သူ့လွှတ်တော်	ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ	၈၄၂၃.၃၄၉			၁၀၂၃၀.၇၁၅					၁၈၆၅၄.၀၆၄
၅	အမျိုးသားလွှတ်တော်	အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ	၆၀၇၈.၇၃၉			၁၁၁၁၈.၈၁၇					၁၇၁၉၇.၅၅၆
၆	ပြည်ထောင်စုတရားလွှတ်တော်ချုပ်	ပြည်ထောင်စုတရားသူကြီးချုပ် သို့မဟုတ် ပြည်ထောင်စုတရားသူကြီးချုပ်က တာဝန်ပေးသူ	၁၁၀၈၃.၂၅၀			၁၃၃၅၄.၄၁၅					၂၄၄၃၇.၆၆၅
၇	နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး	နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ သို့မဟုတ် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌကတာဝန်ပေးသူ	၆၈၆.၄၂၇			၈၀.၆၅၀					၇၆၇.၀၇၇
၈	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်	ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက တာဝန်ပေးသူ	၅၀၈၄.၂၄၂			၄၂၃၀.၂၂၀					၉၃၁၄.၄၆၂
၉	ပြည်ထောင်စုရှေ့နေချုပ်	ပြည်ထောင်စုရှေ့နေချုပ် သို့မဟုတ် ပြည်ထောင်စုရှေ့နေချုပ်ကတာဝန်ပေးသူ	၁၄၁၈.၄၈၃			၁၇၆.၂၃၅					၁၅၉၄.၇၁၈
၁၀	ပြည်ထောင်စုစာရင်းစစ်ချုပ်	ပြည်ထောင်စုစာရင်းစစ်ချုပ် သို့မဟုတ် ပြည်ထောင်စုစာရင်းစစ်ချုပ်က တာဝန်ပေးသူ	၂၄၀၀.၄၈၇	၇.၃၅၀		၂၄၉၉.၉၉၂					၄၉၀၇.၈၂၉
၁၁	ပြည်ထောင်စုရာထူးဝန်အဖွဲ့	ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌက တာဝန်ပေးသူ	၆၅၄၁.၈၇၅			၂၀၈၇.၉၅၄					၈၆၃၆.၈၂၉
	ပေါင်း		၅၉၄၂၆.၁၀၂	၇.၃၅၀	၇၄၇.၈၇၁	၆၆၄၂၄.၃၄၄					၁၂၆၆၀၅.၆၆၇

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၃)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ											
			အခွန်အကောက်	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ထောက်ပံ့ငွေရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပအကူအညီရငွေ	ချေးငွေ: ထုတ်ချေးငွေအတွက်ပြန်ရငွေ	ချေးယူရငွေ	အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ	စုဆောင်းငွေမှရငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
၁	ပြည်တွင်းထုတ်ကုန်နှင့်ပြည်တွင်းပြည်သားများ သုံးစွဲမှုအပေါ်တွင်ကောက်ခံသည့် အခွန်အကောက်	သမ္မတက တာဝန်ပေးသူ	၁၄၆၄၄၈၇.၇၇၄											၁၄၆၄၄၈၇.၇၇၄
၁	ယစ်မျိုးခွန်		၆၃၄.၈၃၃											၆၃၄.၈၃၃
၂	ကုန်သွယ်လုပ်ငန်းခွန်		၁၂၉၁၀၈၂.၁၃၇											၁၂၉၁၀၈၂.၁၃၇
၃	သွင်းကုန်အတွက်လိုင်စင်ခများ		၈၀၀၀.၀၀၀											၈၀၀၀.၀၀၀
၄	မြန်မာနိုင်ငံအောင်ဘာလေထီခွန်းဆု		၂၈၀၀၀.၄၁၀											၂၈၀၀၀.၄၁၀
၅	သယ်ယူပို့ဆောင်ခရေးခွန်		၁၀၅၄၇၀.၂၆၄											၁၀၅၄၇၀.၂၆၄
၆	တံဆိပ်ခေါင်းရောင်းရငွေများ		၃၁၀၀၀.၀၀၀											၃၁၀၀၀.၀၀၀
၂	ဝင်ငွေနှင့်ပိုင်ဆိုင်မှုအပေါ်တွင် ကောက်ခံသည့်အခွန်အကောက်	ဌာန	၁၆၆၄၉၃၂.၇၂၉											၁၆၆၄၉၃၂.၇၂၉
၁	ဝင်ငွေခွန်		၁၆၆၄၉၃၂.၇၂၉											၁၆၆၄၉၃၂.၇၂၉
၃	အကောက်ခွန်	ဌာန	၁၉၀၀၀၀.၀၀၀											၁၉၀၀၀၀.၀၀၀

စာမျက်နှာ ၁၈ သို့

ဥပဒေ

စာမျက်နှာ ၁၇ မှ

	အကြောင်းအရာ	တာဝန်ခံသူ	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
၁	အကောက်ခွန်		၁၉၀၀၀၀.၀၀၀											၁၉၀၀၀၀.၀၀၀
၄	နိုင်ငံပိုင်ပစ္စည်းများအသုံးပြုသည့်အပေါ် ကောက်ခံသည့်အခွန်အကောက်	ဌာန	၁၅၇၁၁၆၀.၄၄၀											၁၅၇၁၁၆၀.၄၄၀
၁	မြေယာပေါ်တွင်ကောက်ခံသည့်အခွန်		၀.၈၉၀											၀.၈၉၀
၂	ရေခွန်နှင့်တာတမံခွန်		၁၁၁၆.၅၆၈											၁၁၁၆.၅၆၈
၃	သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်		၁၀၄၈.၀၆၁											၁၀၄၈.၀၆၁
၄	ဓါတ်သတ္တုပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်		၇.၄၅၀											၇.၄၅၀
၅	အင်းဆိုင်ခွန်		၁၀၈၃.၇၀၀											၁၀၈၃.၇၀၀
၆	ဖြတ်ပေါင်စေးပေါ်တွင်ကောက်ခံသည့် အခွန်		၀.၅၀၀											၀.၅၀၀
၇	ရေနံနှင့်သဘာဝဓာတ်ငွေ့ထုတ်ယူသည့် အတွက် ကောက်ခံသည့်အခွန်		၃၂၆၃၄၃.၂၇၁											၃၂၆၃၄၃.၂၇၁
၈	မောတ်သတ္တုမှုန်နှင့်ရတနာခွန်		၁၄၀၀.၀၀၀											၁၄၀၀.၀၀၀
၉	ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့်ကောက်ခံသည့်အခွန်အကောက်		၁၂၂၅၀၀၀.၀၀၀											၁၂၂၅၀၀၀.၀၀၀
၁၀	လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်အကောက်		၁၀၄၆၀.၀၀၀											၁၀၄၆၀.၀၀၀
၅	ပြည်ထောင်စု၏ စီးပွားရေးအဖွဲ့အစည်းများမှရငွေ	ဌာန		၅၂၇၈၀၀.၁၁၀										၅၂၇၈၀၀.၁၁၀
၆	ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေစာရင်းပြင်ပမှ ဆောင်ရွက်သော နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ	ဌာန		၅၁၇၉.၃၅၃										၅၁၇၉.၃၅၃

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၃)၊ ၈ အဆုံး
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	ရငွေများ: အခွန်အကောက်	နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများမှရငွေ	အခြားသာမန်ရငွေ	အတိုးရငွေ	ထောက်ပံ့ငွေရငွေ	ငွေလုံးငွေရင်းရငွေ	ပြည်ပအကူအညီရငွေ	ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ	ကြွေးမြီ: ချေးယူရငွေ	အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှရငွေ	စုဆောင်းငွေမှရငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂	၁၃	၁၄	၁၅
၇	ပြည်ထဲရေး	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ			၁၃၉၁၂.၁၁၉						၄၄၈၀၀.၂၇၂			၅၈၇၃၃.၄၁၁
၈	ကာကွယ်ရေး	ဌာန			၁၉၄၅၀၅.၁၇၃									၁၉၄၅၀၅.၁၇၃
၉	နယ်စပ်ရေးရာ	ဌာန			၅၀.၃၉၉				၄၉၀၀.၀၀၀					၄၉၅၀.၃၉၉
၁၀	နိုင်ငံခြားရေး	ဌာန			၁၃၀၈.၀၀၀									၁၃၀၈.၀၀၀
၁၁	ပြန်ကြားရေး	ဌာန			၅၃၆၂.၁၉၀									၅၃၆၂.၁၉၀
၁၂	သမ္မတရုံး	ဌာန												
၁၃	သာသနာရေး	ဌာန			၅၂.၈၇၀									၅၂.၈၇၀
၁၄	သမဝါယမ	ဌာန			၂၅၈.၀၄၂	၅၃၂၈.၇၅၀			၁၂၅၃.၆၀၀		၄၉၀၀၀.၀၀၀			၅၇၈၄၀.၃၉၂
၁၅	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း	ဌာန			၂၅၉၁၃.၀၄၅			၁၇၄.၀၀၀	၄၅၁၃.၃၄၀		၂၀၀၀.၀၀၀			၃၂၈၀၀.၃၈၅
၁၆	မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး	ဌာန			၇၅၄၂.၁၁၉				၃၃၈၅၅.၇၃၇		၂၇၈၄၁.၉၃၉			၆၉၂၃၉.၈၁၅
၁၇	ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ	ဌာန									၂၉၄၀.၀၀၀			၂၉၄၀.၀၀၀
၁၈	ပို့ဆောင်ရေး	ဌာန			၇၁၉၆၃.၉၃၁				၃၃၂၄၄.၈၀၄		၉၈၀၀.၀၀၀			၁၁၅၀၀၈.၇၄၅
၁၉	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ	ဌာန			၁၂၈၂.၈၀၇							၂၂.၅၀၀		၁၃၀၅.၃၀၇
၂၀	လျှပ်စစ်စွမ်းအား	ဌာန			၆၀.၁၀၄	၃၃၁၀.၈၄၂					၂၅၈၂၈.၅၄၃	၁၃၇၇.၉၈၈		၃၀၅၇၇.၄၇၇
၂၁	လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား	ဌာန			၁၇၅၀၀.၁၃၀				၁၆၃၇.၇၂၆					၁၉၁၃၇.၇၅၆
၂၂	စွမ်းအင်	ဌာန			၀.၀၆၀									၀.၀၆၀
၂၃	စက်မှု	ဌာန			၂၉၅၈.၄၈၉				၂၇၉၃.၀၀၀					၅၇၅၁.၄၈၉
၂၄	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	ဌာန			၅၂၀၇.၂၆၄			၃၇၂၇.၆၈၅	၁၁၈၂.၀၀၀	၂၂၃.၄၇၂		၄၃၁.၇၆၃		၁၀၇၇၂.၁၆၄
၂၅	အားကစား	ဌာန			၄၈.၅၂၅			၀.၂၀၀	၈.၂၉၀					၅၇.၀၁၅
၂၆	ပညာရေး	ဌာန			၁၀၆၉၆.၃၆၂				၅၅၀၄၆.၃၁၀		၁၉၆၀၀.၀၀၀			၈၆၃၄၂.၆၇၂
၂၇	ကျန်းမာရေး	ဌာန			၁၂၄၇၄.၇၄၈			၃.၁၀၀	၂၄၇၉၉.၅၃၀					၃၆၂၇၇.၃၇၉
၂၈	သတ္တုတွင်း	ဌာန			၁၅၁၂.၁၀၀									၁၅၁၂.၁၀၀
၂၉	ယဉ်ကျေးမှု	ဌာန			၃၈၁၈.၁၇၆									၃၈၁၈.၁၇၆
၃၀	ဘဏ္ဍာရေး	ဌာန			၁၀၀၆၉.၂၉၃	၄၄၃၁၇.၃၉၁			၉၈၀၀.၀၀၀	၇၂၃၅.၀၄၈	၈၃၃၀.၀၀၀			၇၉၇၅၁.၇၃၂
၃၁	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု	ဌာန			၉၀၁၃.၇၄၄			၁၀၀.၄၀၀			၁၄၇၀.၀၀၀			၁၀၅၈၄.၁၄၄
၃၂	ဆောက်လုပ်ရေး	ဌာန			၂၁၄၈၅.၂၈၅			၁၂၇၀၀၀.၀၀၀	၁၁၄၈၅.၀၀၀		၅၀၅၄၀၀.၅၀၀			၆၆၅၃၇၀.၇၈၅
၃၃	အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး	ဌာန			၅၁.၁၉၇									၅၁.၁၉၇
၃၄	ရထားပို့ဆောင်ရေး	ဌာန			၈၄၅၅.၀၀၂									၈၄၅၅.၀၀၂
၃၅	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး	ဌာန			၄၀.၄၆၀									၄၀.၄၆၀
၃၆	သိပ္ပံနှင့်နည်းပညာ	ဌာန			၁၈၉၄.၇၀၂			၅.၀၀၀	၁၀၄.၆၃၄					၂၀၀၄.၃၃၆
၃၇	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း	ဌာန			၃၇၁၀၂.၉၆၃									၃၇၁၀၂.၉၆၃
၃၈	ပင်စင်လစာငွေများနှင့်ဆုငွေများ	ဌာန			၀.၅၄၇									၀.၅၄၇
၃၉	ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ	ဌာန												
	ပေါင်း		၄၈၉၀၅၈၀.၉၄၃	၅၃၃၀၅၉.၄၆၃	၄၆၅၅၅၉.၇၈၆	၅၂၉၅၆.၉၈၃		၁၃၀၂၁၀.၁၈၅	၁၈၅၇၈၃.၉၈၂	၇၄၅၈.၅၂၀	၆၉၇၀၁၂.၂၅၄	၁၈၃၂.၂၃၁		၆၉၆၅၃၇၄.၅၄၇

ပြည်ထောင်စုဝန်ကြီးဌာနများနှင့်ဦးစီးဌာနများ

ဇယား(၄)
(ကျပ်သန်းပေါင်း)

အမှတ်စဉ်	အကြောင်းအရာ	တာဝန်ခံသူ	သုံးငွေများ: သာမန်သုံးငွေ	အတိုးပေးငွေ	ထောက်ပံ့ငွေ	ငွေလုံးငွေရင်းသုံးငွေ	ကြွေးမြီ: ထုတ်ချေးငွေ	ကြွေးမြီ: ချေးယူရငွေအတွက်ပေးဆပ်ငွေ	အဖွဲ့အစည်းများတွင်ရင်းနှီးငွေ	စုဆောင်းငွေ	စုစုပေါင်း
၁	၂	၃	၄	၅	၆	၇	၈	၉	၁၀	၁၁	၁၂
၁	ပြည်ထဲရေး	နိုင်ငံတော်သမ္မတ သို့မဟုတ် နိုင်ငံတော်သမ္မတက တာဝန်ပေးသူ	၂၀၃၄၀၆.၇၂၈	၃.၂၇၄	၅၅.၅၈၂	၁၀၄၂၉၃.၁၈၂		၃၆.၂၈၂			၃၀၇၇၉၅.၀၄၈
၂	ကာကွယ်ရေး	ဌာန	၁၁၅၀၄၄၉.၀၈၈	၂၉.၅၄၅		၁၂၁၅၁၂၈.၃၆၀		၂၀၆.၂၃၃			၂၃၆၅၀၀၃.၂၁၈
၃	နယ်စပ်ရေးရာ	ဌာန	၁၅၂၉၉.၆၆၁	၁၄.၆၀၁	၁၆၀၂၃.၂၈၂	၈၈၁၄၄.၈၃၇		၂၁၄.၅၄၆			၁၁၉၇၀၆.၁၀၇
၄	နိုင်ငံခြားရေး	ဌာန	၄၁၉၂၀.၁၉၂		၄၃၉၀.၁၂၀	၂၄၁၀၆.၅၆၀					၇၀၄၁၇.၈၇၂
၅	ပြန်ကြားရေး	ဌာန	၂၄၁၉၆.၃၆၀			၃၁၆၂၄.၁၅၉					၅၅၈၂၀.၅၁၉
၆	သမ္မတရုံး	ဌာန									
၇	သာသနာရေး	ဌာန	၇၁၇၈.၁၈၄		၄၀၅၁.၆၇၃	၁၆၄၃.၂၂၇					၁၂၈၇၃.၀၈၄
၈	သမဝါယမ	ဌာန	၂၈၄၂.၇၂၁	၁၃၂၈.၇၅၀	၃၂၅၃.၆၀၀	၃၆၀၄.၃၇၈	၁၉၀၀၀.၀၀၀				၆၄၁၂၉.၄၄၉
၉	လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း	ဌာန	၂၀၂၁၉၉.၅၆၅	၂၃၇၀.၆၃၂	၈၂.၈၈၄	၂၆၉၆၈၈.၁၈၉		၉၃၄၂.၅၃၃			၄၈၃၆၈၃.၈၀၃
၁၀	မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး	ဌာန	၃၂၄၀၈.၅၂၃	၄၃.၄၉၃	၇၃၇၆၆.၀၄၉	၃၃၆၇၁၀.၅၀၄		၆၂၀.၂၄၀			၄၄၃၅၄၉.၈၀၉
၁၁	ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာ	ဌာန	၄၈၄.၂၈၀	၂၂.၀၅၀	၁၅၃.၉၆၁	၅၈၇၀.၃၀၃					၆၅၃၀.၅၉၄
၁၂	ပို့ဆောင်ရေး	ဌာန	၁၃၅၂၀.၅၉၁	၁၂၄၅၀.၀၇၃	၁၄၄.၆၀၅	၇၁၀၈၃.၆၀၇		၇၅၃.၁၅၄			၉၈၀၅၂.၄၄၀
၁၃	ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ	ဌာန	၁၂၈၇၂.၄၃၉		၃၀၆.၁၉၀	၃၅၉၀.၀၆၀					၁၆၇၆၈.၆၈၉
၁၄	လျှပ်စစ်စွမ်းအား	ဌာန	၁၅၁၇၉.၂၃၇	၄၇၂၅.၃၁၃		၉၄၁၆၉.၉၂၇	၅၄၆၈.၄၈၁	၁၁၄၆.၄၃၃			၁၂၀၆၈၉.၄၃၁
၁၅	လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား	ဌာန	၁၃၅၆၂.၁၀၈			၃၀၆၄.၄၂၇					၁၆၆၂၆.၅၃၅
၁၆	စွမ်းအင်	ဌာန	၅၁၁.၈၀၃			၈၅.၄၉၅					၅၉၇.၂၉၈
၁၇	စက်မှု	ဌာန	၅၀၀၉.၆၈၆			၅၆၅၅.၂၀၃					၁၀၆၇၄.၈၉၉
၁၈	စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး	ဌာန	၁၁၅၉၂.၃၇၂	၃.၀၀၄	၈၀.၂၉၁	၃၃၉၂.၁၇၉			၁၈၃၈.၃၅၀		၁၆၉၀၆.၁၉၆
၁၉	အားကစား	ဌာန	၁၀၁၉၈.၇၄၇		၂၂၉.၀၆၀	၁၄၆၃၃.၈၇၅					၂၅၀၆၁.၆၈၂
၂၀	ပညာရေး	ဌာန	၈၇၃၇၆၅.၁၃၃	၇၃.၅၀၁	၈၃.၁၇၅	၂၆၈၅၈၁.၆၄၇					၁၁၄၂၅၀၃.၄၇၆
၂၁	ကျန်းမာရေး	ဌာန	၃၈၁၁၇၈.၂၆၇		၁၀၉၉.၃၉၂	၂၇၀၄၆၆.၉၃၀					၆၅၂၇၄၄.၅၈၉
၂၂	သတ္တုတွင်း	ဌာန	၂၅၀၈.၁၁၉			၁၆၇.၁၉၀					၂၆၈၅.၃၀၉
၂၃	ယဉ်ကျေးမှု	ဌာန	၆၀၇၆.၀၄၃		၀.၉၀၀	၁၅၆၆၇.၀၈၀					၂၁၈၄၄.၀၂၃
၂၄	ဘဏ္ဍာရေး	ဌာန	၁၉၆၁၁.၀၅၁	၈၀၉၅၆၂.၁၅၁	၁၀၄၈၃၄.၈၀၁	၁၁၀၂၆.၀၄၅		၆၀၃၃၇.၁၇၅	၂၁၁၉၆.၃၉၀	၀.၃၀၅	၁၀၃၆၅၆၇.၉၁၈
၂၅	အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု	ဌာန	၁၄၆၀၇.၀၄၇	၁၁.၀၂၅	၁၀၉.၄၅၆	၁၀၁၆၄.၉၈၉					၂၄၉၀၂.၅၁၇
၂၆	ဆောက်လုပ်ရေး	ဌာန	၈၇၄၄၂.၂၈၂	၁၀၁.၃၂၁	၉.၈၀၀	၇၄၆၃၀၀.၃၅၃			၂၀၀၀.၀၀၀		၈၃၅၈၅၃.၇၅၆
၂၇	အလုပ်သမား၊ အလုပ်အကိုင်နှင့်လူမှုဖူလုံရေး	ဌာန	၉၁၆၁.၄၆၉		၄၆.၈၄၈	၂၀၈၂.၂၄၈					၁၁၂၉၀.၅၆၅
၂၈	ရထားပို့ဆောင်ရေး	ဌာန	၆၆၁၈.၁၁၆			၁၁၃၂.၆၆၀					၇၉၇၀.၇၇၆
၂၉	လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး	ဌာန	၇၆၀၀.၃၈၈		၁၇၆၅.၀၄၅	၅၅၀၂.၁၄၁					၁၄၈၆၇.၅၇၉
၃၀	သိပ္ပံနှင့်နည်းပညာ	ဌာန	၄၅၁၇၀.၂၁၈		၉၀.၈၁၈	၆၈၁၀၄.၁၇၇					၁၁၃၃၆၅.၁၇၃
၃၁	ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း	ဌာန	၃၀၇၂.၁၆၇		၁၁၅.၉၈၀	၂၆၅.၇၄၄					၃၄၅၃.၉၀၁
၃၂	ပင်စင်လစာငွေများနှင့်ဆုငွေများ	ဌာန	၄၁၂၉၄၃.၆၀၇								၄၁၂၉၄၃.၆၀၇
၃၃	ဆုငွေများနှင့်တစ်လုံးတည်းပင်စင်ငွေများ	ဌာန	၃၆၅၀၀.၅၀၀								၃၆၅၀၀.၅၀၀

ဆက်လက်ဖော်ပြပါမည်

သတင်းဆောင်းပါး

ရောင်ရမ်းနာကျင်နာမှုများအတွက် ကူညီထောက်ပံ့ပေးမည့် အစာလည်းဆေး ကျန်းမာရေးဓာတ်စာများ

ဇင်ဇင်မင်းလွင်

ချယ်ရီသီး၊ ဘယ်ရီသီး၊ သံလွင်ဆီ၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ချင်း၊ နနွင်း၊ ခရမ်းချဉ်သီး၊ သကြားမုန်လာ၊ ငရုတ်သီး၊ အဆီနည်းသည့် နို့ထွက်ပစ္စည်းများ၊ပဲပုပ်၊ အခွံမာသီးများ၊ အစိမ်းရင့်ရောင်အသီးအရွက်များ၊ အဆီဓာတ်ကြွယ်ဝသော ငါးများ၊ ဂျုံစပါး အစရှိသည့် သီးနှံများသည် ခန္ဓာကိုယ်အတွင်းအပြင် ဖြစ်ပွားသော ရောင်ရမ်းနာကျင်မှု ဝေဒနာများကို သက်သာစေနိုင်ကြောင်း လေ့လာမှုများအရ သိရသည်။

ချယ်ရီသီး

ချဉ်သောအရသာရှိသည့် ချယ်ရီသီးတွင် အချိုဓာတ်များသော ချယ်ရီသီးထက် နာကျင်မှုသက်သာစေမည့်ဓာတ်များ မြင့်မားစွာပါဝင်နေကြောင်းကို ဓာတ်ခွဲစမ်းသပ်ချက်များအရ သိရသည်။ ချယ်ရီသီးဖျော်ရည် တစ်နေ့တစ်ခွက်သောက်ရန် ပညာရှင်များက တိုက်တွန်းထားပြီး ၎င်းသည် ရောင်ရမ်းနာကျင်မှုကို ၅၀ ရာခိုင်နှုန်းအထိ သက်သာလျော့ပါးစေနိုင်သည်ဟု ဆိုသည်။

ဘယ်ရီသီး

လေ့လာမှုများအရ ရက်စဘယ်ရီသီးအဆီသည် အဆစ်ရောင်ရောဂါကို ကာကွယ်တားဆီးပေးနိုင်ပြီး ဘလူး ဘယ်ရီသီးသည် အူအတွင်း၌ ဖြစ်ပွားသော ရောင်ရမ်းနာနှင့် ပြည်တည်နာများကို သက်သာစေနိုင်ကြောင်း သိရသည်။ အမျိုးသမီးများ အနေဖြင့် စတော်ဘယ်ရီသီးကို ပိုမိုစားသုံးပေးသင့်ပြီး ၎င်းက သွေးအတွင်းရှိ CPR Level ကို လျှော့ချပေးနိုင်သည်ဟု ပညာရှင်များက ဆိုသည်။

ပဲနို့နှင့်တိုဟူးတို့သည် ပုံမှန်ကျန်းမာရေးအတွက် စားသုံးသင့်သော ဓာတ်စာများ

သံလွင်ဆီ

သံလွင်ဆီပေါများစွာ အသုံးပြု၍ ချက်ပြုတ်ထားသော မြေထဲပင်လယ် အစားအစာများသည် ကျန်းမာရေးအတွက် အထူးသင့်လျော်ပြီး ၎င်းက မရေတွက်နိုင်သော ကျန်းမာရေး အကျိုးကျေးဇူးများကို ပေးစွမ်းနိုင်ကြောင်းစမ်းသပ်ချက်များအရ သိရသည်။ အပင်များမှ ရရှိသော အဆီသည်လည်း သံလွင်ဆီကဲ့သို့ပင် ရောင်ရမ်းနာကျင်မှုများကို တိုက်ဖျက်ပေးနိုင်ကြောင်း တွေ့ရသည်။ သံလွင်ဆီသည် နာကျင်မှုကိုလျော့ပါးသက်သာစေသော ဆေးဝါးတစ်မျိုးပင်ဖြစ်သည်။

ကြက်သွန်ဖြူ/နီ

ကြက်သွန်ဖြူကဲ့သို့ အနံ့အရသာပြင်းသည့် အစားအစာများတွင် ရောဂါပိုးခုခံနိုင်စွမ်းမြင့်မားစွာ ပါဝင်နေလေ့ရှိသည်။ ဓာတ်ခွဲစမ်းသပ်ချက်များအရ ၎င်းတွင်ပါဝင်သည့် ဓာတ်ပစ္စည်းများက ရောင်ရမ်းနာကျင်မှုဖြစ်စေသည့် လမ်းကြောင်းများကို ပိတ်ဆို့တားဆီးပေးကြောင်း သိရသည်။

ကြက်သွန်နီတွင်လည်း အလားတူဓာတ်ပစ္စည်းများ ပါဝင်၍ နာကျင်မှုသက်သာစေသည့်အပြင် ဖရီးရယ်ဒီကယ်တွေကို တိုက်ဖျက်သော အောက်စစ်ထုတ်လုပ်မှုကိုလည်း ဖြိုခွဲပေးကြောင်း တွေ့ရှိရသည်။

ချင်းနှင့်နနွင်း

အာရှနှင့် အိန္ဒိယသားတို့၏ ဟင်းခတ်အမွှေးကြိုင်ဖြစ်သော ချင်းနှင့်နနွင်းတွင် ရောင်ရမ်းနာကျင်မှုများကို ပြေပျောက်စေနိုင်သော ဓာတ်ပစ္စည်းများ ပါဝင်နေကြောင်းကို လေ့လာမှုတွေအရ သိရှိရသည်။ နနွင်းတွင်ပါဝင်သော ဓာတ်ပစ္စည်းတစ်မျိုးက ဟင်းများကို အဝါရောင်ဖြစ်စေနိုင်သကဲ့သို့ ရောဂါပြီးသော ခန္ဓာကိုယ်ဖြစ်အောင် ကူညီပေးကြောင်း တွေ့ရသည်။

ချင်းတွင်လည်း အလားတူဓာတ်ပစ္စည်းများ ပါဝင်ခြင်းကြောင့် ရောင်ရမ်းနာကျင်မှု ဝေဒနာများကို လျော့ပါးသက်သာအောင် စွမ်းဆောင်ပေးပြီး ရောဂါအခြေအနေကိုလည်း ပိုမိုတိုးတက်ကောင်းမွန်လာစေသည်ဟု လေ့လာသူများက ဆိုသည်။

သကြားမုန်လာ

တောက်ပသော အနီရောင်ရှိသည့် သကြားမုန်လာတွင် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိများ များစွာ ပါဝင်နေပြီး အမျှင်ဓာတ်၊ ဗီတာမင်စီနှင့် သဘာဝအရောင်ဓာတ်ပစ္စည်းများ ပါဝင်နေကြောင်း သိရသည်။ ၎င်းသည် ရောင်ရမ်းနာကျင်မှုကို လျှော့ချပေးနိုင်သည့်အပြင် ကင်ဆာနှင့် နှလုံးရောဂါများ မဖြစ်ပွားအောင်လည်း ကာကွယ်ပေးကြောင်း သိရသည်။

ခရမ်းချဉ်သီး

ခရမ်းချဉ်သီးသည်လည်း အခြားသီးနှံများကဲ့သို့ပင် နာကျင်မှုလျော့ပါးအောင်ကူညီပေးနိုင်ပါသည်။ အထူးသဖြင့် အနီရောင်ခရမ်းချဉ်သီးတွင် လိုက်ကိုပင်ခေါ် အောက်ဂဲနစ်ဒြပ်ပေါင်းတစ်မျိုး ကြွယ်ဝစွာ ပါဝင်နေခြင်းကြောင့်အဆုတ်ထဲတွင်ဖြစ်ပွားသော ရောင်ရမ်းနာကျင်မှုကို လျှော့ချပေးကြောင်း သိရသည်။

၎င်းကိုအစိမ်းစားခြင်း၊ ချက်ပြုတ်စားသောက်ခြင်း၊ ခရမ်းချဉ်သီးအချဉ်ရည် ပြုလုပ်စားသုံးခြင်း၊ ဖျော်ရည်လုပ်သောက်ခြင်း စသည်ဖြင့် အမျိုးမျိုးစားသုံးနိုင်ပြီး ထိုသို့စားသုံးခြင်းကြောင့် ကျန်းမာရေးအကျိုးကျေးဇူးများ လျော့ပါးမသွားနိုင်ဟု ဆိုသည်။

ငရုပ်သီး

ငရုပ်သီးတွင် အင်တီအောက်ဆီးဒင့် ပမာဏမြောက်များစွာ ပါဝင်ပြီး ကဆီဓာတ်ကို လျှော့ချပေးနိုင်သည်ဟု သိရသည်။၎င်းတွင်ပါဝင်သော ဓာတ်ပစ္စည်းတစ်မျိုးက နာကျင်မှုနှင့် ရောင်ရမ်းမှုများကို လျော့ပါးသက်သာအောင် ပြုလုပ်ပေးနိုင်သည်ဟု ဆိုသည်။

အဆီနည်းသည့် နို့ထွက်ပစ္စည်းများ

အဆီထုတ်ထားသော နွားနို့နှင့် အခြားအဆီနည်းသည့် နို့ထွက်ပစ္စည်းများသည်ခန္ဓာကိုယ်တွင် အဓိကလိုအပ်သော အာဟာရဓာတ်များကို ဖြည့်ဆည်းပေးနိုင်သည့် အရေးကြီးသော အာဟာရအရင်းအမြစ်များပင်ဖြစ်သည်။ ဒိန်ချဉ်နှင့် မလိုင်ထုတ်ထားသော နွားနို့တွင် ကယ်လ်ဆီယမ်နှင့် ဗီတာမင်ဒီပါဝင်ပြီး အရိုးများကိုသန်မာစေခြင်း၊ ကင်ဆာနှင့် အခြားရောဂါဖြစ်ပွားမှုကို လျှော့ချပေးခြင်းတို့အပြင် အူတွင်းရောင်ရမ်းနာကျင်မှုကိုလည်း သက်သာပျောက်ကင်းစေနိုင်ကြောင်း သိရသည်။

ပဲပုပ်/ပဲပိစပ်

ပဲပိစပ်ထုတ်ကုန်များတွင် ပါဝင်သော ဒြပ်ပေါင်းတစ်မျိုးသည် အမျိုးသမီးများ၏ သွေးတွင်းရှိ CPR အဆင့်ကို လျော့ကျစေပြီး အရိုးနှင့် နှလုံးတို့တွင် ဖြစ်ပွားသော ရောင်ရမ်းနာကျင်မှုများကို လျှော့ချနိုင်ဖို့ ကူညီပေးကြောင်းသိရသည်။ ပဲနို့နှင့် တိုဟူးတို့သည်လည်း ပုံမှန်ကျန်းမာရေးအတွက် စားသုံးသင့်သော ဓာတ်စာများဖြစ်ပြီး အကျိုးရလဒ်များကို ပေးစွမ်းနိုင်ကြောင်း လေ့လာမှုများအရ သိရသည်။

အခွံမာသီးများ

အခွံမာသီးများတွင်ရောင်ရမ်းမှုများကိုတိုက်ဖျက်ပေးနိုင်သောဓာတ်ပစ္စည်းများနှင့် ဓာတ်တိုးဆန့်ကျင်ဂုဏ်သတ္တိများ ပါဝင်နေခြင်းကြောင့် နာကျင်မှုများကို သက်သာစေပြီး ရောင်ရမ်းမှုကြောင့် ဖြစ်ပွားသော ပျက်စီးထိခိုက်မှုများကို ပြန်လည်ပြုပြင်ပေးကြောင်း တွေ့ရှိရသည်။ လေ့လာမှုများအရ အခွံမာသီးပုံမှန်စားသုံးခြင်းဖြင့် ခြောက်ပတ်အတွင်း ရောင်ရမ်းနာကျင်ခြင်းမှ သက်သာလာသည်ကို တွေ့နိုင်ကြောင်း သိရသည်။

အစိမ်းရင့်ရောင်အသီးအရွက်များ

လေ့လာမှုများအရ ဗီတာမင်အီးသည် ရောင်ရမ်းမှုအကြို မော်လီကျူးရန်မှ ကာကွယ်ပေးရာတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း သိရသည်။ ဗီတာမင်အီးကို ဟင်းနုနယ်၊ ဘရိုကိုလီနှင့် အခြားအစိမ်းရင့်ရောင် အသီးအရွက်များတွင်တွေ့နိုင်ပြီး ကယ်လ်ဆီယမ် သံဓာတ်စသော ဗီတာမင်နှင့် သတ္တုဓာတ်များမြင့်မားစွာ ပါဝင်နေသည့်အပြင် ရောဂါတိုက်ဖျက်နိုင်သော ဓာတ်များလည်း ပါဝင်ကြောင်း သိရသည်။ အရောင်ရင့်သော အသီးအရွက်များသည် အရောင်ဖျော့သော ဟင်းသီးဟင်းရွက်များထက် ပိုမိုအာနိသင်ပြည့်ဝသည်ဟု လေ့လာသူများက ဆိုသည်။

ကောက်ပဲသီးနှံများ

ဂျုံစပါးအစရှိသော ကောက်ပဲသီးနှံများသည် အမျှင်ဓာတ်များပြားပြီး စီ-ရီယဲ့တစ် ပရိုတင်းကို လျှော့ချပေးနိုင်ခြင်းကြောင့် သွေးကြောများတွင် ဖြစ်ပွားသော ရောင်ရမ်းမှုကို သက်သာစေကြောင်း တွေ့ရသည်။ ထို့ပြင် ကောက်ပဲသီးနှံများတွင် ပါဝင်သော အာဟာရဓာတ်များက လူ့ခန္ဓာကိုယ်ကို များစွာကျန်းမာစေနိုင်သည်ဟု လေ့လာမှုများအရ သိရသည်။

အဆီဓာတ်ကြွယ်ဝသောငါးများ

ဆဲမွန်၊ မဲ့ကရဲလ်၊ တူနာ၊ ဆာဒင်း အစရှိသော ငါးသေတ္တာပြုလုပ်ရာတွင် အသုံးပြုသောပင်လယ်ငါးများတွင် အိုမီဂါ-၃ဖက်တီးအက်စစ် မြင့်မားစွာ ပါဝင်ပြီး ၎င်းကရောင်ရမ်းမှုကို လျော့ကျအောင်ကူညီပေးကြောင်းသိရသည်။ တစ်ပတ်တွင် အကြိမ်တော်တော်များများ ငါးစားသုံးကြရန် ပညာရှင်များက တိုက်တွန်းထားပြီး ၂၀၀၉ ခုနှစ်က ပြုလုပ်သော စမ်းသပ်ချက်များအရ ငါးအစားများသော အမျိုးသားများသည် ငါးစားသုံးမှုအလွန်နည်းသော အမျိုးသားများထက် ၂၅ ရာခိုင်နှုန်းပို၍ နှလုံးရောဂါကို တိုက်ဖျက်နိုင်ကြောင်းသိရသည်။ငါးကို ကင်ခြင်း၊ ချက်ပြုတ်ခြင်း၊ ကြော်ခြင်း၊ ငါးဆားနယ်ပြုလုပ်ခြင်း စသည်ဖြင့်စားသုံးနိုင်ပြီး ကျန်းမာရေးအကျိုးများလာကြောင်း လေ့လာသူများက ဆိုသည်။

ရုံးချုပ်နေရာပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ကြောင်း အသိပေးခြင်း

သဃ်န်းကျွန်းမြို့နယ်၊ မိချောင်းကန်အပိုင်း(၃)ရပ်ကွက်၊ ဝေဇယန္တာလမ်း၊ အမှတ် (၇)တွင် ဖွင့်လှစ်တည်ထောင်ထားသော Myan Shwe Pyi Limited (ရုံးချုပ်)ကို အောက်ဖော်ပြပါလိပ်စာအသစ်သို့ ၂၀၁၄ ခုနှစ် ဧပြီ ၁ရက်မှ စတင်ပြောင်းရွှေ့ဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ရုံးချုပ်နေရာသစ်လိပ်စာ

အမှတ် ၁၀၁၊ အမှတ် (၃)လမ်းမနှင့်ဗေဒါလမ်းထောင့်၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-(၉၅-၁)၆၃၈၅၇၄၊ ၆၃၈၅၇၅၊ ၆၃၈၅၇၆၊ ဖက်စ်-(၉၅-၁) ၆၃၈၃၆၅

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း	ယာဉ်အမှတ် ၃၈/၅၅၉၉၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

စစ်တက္ကသိုလ်အမှတ်စဉ်(၃၉)၊ (၁၆)နှစ်မြောက် ကျောင်းဆင်းနှစ်ပတ်လည်အလှူငွေပေးအပ်ပွဲ၊ ဆရာကန်တော့ပွဲ၊ ညစာစားပွဲအခမ်းအနား ဖိတ်ကြားခြင်း

(အလှူငွေပေးအပ်ပွဲ)	- စမတောင်၊ မဟာပရဟိတလူငယ်ဖွံ့ဖြိုးရေးဥယျာဉ်၊ သာဝတ္ထိမြို့
၅-၄-၂၀၁၄	- နံနက်(၉နာရီမှ ၁၂နာရီအထိ)
(ညစာစားပွဲ)	- မောခမ်းနွံစားသောက်ဆိုင်၊ နေပြည်တော်
၅-၄-၂၀၁၄	- ည(၁၈း၀၀ နာရီမှ ၂၂း၀၀ နာရီထိ)
(ဆရာကန်တော့ပွဲ)	- Peace Land Hotel၊ ပြင်ဦးလွင်မြို့
၆-၄-၂၀၁၄	- မွန်းလွဲ(၁၃း၀၀ နာရီ မှ ၁၄း၀၀ နာရီထိ)
(မိသားစုတွေ့ဆုံပွဲ)	- မြရိပ်ညိုဟိုတယ် မြက်ခင်းပြင်၊ ရန်ကုန်မြို့
၁၂-၄-၂၀၁၄	- ည(၁၈း၀၀ နာရီမှ ၂၂း၀၀ နာရီထိ)

ကျင်းပရေးကော်မတီ

မွေးနေ့ဆုတောင်းလွှာ

တစ်ဦးတည်းသောချစ်သားလေး မောင်ကောင်းဆက်သူ(ခ)FIDO B-Tech: 2 nd Mech: W.Y.T.U (၃၁-၃-၂၀၁၄)ရက် မွေးနေ့မှသည် မွေးနေ့ပေါင်းများစွာကို မိသားစုနှင့် အတူ ပိုင်ဆိုင်နိုင်ပြီး လိုအင်ဆန္ဒများ ပြည့်ဝ၍ ဘဝခရီးလမ်းတစ်လျှောက် သူတော်ကောင်းများနှင့်သာ တွေ့ဆုံပြီး စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် သာယာဖြောင့်ဖြူးစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်-

ချစ်ဘိုးဘိုး-ဦးစိန်
ချစ်ဘွားဘွား-ဒေါ်ခင်တင့်
ချစ်ဒယ်ဒီ-ရဲမှူးမြင့်ကြူ(တာဝန်ခံ)
တပ်ဖွဲ့စုမှူး၊ ကချင်ပြည်နယ်လူကုန်ကူးတားဆီးနှိမ်နင်းရေးအထူးရဲတပ်ဖွဲ့၊
ချစ်မာမီ-ဒေါ်ခင်မီမီစိန် (B.Sc-Maths)

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃/မာန်ပြေ)၊ မြေကွက်အမှတ် (၃၀၇/ခ)၊ မြေကွက်တည်နေရာအမှတ်(၃၀၇/ခ)၊ မာန်ပြေ ၇ လမ်း၊ (၃)ရပ်ကွက်၊ သာကေတမြို့နယ် ဒေါ်တင်လှအမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက်ဒေါ်တင်လှ(မိခင်)နှင့် ဦးရွှန်းတင်(ဖခင်)တို့ ကွယ်လွန်သဖြင့် တစ်ဦးတည်းသောသားဖြစ်သူ ဦးသန်းလွင် ၁၂/သကတ(နိုင်)၀၃၃၃၇၉မှ သေစာရင်း၊ ကျမ်းကျိန်လွှာပြ၍ အပေးစာချုပ်တို့နှင့် အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဘုရားကုန်းအဆင့်(၂)၊ မြေကွက်အမှတ်(၃၅၄)၊ အမည်ပေါက် ဦးအုန်းငွေ၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဦးစိုးမင်းသန်း ၁၂/ဥကမ(နိုင်) ၂၂၁၅၁၆မှ မြေကွက်စလစ်(မူရင်း)၊ ငွေသွင်းချလန်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း)များတင်ပြ၍ မြေချပါမစ်ထုတ်ပေးရန် လျှောက်ထားလာသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍၁၄ရက်အတွင်းအထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ် ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မြေယာရုံးခွဲ(၂)မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

နည်းပညာမိတ်ဆက်

မြန်မာ့ရိုးရာ မဟာသင်္ကြန်ကာလကို ရောက်ရှိလာတော့မှာဖြစ်ပါတယ်။ နွေရာသီတန်ခူးလအတွင်းမှာ နေပူရှိန်ကိုအန်တုရင်း အသုံးတည့်နိုင်မယ့် အီလက်ထရွန်နစ်နဲ့ နည်းပညာကုန်စည်အသစ်တွေကို လက်လှမ်းမီသလောက် စုစည်းမိတ်ဆက်ပေးလိုက်ပါတယ်။

GALAXY S5

ဧပြီ ၁၁ရက်နေ့မှာ တစ်ကမ္ဘာလုံးက ဆမ်ဆောင်းဂလက်ဆီ ချစ်သူတွေအတွက် တစ်ပြိုင်နက်ရောင်းချပေးမယ့် ဂလက်ဆီအက်စ်ဖိုက်ကို မြန်မာပြည်က အားပေးလိုသူတွေက မတ် ၂၁ ရက်မှာ စတင်မှာယူနိုင်ပြီ ဖြစ်ပါတယ်။ ဆမ်ဆောင်းရဲ့ နောက်ဆုံးပေါ်ဂလက်ဆီ စီးရီးစမတ်ဖုန်း အမျိုးအစားဖြစ်ပြီး ဆမ်ဆောင်းသုံးစွဲသူ မြန်မာတို့အတွက် ဧပြီ ၁ ရက်မှနေ ၉ ရက်အတွင်း ကြိုတင်မှာမယ်ဆိုရင် ဂလက်ဆီအက်စ်ဖိုက် တေးဂီတပွဲတော် လက်မှတ်တွေကိုပါ ရရှိနိုင်မှာဖြစ်ပါတယ်။ ဒေါ်လာ ၆၀၀ သတ်မှတ်ထားတဲ့ ဂလက်စီအက်စ်ဖိုက်ကိုဝယ်ဖို့စာရင်းပေးမယ်ဆိုရင် ငွေကျပ်တစ်သိန်းကိုစရန်အဖြစ်နဲ့ ပေးချေထားဖို့ လိုအပ်ပါတယ်။အဆင့်မြင့်ကင်မရာ၊ အမြန်ဆုံးကွန်ရက်နှင့် အဆင့်မြင့် ဖုန်းလုပ်ဆောင်ချက် အသစ်တွေကို ဂလက်ဆီအက်စ်ဖိုက်က ပေးစွမ်းနိုင်ပါလိမ့်မယ်။ ဧပြီ ၁၁ရက်ဆိုရင် စတင်အသုံးပြုဝယ်ယူနိုင်ပြီမို့ သင်္ကြန်မှာ လူစိတ်အဝင်စားဆုံး ဖုန်းပိုင်ရှင်ဖြစ်လာစေမှာပါ။

ဖုန်းထဲမှာ ခွက်စောင်းခုတ်လို့ရတဲ့ သင်္ကြန်ခွက်စောင်း APPLICATION

သင်္ကြန်မှာရေပက်တဲ့အခါ ကလေးတွေအားပါးတရပက်သလို မိုဘိုင်းဖုန်းပေါ်ကနေပြီး ပက်နိုင်ပါတယ်။ မြန်မာဂိမ်းအမျိုးအစားအသစ်စက်စက်ဖြစ်ပြီး အင်တာနက်မှာ တစ်ဦးနဲ့တစ်ဦးလက်တို့ပြီး မျှဝေမှုအများဆုံး သင်္ကြန်ဂိမ်းတစ်ခုဖြစ်ပါတယ်။ ကလေးတွေဆော့ဖို့အတွက် ကစ်ဒ်ဂိမ်းသီးသန့်ပါဝင်လို့ ကလေး၊ လူကြီးမရွေး ဆော့ကစားနိုင်မှာဖြစ်ပါတယ်။ သင်္ကြန်ခွက်စောင်းဂိမ်းကို မိုဘိုင်းဖုန်းပေါ်မှာ ဒေါင်းလုပ်ချကစားနိုင်ပါပြီ။ သင်္ကြန်ကျဖို့ကလည်း နီးကပ်လာပြီဖြစ်လို့ သင်္ကြန်ခွက်စောင်းဂိမ်းနဲ့ ရေပက်လိုသူတွေကhttps:// dabdigs 04.com/ thingyan splash/ မှာ ဒေါင်းလုပ်ဆွဲယူနိုင်ပါတယ်။

Wall Mounted အဲယားကွန်း (Split type CS-25-M115)

ငွေကျပ်နှစ်သိန်း တစ်သောင်းကျော်ဝန်းကျင်ကုန်ကျပြီး နောက်ဆုံးပေါ် Cold Catalyst နည်းပညာကို အသုံးပြုလို့ လေအေးထုတ်လွှတ်မှု နည်းလေးမျိုးနဲ့ အသုံးပြုနိုင်ပါတယ်။ နွေရာသီကို အန်တုကာကွယ်ဖို့အတွက်ကတော့ အသစ်ဝင်ရောက်လာတဲ့ အဲယားကွန်းအမျိုးအစားတွေအထဲမှာ စျေးနှုန်းပစ္စည်းသင့်တယ်လို့ ဆိုကြတယ်။ အဲယားကွန်းတွေ ဘယ်လောက်များများ တိုရှီဘာ အမှတ်တံဆိပ်ကိုသာ တစိုက်မတ်မတ် အားပေးသူတွေအတွက်ကတော့ အကြိုက်တွေ့စေမယ့် တိုရှီဘာ ကွန်ပရက်ဆာကို အသုံးပြုထားတာကို တွေ့ရပါတယ်။

Instant Bello Water Heater (ရေပူရေအေးရေချိုးစက်)

ရေနွေးနဲ့ရေချိုးခြင်းကို မြန်မာလူမျိုးတွေအားလုံး ကြိုက်နှစ်သက်ကြပါတယ်။ ရာသီမရွေး၊ အသက်အရွယ်မရွေး ရေပူရေအေးနဲ့ ရေချိုးစေနိုင်ဖို့ Bello တံဆိပ်နဲ့ ရေပူရေအေးစက်က နောက်ဆုံး ဝင်ရောက်လာခဲ့တာပါ။

နွေရာသီဖြစ်ပေမယ့် ညောင်းညာကိုက်ခဲသူတွေ၊ သင်္ကြန်လည်ပြီး ပြန်လာတဲ့အခါ တစ်နေကုန်ပင်ပန်းသမျှကို ဖြေဖျောက်ပေးနိုင်မယ့် ရေပူရေအေးစက် ဖြစ်တယ်လို့ ရောင်းချသူတွေကတော့ ညွှန်းဆိုပါတယ်။ အချိန်တိုအတွင်း လိုအပ်တဲ့အပူချိန်ကို ထိန်းညှိနိုင်ပြီး အလွယ်တကူ ပိတ်နိုင်သည့်အပြင် ရေပန်းမှကျဆင်းမှု အရှိန်ကိုလည်း ထိန်းညှိနိုင်တဲ့အတွက် လူကြိုက်များပြီး စျေးနှုန်းက နှစ်သိန်းခွဲဝန်းကျင် ဖြစ်ပါတယ်။

PRE Stand Fan PM-TWF-1043i (မတ်တတ်) ပန်ကာ

ပူပြင်းတဲ့နွေရာသီမှာ အပူကိုလျှော့ချပေးမယ့် ပန်ကာကတော့ ဘယ်သူမဆို အလိုရှိကြမှာပါ။ နည်းပညာတွေအသစ်ထွက်လာတိုင်း လိုက်ဝယ်သုံးဖို့ အဆင်မပြေနိုင်ပေမယ့် အလိုအလျောက်ထိန်းချုပ်မှုနဲ့ အေးမြမှုတွေကို ပေးစွမ်းနိုင်မယ့် စတန်းဒ်ဖန် (မတ်တတ်ပန်ကာ)တစ်ခုလောက် လိုအပ်မယ်ဆိုရင် ပီအမ်အမှတ်တံဆိပ်က ငွေကျပ်ခြောက်သောင်းဝန်းကျင်နဲ့ ပေးစွမ်းနိုင်ပါလိမ့်မယ်။ အလိုအလျောက်ထိန်းချုပ်စနစ်အပြင် ၄၃ လက်မ အနေအထားနဲ့ အေးမြမှုအစွမ်းကိုပေးနိုင်ပါတယ်။ အချိန်ထိန်းချုပ်နိုင်ပြီး ကြာရှည်စွာ အသုံးပြုလိုတဲ့သူတွေအတွက်လည်း အပူထိန်းစနစ်ပါလို့ မီးဘေးအန္တရာယ်ကိုလည်း ကာကွယ်ပေးထားပါတယ်။ Luxuray and compact လိုင်းမို့ လူကြိုက်များပါတယ်။

GEAR FIT Samsung

ပထမဆုံးသော စူပါ AMOLED မျက်နှာပြင်ခုံးနဲ့အတူ ကျန်းမာကြံ့ခိုင်ရေး အထောက်အကူပြုကိရိယာများ မယှဉ်သာတဲ့ ဆမ်ဆောင်းရဲ့ Gear Fit နည်းပညာက သက်သောင့်သက်သာရှိမှုနဲ့ သပ်ရပ်မှုတို့ကိုရရှိစေမှာပါ။ တစ်ကမ္ဘာလုံးမှာ ဧပြီ ၁၁ ရက် တစ်ပြိုင်နက် ရောင်းမယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှာ ကြိုတင်မှာယူနိုင်ပြီမို့ မြန်မာနှစ်သစ်ကူးမှာ Gear Fit နဲ့အတူ ကြိုဆိုနိုင်ပါပြီ။ **သွန်းဝသန်**

မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်
မဟာသင်္ကြန်တရားစခန်း

မူလသစ္စာဒီပကဝိပဿနာအဖွဲ့ချုပ်၏ ကျေးဇူးရှင်ဆရာကြီး ဦးကြည်၏ ဥပနိဿယအတိုင်း ဆရာကြီး၏ လက်ရင်းတပည့်များဖြစ်ကြသော ဓမ္မကထိက ဆရာဦးခင်မောင်ရီ၊ ဆရာဦးမောင်အုန်းနှင့် ဆရာဦးသိန်းဆွေ(ရန်ကုန်)တို့က ဓမ္မာနုပဿနာသတိပဋ္ဌာန် တရားတော်များကို ဟောပြောပြသလျက် (၁၁၃)ကြိမ်မြောက် မဟာသင်္ကြန် ခုနစ်ရက်တရားစခန်းကို ၂၀၁၄ ခုနှစ် ဧပြီ ၁၂ ရက်မှ ၁၈ ရက်(၁၃၇၅ခု တန်ခူးလဆန်း၁၃ရက်မှ လပြည့်ကျော် ၄ ရက်)အထိ မြောက်ဒဂုံမြို့နယ်၊ (၁၆)ရပ်ကွက်၊ ကုန်းဘောင်လမ်းရှိ မူလသစ္စာဒီပကဓမ္မာရုံကြီးတွင် ဖွင့်လှစ်ပါမည်။

တရားစခန်းဝင်လိုသူများသည် ၁၁-၄-၂၀၁၄ ရက် ညနေ ၅ နာရီထက် နောက်မကျဘဲ လာရောက်ရပါမည်။ မိမိတို့ရိပ်သာတွင် တရားစခန်းဖွင့်လှစ်မည် ဖြစ်ပါ၍ ကားကြို/ပို့ အစီအစဉ်ရှိပါသည်။ လိုက်ပါမည့်ယောဂီများ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃလမ်း၊ မာဃဓမ္မာရုံရှေ့မှ ညနေ ၄း၃၀ နာရီတွင် ကားစတင်ထွက်ခွာပါမည်။

တရားစခန်းဝင်လိုသူများနှင့် ဆွမ်းနှင့်ရိပ်သာအဆောက်အအုံအတွက် လှူဒါန်းလိုသူများ နာယက ဦးချစ်ရင် ဖုန်း-၀၉-၅၀၅၂၁၁၅၊ နာယက ဦးသန်းစိန် ဖုန်း- ၀၉-၇၃၀၀၀၃၉၃၊ ဓမ္မကထိက ဦးခင်မောင်ရီ ဖုန်း-၀၉-၇၃၀၆၅၆၈၅၊ ဓမ္မကထိက ဦးမောင်အုန်း ဖုန်း-၀၉-၄၂၀၁၆၃၅၁၊ ဓမ္မကထိက ဦးသိန်းဆွေ(ရန်ကုန်) ဖုန်း- ၀၉-၅၀၆၃၁၈၄၊ ဥက္ကဋ္ဌ ဦးမြသောင်း ဖုန်း-၂၉၂၀၅၀၊ ဒုဥက္ကဋ္ဌ ဦးညွန့်လှိုင် ဖုန်း- ၅၄၆၈၃၈၊ ဒုဥက္ကဋ္ဌ ဦးသန်းလွင် ဖုန်း-၅၀၀၁၂၉၊ အတွင်းရေးမှူး ဦးစိန်ဝင်း ဖုန်း- ၀၉-၃၀၁၇၀၂၉၁ နှင့် ဘဏ္ဍာရေးမှူး ဦးစိုးဝင်း ဖုန်း- ၅၆၄၇၄၄ တို့သို့ ဆက်သွယ်စာရင်းပေးလှူဒါန်းနိုင်ပါသည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး
အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

